www.burmeseclassic.com



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

### နိုင်ငံတော်သို့ အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး
- တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေး — ဒို့အရေး
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး — ဒို့အရေး

### ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ပြဋ္ဌာန်းရေး
- ပြဋ္ဌာန်းလာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများအား ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

### လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# ပဥ္စမီဒိုင်း

၏ ထွက်ရှိပြီးစာအုပ်များ

၁။ ဆယ်ရက်အတွင်းယောက္ခမသိမ်းသွင်းနည်း
၂။ တစ္ဆေဆရာအလွဲ
၃။ မတော်တဆ
၄။ ချောင်းသမျှ ကမောက်ကမ
၅။ နတ်ဆိုးကျီစားတဲ့အချစ်
၆။ ကျွန်တော့်ချစ်ခြင်းသစ်ပင်
၇။ ဘယ်တော့မှ အလွမ်းချည်းမဟုတ်
၈။ ဒါမျိုးကြီး စိန်သာဗလ
၉။ ချစ်ဖက်
၁၀။ ကိုယ်တို့ခေတ်ရဲ့ မင်းကုသ
၁၁။ အချုပ်ပို
၁၂။ ဘောလုံးဟင်းခါး
၁၃။ ပေတလူး
၁၄။ ငါတို့ရပ်ကွက်ထဲက မမြစိမ်း
၁၅။ ရှော့ခ်ရှိတယ်
၁၆။ တက္ကသိုလ်လူပျော်
၁၇။ အဲဒီလောက်နဲ့ တက်မလာနဲ့

ယခု - တက္ကသိုလ်လူပျော်လွမ်းချင်း

ဆက်လက်ပြီး...

၁၈။ တက္ကသိုလ်လူပျော်လွမ်းချင်းကထာ
၁၉။ အထာကိုယ်စီ

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် ၅၀၀---

မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၅၀၀---

ပုံနှိပ်ခြင်း ပထမအကြိမ်၊ ၂၀၀၉၊ ဩဂုတ်

ထုတ်ဝေသူ
ဦးစန်းမွန်အောင်(ငါတို့စာပေ)
75(D)၊ ဖိုးစိန်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။

မျက်နှာဖုံးဒီဇိုင်း
အာကာ

မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်သူ
ဒေါ်မေသက်ခိုင်
(ပြည့်စုံပုံနှိပ်တိုက်)
အုပ်ရေ
၅၀၀

တန်ဖိုး ၁၅၀၀ ကျပ်

ထုတ်ဝေသည့် စာအုပ် ကတ်တလောက်အညွှန်း(CIP)

၈၃၅.၈၃

ပဒ္မမံဒီရိုင်း
တက္ကသိုလ်လူပျော်လွှမ်းချင်း/ ပဒ္မမံဒီရိုင်း-ရန်ကုန်။
ငါတို့စာပေ။ ၂၀၀၉။ ၁၅၉ - စာ။

၁၃ စင်တီမီတာ X ၂၀ စင်တီမီတာ

BURMESE CLASSIC .com

# ပဒ္မမံဒီရိုင်း

ဟာသလုံးချင်းဝတ္ထုသစ်

# တက္ကသိုလ်လူပျော်လွှမ်းချင်း

www.burmeseclassic.com

www.burmeseclassic.com

ဤ 'တက္ကသိုလ်လူပျော် လွမ်းချင်း'သည် 'တက္ကသိုလ်လူပျော်' စာအုပ်၏ အဆက်ဟုလည်း ပြော၍ရသလို သီးခြားဖတ်မည်ဆိုပါကလည်း ဖတ်၍ ရပါသည်။

အထူးသဖြင့် ဤစာအုပ်ထဲတွင် ပါဝင်သော တက္ကသိုလ်မှာ ပညာသင်စဉ်ကာလက အဆောင်နေသူငယ်ချင်းများကို လွမ်းဆွတ်တမ်းတလို့ ရေးသည်ဟုဆိုလျှင်လည်း ပြောလို့ရပါသည်။

# တတိယ ပညာသင်နှစ်

www.burmeseclassic.com

www.burmeseclassic.com



မပြောင်းလဲတာတွေကို
ပြောပါဆိုရင်
ကံ့ကော်ပင်တွေက
ပန်းပွင့်တွေ မှန်မှန်ပွင့်ပေးနေတာရယ်
အဲဒီ. . .
ကံ့ကော်ပွင့်တွေ ဝေနေအောင်ပွင့်တဲ့
ကံ့ကော်ပင်အောက်မှာ
ကျောင်းသူတွေက စိတ်ကောက်
သူတို့ချစ်သူ
ကျောင်းသားတွေက ချော့နဲ့
အဲဒါကိုက. . .
ချစ်စရာ ကောင်းမနေဘူးလား။

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

## (၁)

တက္ကသိုလ် အားကစားရုံဘက်ဆီက ဥသြတွန်သံ သည်
အလွမ်းဘက်သို့ နွှယ်နေသလိုပင်။ သစ်ပင်ပေါ်မှာလည်း တစ်ယောက်
တည်း အေးအေးလူလူ လွမ်းနေတာလည်း ဖြစ်နိုင်သည်။

ကျွန်တော်လည်း သထုံဆောင် တတိယထပ်ရှိ ဝရန်တာမှ
မတ်တတ်ရပ်ရင်း ငြိမ်ငြိမ်လေး လွမ်းနေမိသည်။

တတိယနှစ် တက်ရောက်ရမည့် သင်တန်းက စ နေပြီဖြစ်
သော်လည်း ကျွန်တော် အတန်းမတက်ဖြစ်သေးပါ။

ပြီးခဲ့သည့် သင်္ကြန်တုန်းက အလွမ်းဓာတ်ခံက ကျွန်တော့်
နှလုံးသားထဲမှာ ကျန်နေဆဲ။

ဥသြငှက်ကလေးကလည်း လွမ်းကောင်းနေဆဲ။ ကျွန်တော်
ကလည်း ဝရန်တာမှာ လွမ်းကောင်းနေဆဲ...

*'ဂုဏ်... ဂုဏ်... ဂုဏ်... ဂုဏ်ဆိုတာ ငွေကို ခေါ်တယ်
ငွေကိုကွယ် ရေလိုသုံးမယ်'*

'ကျွီ... ကျလိ... ကျလိ...'

www.burmeseclassic.com

www.burmeseclassic.com



သွားပြီ။ နားထဲကို သီချင်းသံအချို့နှင့် တစ်ဆက်တည်း ဆိုသလို ကက်ဆက်တိပ်ခွေ ညပ်သဖြင့် ထွက်ပေါ်လာသော အသံတွေက ကျွန်တော့်နောက်ကျောဘက်မှ ထွက်ပေါ်လာသည်။

ဥသြလေးရေ အနှောင့်အယှက်မရှိဘဲ ကိုယ့်ဘာသာကိုယ် ဆက်လွမ်းပေတော့။

ကျွန်တော့်မှာတော့ ဆက်လွမ်း၍ မရတော့။

'ဟန်း...'

ကျွန်တော့် နောက်ကျောဘက်ကနေ အခန်းတံခါး တွန်းဖွင့်သံ ကြားသဖြင့် ကျွန်တော် လှည့်ကြည့်လိုက်သည်။

ကက်ဆက်ခွေကို ဘော့ပင်ဖြင့် ရစ်နေသော မင်းနိုင်။ သူ့ မျက်နှာက အတော့်ကို ဒေါသထွက်နေပုံဖြစ်လို့နေသည်။

'တော်တော်ဒုက္ခပေးတဲ့ ကက်ဆက်ခွေပဲကွာ၊ အဲဒီနေရာ ရောက်ရင် ဖြစ်ပြီ၊ ငါ့ဘာသာငါ အခန်းတံခါးပိတ်၊ ကက်ဆက်ဖွင့် ရင်း လွမ်းနေတာ တကယ့်နေရာရောက်မှ ဖြစ်ပြီ'

ရုတ်ခြည်းဆိုသလို မင်းနိုင် မျက်နှာက စောစောကလို မဟုတ်တော့။ ရောဂါသည်တစ်ယောက်၏ မျက်နှာမျိုး ညှိုးလျှသွားသည်။

'ရဲကျော်... ဒီဝရန်တာမှာ ထိုင်ရအောင်၊ ငါ့အလွမ်းခံစား ချက်တွေ မင်းကို ဖွင့်အံပါရစေကွာ၊ ငါ မင်းကို မြကျွန်းသာမှာ လက်ဖက်ရည်တိုက်မယ်'

ဖြစ်တတ်ပါသည်။ မည်သူမျှမရှိဘူးအထင်နှင့် ကိုယ့်ဘာသာ ကိုယ် လွမ်းရမလား မှတ်ပါသည်။



ကိုယ်လို အခန်းတံခါးပိတ် ကက်ဆက်ဖွင့်ပြီး လွမ်းနေသူက ရှိနေသည့်အပြင် သူ့အလွမ်းကို ပြောချင်လွန်းအားကြီးပြီး လတ်ဖက် ရည်တောင် တိုက်ဦးမည်တဲ့။

'ပြောကွာ... လက်ဖက်ရည်ရော မုန့်ရောဆိုတော့ မင်းရဲ့ အလွမ်းဟာ ငါ့အဖို့ ပိုအရသာရှိမှာ'

'စိတ်ချ ရဲကျော်၊ ဆေးလိပ်တောင် ပါစေရမယ်'

ဝရန်တာကို ကျွန်တော်နှင့် မင်းနိုင် ကျောမှီပြီး သမံတလင်း ပေါ် နှစ်ယောက်သား ထိုင်ချလိုက်သည်။

'ဒီလိုကွ... အခုလို တောင်ကုတ်ကနေ ရန်ကုန်တက္ကသိုလ် မှာ ကျောင်းလာတက်ပြီး ဘွဲ့ယူဖို့ကြိုးစားတာ ဘာအတွက်လဲ သိလား'

'သိတာပေါ့၊ ဘွဲ့ရရင် ရတဲ့ပညာနဲ့ မိဘကို လုပ်ကျွေးဖို့ပဲ မဟုတ်လား'

'သွားပါပြီ ရဲကျော်ရာ၊ ငါပြောထာနဲ့တော့ လွဲပါပြီ'

မင်းနိုင် မျက်နှာက အချဉ်ကို စားရသလိုမျိုး ပက်ပက်စက် စက် ရှုံ့တွသွားသည်။

'ဒါဖြင့် ဘာရည်ရွယ်ချက်လဲကွာ'

'ငါ့မှာ သိပ်ချစ်ရတဲ့ ချစ်သူရှိတယ်၊ သူက ငါ့ကို ဘွဲ့ရအောင် ကြိုးစားနိုင်းတယ်၊ ဘွဲ့ရရင် ငါတို့နှစ်ယောက် တစ်အိုးတစ်အိမ် ထူထောင်ပြီး တောင်ကုတ်မှာ စီးပွားရေးလုပ်မယ်ပေါ့ကွာ၊ ဒါနဲ့ ငါ လည်း စာကြိုးစားခဲ့တယ်၊ ဒါပေမဲ့ကွာ...'

မင်းနိုင် စကားက ရှေ့ကိုမဆက်တော့။ စောစောက ရှုံ့တွ နေသော မျက်နှာအနေအထားမှာ တဖြည်းဖြည်း ဆွေးရိပ်သန်းရောင်

www.burmeseclassic.com

www.burmeseclassic.com



သန်းရင်းက ဝမ်းပန်းတနည်း အမှုအရာမျိုး ဖြစ်လို့နေပြန်သည်၊ မျက်ဝန်းမှာ မျက်ရည်တွေ တွဲလွဲခိုလာသလိုမင် တက္ကသိုလ်မှာ ပညာ သင်ဖို့ ငွေကုန်ကြေးကျ ခံနေရသော သူ့မိဘနှစ်ပါးခမျာ သနားစရာ

သည်ကောင့်မျက်နှာ အပြောင်းအလဲ မြန်တာမျိုး ယောကျ်ား လေးထဲမှာ တော်တော့်ကို ရှားသည်။

'မင်းနိုင်… မင်း ရုပ်ရှင်ထဲမှာ သရုပ်ဆောင်ချင်လို့ အရ အရာကျင့်တာတော့ မဟုတ်ဘူးနော်'

မင်းနိုင်က လက်ခါပြရင်းမှ…

'ငါ အားရပါးရ ငိုပါရစေကွာ၊ ပြီးမှ စောစောကအကြောင် ငါ ပြန်ဆက်မယ်၊ ရင်ထဲ ခံစားရတာ မခံနိုင်တော့ဘူး'

ပြသနာကတော့ ရှာပတ်ပါပြီ။ ကျွန်တော့်အလွမ်းတော ဘယ်ဆီရောက်သွားပြီလဲ မသိ။

'ဟီး… ဟီး…'

ကျွန်တော်ဘေးနားမှာ ဝရန်တာကို ကျောမှီပြီး မင်းနိုင ရှိုက်ကြီးတငင် ငိုပါတော့သည်။

ကျွန်တော့်ခမျာ ဘေးဘီကိုကြည့်ပြီးမှ တော်သေးတာပေါ့လို

အဆောင်က ကျောင်းသားတွေ အတန်းသွားတက်ကြသဖြ အဆောင်မှာ လူမရှိ။

မင်းနိုင်က ကက်ဆက်ခွေကို လက်မှာကိုင်ရင်း ငိုလို့ကော တုန်း။

သည်ကောင် ငိုတာ တော်တော်အကြည့်ရဆိုးသည်။

သည်ကောင့်အစား ကောင်မလေး ချောချောလှလှဧ



ဘာ်ယောက် ကိုယ့်ဘေးနား သည်လိုထိုင်ငိုနေလျှင် ကြည့်လို့အတော် ကောင်းမည်။

ပြီးတော့ ထိုကောင်မလေးကို ကျွန်တော်က မငိုနဲ့တော့နော်၊ ိတ်… တိတ်… ဘာညာဆိုပြီး ချော့လျှင် တော်တော်ကမျှာဆန် ြ လွတ်ကိုလှမှာ အမှန်။ ခုတော့…

'ဟီး… ဟီး… ဝါး…'

အခြေအနေက အတော်ဆိုးပြီ။ မင်းနိုင် ငိုတာ ကိစ္စမရှိ၊ အဆောင်မှူးက တစ်ခုခုဖြစ်တယ်ထင်ပြီး ရောက်လာလျှင် ရှင်းပြရ ဘာ ပိုရှုပ်တော့မည်။

'မင်းနိုင်… တိတ်တော့၊ တိတ်… တိတ်… မျက်ရည်ဆိုတာ ဘားချက်ကြောင့် ကျရတယ်ဆိုပေမယ့် ငိုတိုင်း မကောင်းဘူး၊ အထူး ည ခြင့် အချစ်ကြောင့်ဆို ပိုလို့မကောင်းတယ်'

'ဟော… ဟုတ်လား၊ ဒါဆို ငါ မငိုတော့ဘူး'

ကြည့်၊ သည်ကောင် ရုပ်ရှင်သရုပ်ဆောင်လုပ်ဖို့ကောင်းသည် ဘာ ဒါကိုပြောတာ။

ကျွန်တော်လည်း ပြောရော တစ်ခါတည်း ငိုတာရပ်သွား ည်။

မှားသည်က ကျွန်တော်။ လက်ဖက်ရည်နှင့် မုန့်စားရဖို့အရေး ည်ကောင့်စကား နားထောင်မိတာ ကျွန်တော့်အမှား။

'ငါ့ရဲ့ စောစောက စကားကို ပြန်ဆက်ရရင် ငါ ဒီနှစ် ေးပွဲပြီးလို့ ဘောင်ကုတ်ပြန်ရောက်တော့ ငါချစ်သူရဲ့အမေက မြို့ ဆံရှိတဲ့သူနဲ့ ငါ့ချစ်သူကို ပေးစားလိုက်တယ်ကွာ၊ ငါတို့က ငွေမရှိ

www.burmeseclassic.com

www.burmeseclassic.com



လို့ ဂုဏ်မရှိဘူးတဲ့၊ ဟိုက ဆွေဂုဏ်မျိုးဂုဏ် ရှိတယ်တဲ့၊ ငွေလည်း ချမ်းသာတယ်တဲ့၊ ဒါနဲ့ ငါလည်း ဒီဂုဏ်သီချင်းကိုဖွင့်ပြီး လွမ်းနေတာ၊ ချစ်သူကို သတိရတိုင်း ဒါလေးနဲ့ လွမ်းနေရတာ၊ ဒီ ကက်ဆက်ခွေ ညစ်လို့ အလွမ်းတွေပျက်ရတာ'

'ဒါဆို မင်းရဲ့ကောင်မလေးနဲ့ မင်းက တောင်ကုတ်မှာ ပြန် တွေ့တော့ မင်းကို ဘာပြောသလဲ'

မင်းနိုင်က ကက်ဆက်ခွေကို ကြည့်ရင်း…

'ပြောပါတယ်ကွာ၊ ဘဝမှာ မိဘစကား နားထောင်ရတာ တကယ် တန်ဖိုးရှိတယ်တဲ့၊ သူနေချင်တဲ့ဘဝမျိုး သူ့အမေစကား နားထောင်လို့ ရခဲ့ပြီတဲ့'

ချစ်သူကို လွမ်းလို့ ကျရသော စာစောတုန်းက မင်းနိုင် ငိုခဲ့သည့် မျက်ရည်တွေကို ကျွန်တော် သနားမိသွားပါသည်။

'မင်းနိုင်… အဲဒီ ကက်ဆက်ခွေကို မင်း ဖျက်ဆီးပစ်လိုက်၊ မင်းပြောတဲ့စကားမှာကိုက ရှင်းနေတာ၊ မင်းထက်သာတဲ့သူကို တွေ့ လို့ ဟိုက ကျေနပ်နေတဲ့ဟာကို မင်းက တန်ဖိုးရှိရှိ လွမ်းနေသေးတယ်၊ Philosophy ယူပြီး တုံးတဲ့ ငတုံး'

'ဟော… ဟုတ်လား၊ မသိပါဘူးကွာ၊ ငါက ချစ်တဲ့စိတ်နဲ့ ငါ့ချစ်သူကို မြတ်နိုးလွမ်းတာနော၊ မင်းတွေးသလို သေသေချာချာ မတွေးမိဘူး၊ တော်ပြီ… သင်းကို ဘာမှစဉ်းစား လွမ်းစရာမလိုဘူး လာ… လက်ဖက်ရည်ဆိုင် သွားမယ်'

ပြတ်သားချင်တော့လည်း ချက်ချင်းကြီး ပြတ်သားသည့် မင်းနိုင်။



အခန်းထဲကို သွက်သွက်ပြန်ဝင်၊ ပိုက်ဆံယူပြီး သွက်သွက် ပြန်ထွက်လာနှင့်။

လက်ထဲမှာတော့ ကက်ဆက်ခွေကို ကိုင်ထားတုန်း။

'ရဲကျော်… သွားမယ်'

မင်းနိုင်က ကျွန်တော့်ကို ပြောရင်း လက်ထဲက ကက်ဆက် ခွေကိုကြည့်ပြီး…

'သင်းအကြောင်း မစဉ်းစားမှတော့ ဒီကက်ဆက်ခွေစုတ်က ဘာလုပ်ရမှာလဲ၊ သွားကွာ'

မင်းနိုင်က ဝရန်တာရှေ့ကနေ ကက်ဆက်ခွေကို လွှင့်ပစ်လိုက် သည်။

'ဟဲ့… အပေါ်က ဘယ်သူ လက်သရမ်းတာလဲ၊ အဆောင် အောက်က ကွမ်းယာရောင်းနေတာ မသိဘူးလား၊ လက်တွေက ငြိမ် ငြိမ်ကိုမနေဘူး၊ တော်သေးရဲ့… ခေါင်းမှန်တော့မလို့'

အဆောင်အောက်ထပ်မှ မရွှေမိ၏ အော်သံက သုံးထပ်မြောက် ဝရန်တာဆီသို့ ထိုးဖောက်တက်လာပါသည်။

'ကွိုင်ပါပဲကွာ'

'ရပါတယ် မင်းနိုင်ရာ၊ ဘာမှမဖြစ်ဘူး၊ ငါ ပိုင်ပါတယ်'

နှစ်ယောက်သား အဆောင်ရှေ့ရောက် မရွှေမိက ကျွန်တော် နှင့် မင်းနိုင်ကိုကြည့်ပြီး စာစောက လက်ချက် ကျွန်တော်တို့မှန်း သိသွားပြီး သူ့ဝသီအတိုင်း စကားပြော ရန်တွေ့မလို့ အလုပ်။

'ရှူး… လူတွေ သိလိမ့်မယ်'

ကျွန်တော်က လက်ညှိုးနှင့် ပါးစပ်ကိုပိတ်သည့် အမူအရာ

www.burmeseclassic.com

www.burmeseclassic.com



လုပ်ပြီး မြကျွန်းသားသို့ ခင်းနိုင်နှင့် တွေ့တော်လာခဲ့သည်။

ကျွန်တော်တို့နောက်မှာ ကွမ်းယာရောင်းသည့် [illegible] မေတ္တာပို့သကဲ့သို့ ဖျော်လှုပ်နေသည်။

ကြုံမှ ကြုံတတ်သည့် လွမ်းတိတိသုံး နှစ်ဦးရှိသည်ပါ။

ရန်ကုန်တက္ကသိုလ် ဗဟိုစာကြည့်တိုက်ရှေ့တွင် ကျောင်းသား [illegible] စည်ကားနေသည်။ စာကြည့်တိုက်ရှေ့မှာ ဓာတ်ပုံအရိုက်ခံသူတွေကလည်း များမှများ။

ရန်ကုန်တက္ကသိုလ် [illegible] စာကြည့်တိုက်ကြီးအဖို့ တက္ကသိုလ် [illegible] စတူဒီယိုကြီး [illegible] ဖြစ်နေသည်။

အဓိပတိလမ်း [illegible] ကျွန်တော်နှင့် မင်းနိုင် မြကျွန်းသား လက်ဖက်ရည်ဆိုင်ရှိရာသို့ [illegible] လာ [illegible] စာကြည့်တိုက်ရှေ့ [illegible] သို့ လာကြည့် [illegible] ချိန်း [illegible]

[illegible] ကျွန်တော်တို့ [illegible] ကောင်မလေးသာ [illegible] အောင် စိုးမိုးတစ်ယောက် အင်းလျားဆောင် [illegible] ကောင်မလေးနှင့် ထိုင်နေ [illegible]



'ရဲ့ကျော်... ဒီကောင့်ကြည့်ရတာ သူ့ကောင်မလေးနဲ့ ဘာဖြစ်နေလဲ မသိဘူး၊ ကောင်မလေးမျက်နှာ ကြည့်စမ်း

သည်နေရာမျိုးကျတော့ ကိုယ့်ထမင်းကိုယ်စားပေမယ့် မင်းနိုင်ဟာ ကျွန်တော်ပါ စပ်စုတာ ဝါသနာပါသည်။

ဟုတ်ပါရဲ့။ အောင်စိုးမိုး၏ ကောင်မလေးခမျာ နဂိုက သိပ်လှချင်ရသည့်အထဲ မျက်နှာကို ရှစ်ခေါက်ချိုး နှုတ်ခမ်းကို စူပုပ်ထားသဖြင့် တော်တော်လေး အကြည့်ရဆိုးနေသည်။

အောင်စိုးမိုးကလည်း ခေသူတော့ မဟုတ်။ ညာဘက်လက် နဲ့ ကြာဇေ့ထုပ်ကို ကိုင်၊ ဘယ်ဘက်လက်က ဆီးထုပ်ကိုကိုင်ရင်း ကောင်မလေးကို ဟိုဟာ စားမလား၊ ဒီဟာ စားမလားနှင့် အတင်း ကျွေးနေသည်။

ကောင်မလေးကလည်း မှိန်းမတို့မာယာ သဲကိုးဖြာဆိုသည့် အတိုင်း အဟောင်း 'ပ' ပေးရင်း ဘူးဟာစ်လွဲဆောင် အိုအောင်မဆွင်းရဲ့ဘူးသည့် ကဲ့ကျားပုံလို ခေါင်းကိုသာ ကွင်တွင်ခါရင်း နှုတ်ခမ်းက [illegible] နေသည်။

မင်းနိုင်ကို ကျွန်တော် မျက်စပစ်ပြရင်း သည်အတွဲကို နည်း [illegible] သိကအောက်ဖြစ်အောင် လုပ်ရမည်လို့။

အောင်စိုးမိုး

ဟေ့...

ကျွန်တော်က စာကြည့်တိုက်ရှေ့ ခုံတန်းရှည်ဘေးက အဓိပတိ [illegible] ကောင်းမှ [illegible] အော်လိုက်သည်။ အောင်စိုးမိုးက [illegible] သူ့နာမည်ကို ခေါ်သဖြင့် ပြန်လှည့်ရင်း [illegible] သူ့ရှေ

www.burmeseclassic.com



သူ့ကောင်မလေးရော ကျွန်တော်နှင့် မင်းနိုင်အား ပြိုင်တူလှည့်ကြည့်သည်။

'အောင်စိုးမိုးရေ… မင်း အခု မင်းကောင်မလေး စိတ်ကောက်ပြီး ဘာမှမစားချင်တာကို မုန့်အတင်းကျွေးသလိုမျိုး မင်းရဲ့ အဖေနဲ့ အမေကို စေတနာပါပါနဲ့ ကျွေးရင် ဘယ်လောက် ကုသိုလ်ရမလဲကွာ'

'ရဲကျော်… မင်းကွာ၊ ဒီမှာ စိတ်ကောက်လို့ ချော့နေရတဲ့ အထဲ… ငါ…'

ကျွန်တော့်စကားအဆုံး အောင်စိုးမိုးက ဒေါသတကြီးဖြင့် ပြောရင်းက ထိုင်ရာကထ သူ့ကောင်မလေးက ရယ်လို့နေပါသည်။ တော်တော်က မျက်နှာအမူအရာနှင့် တခြားစီ။

'ဟေ့ကောင်… ငါ့ကို ဒေါသမဖြစ်နဲ့၊ ဟိုမှာ စိတ်ဆိုးပြေသွားပြီ၊ ဆက်ချော့… တို့ လစ်ပြီ'

မင်းနိုင်ကိုအချက်ပေးရင်း ကျွန်တော်နှင့်မင်းနိုင်တို့ မြကျွန်းသာ လက်ဖက်ရည်ဆိုင်သို့ အလျင်အမြန် လစ်ထွက်လာခဲ့သည်။

သေချာပါသည်။ အောင်စိုးမိုးနှင့် သူ့ကောင်မလေးတို့ ကျွန်တော်တို့ လက်ဖက်ရည်သောက်လို့ မပြီးခင်မှာပင် အီစီကလီလုပ်ရင်း အဆင်ပြေကြမည် ဆိုတာ။

သည်လို စိတ်ကောက်နေတဲ့ ချစ်သူတွေကို မထင်မှတ်ဘဲ ပြေလည်အောင် လုပ်ပေးလို့ ပြေလည်သွားတာကိုက ကုသိုလ်မရရင်တောင်မှ အကုသိုလ်တော့ မဖြစ်မှာ သေချာပါသည်။

❦ ❦ ❦

ချစ်တတ်တဲ့ နှလုံးသားကို

မြေကြီးပေါ် ပစ်မချပါနဲ့။

www.burmeseclassic.com

www.burmeseclassic.com



(၂)

မပြောင်းလဲသော အနေကြခင်းတရား ဆော်ဂေါ်မှုများများ ရှိသည့်အထဲတွင် အတန်းထဲက ကျောင်းသလေးများ၏ မျက်နှာများ အဆောင်မှ နေ့ညည် မနက်တိုင်း မှန်မှန်ကျွေးသော ပဲဟင်းနှင့် အဆောင် ကမှာ ကွမ်းယာရောင်းသော မရွှေမိ၏ လျှာဖျားမှ ကြမ်းကြမ်းတမ်း တမ်း ယွက်ကျလာသော စကားလုံးတွေပင် ဖြစ်ပါသည်။

အတန်းက တတိယနှစ်ဖြစ်သဖြင့် မနက်ပိုင်း အတန်းတက် သည်မှီ အိပ်ရာကို စောစောထရပါသည်။

အဆောင်မှာ ထမင်းချက်နှင့်အတူ အစောဆုံးထသူတစ်ဦး ရှိပါသည်။ သူကတော့ ဘုန်းစိုးဝင်းပင် ဖြစ်သည်။

သတုံ့ဆောင်သားများ အိပ်စက်တော်မူရာမှ နိုးထလာလျှင် ကြက်နှာတော်မသစ်ခင် ညတုန်းက အဆောင်မှူး မသိအောင် သောက် ခဲ့သော ယစ်ရွှေရည် ယမကာအနံ့ လက်ကျန်လေးများ အငွေ့မသွား ခင် ပျောက်ဖို့အရေး ရေမချိုးခင် အာလုတ်တော်ကျင်းဖို့ နံနက်စောစော ငါးစီး သောက်တော်ရေများ ဖြည့်ပေးရသည့်အလုပ်ကို ဘုန်းဝင်းက တာဝန်ယူထားသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့အတွက် ညဏ်စိုးဝင်းကို အဆောင်မှ သန့်ရှင်းရေးဝန်ထမ်းများက အတော် ကျေးဇူးတင်နေကြသည်။

သည်လိုအလုပ်ကို ညဏ်စိုးဝင်းတစ်ယောက် မည်ကဲ့သို့သော ရည်ရွယ်ချက်နှင့် လုပ်ရပါသလဲဆိုသော အကြောင်းအရာတစ်ရပ်က ရှိပါသေးသည်။

ညဏ်စိုးဝင်းသည် ယခင် ယခင်က တက္ကသိုလ်ကျောင်းသားကြီးများနည်းတူ ကာယဗလ ဖွံ့ဖြိုးရေးအတွက် တက္ကသိုလ် အလေးမရုံမှာ နေ့စဉ် အလေးမသည်။ နေ့စဉ်နေ့တိုင်း သူ့လက်မောင်းမှ ကြွက်သားနှင့် ရင်အုံကို ကြည့်ကြည့်ပြီး ကိုယ့်ရည်းစား မျက်နှာကို ထိုင်ကြည့်ရသလိုမျိုး အကျေနပ်ကြီး ကျေနပ်၍နေသည်။

နွေမိုးဆောင်း ဥတုသုံးပါးစလုံး သူ့ရင်အုပ်နှင့် လက်မောင်းကြွက်သား အလှပေါ်ရန် အမြဲတမ်း စွပ်ကျယ်အင်္ကျီသာ ဝတ်သည်။ သူ့ခန္ဓာကိုယ်ခမျာ ချမ်းချင်ပါသော်လည်း မချမ်းရဲသည့်ဘဝမျိုး ဖြစ်သည်။

အထူးသဖြင့် ညဏ်စိုးဝင်း နံနက်စောစော သောက်ရေဖြည့်သည့်အချိန်တွင် အဆောင်ရှေ့မှနေပြီး ဖြတ်သွားဖြတ်လာလုပ်သူများက သူ့ခန္ဓာကိုယ်အလှကိုကြည့်ပြီး သဘောကျမည်ဟု သူက ထင်နေမိသည်။

ခြွင်းချက်တော့ ရှိသည်။

ညနေ၊ နေ့လယ်ခင်း အချိန်မျိုးမှာ သောက်ရေကုန်၍တော့ ဘယ်တော့မှ မဖြည့်။



'ရဲကျော်… မင်းက အရပ်ရှည်တော့ ခန္ဓာကိုယ်က ကြွက်သားတွေ ဘာတွေ ထွက်လာရင် ပိုပြီးကြည့်လို့ကောင်းမှာ၊ ငါနဲ့ အလေးမရုံ လိုက်ပြီး အလေးမ,ပါလား'

တတိယနှစ် တက္ကသိုလ်ကျောင်းသားအဖြစ် တက်ရောက် ...ကြားနေသည့် ဆယ့်ငါးရက်ခန့်တွင် ညဏ်စိုးဝင်းက လက်ဖက် ...ကိုက်ပြီး ကျွန်တော့်ကို ပြောခြင်းဖြစ်သည်။

'တစ်ခါဖူးမှတော့ ဒါမျိုး မလုပ်ဖူးဘူး၊ လုပ်ကြည့်တာပေါ့'

ညဏ်စိုးဝင်း အလေးမသည့် တက္ကသိုလ် အလေးမ အားကစားရုံမှာ ကျွန်တော် အလေးမဖို့ ညဏ်စိုးဝင်းနှင့် လိုက်သွားပါသည်။

တက္ကသိုလ် အလေးမရုံက ကျွန်တော့် သထုံဆောင်နှင့် တော်တော်ဝေးလှပါသည်။ အဆောင်ကနေ ခြေလှမ်းလှမ်းလျှင် ဆယ့်ငါးမိနစ်ခန့် ရှိပါသည်။

ဖြစ်ချင်တော့ ကျွန်တော့် ခန္ဓာကိုယ်ကြွက်သားတွေ အဖုအထစ် အပြိုင်းပြိုင်းနဲ့ ဆရာဖော်ဂျီရဲ့ 'ရွှေခေတ်ပုဂံပြည်' ကဗျာထဲက 'အမယ်မင်း ထွားကျိုင်းလှချည်ရဲ့' လို့ မဖြစ်လာသေးခင် အလေးမသည့် ပထမနေ့မှာပဲ အဆောင်လည်းရောက်ရော တစ်ကိုယ်လုံး ...ပြီး သုံးရက်လောက် ခံစားလိုက်ရပါသည်။

'ကိုကြီးကျော်ကလည်းဗျာ… ညဏ်စိုးဝင်းက တစ်သက် ...ငယ်လေးကတည်းက အလေးမ,လာတာ၊ ကိုကြီးကျော်က ...စိတ်ရူးထပြီး မ,တာ၊ ဖြစ်တာတောင် နည်းသေး'

အချစ်မရှာတော့ဘူးဟု ကြွေးကြော်ထားသော ကျွန်တော်

www.burmeseclassic.com

www.burmeseclassic.com



ဘယ်သောအခါမှ အလေးမ,မတော့ဘူးဟု ကျွန်တော့်ဒိုင်ယာ… စာမျက်နှာမှာ နောက်ထပ် ကြွေးကြော်သံတစ်ရပ် ရေးဆိုးလိုက်ရ… သည်။

'ညနေ ထမင်းစားပြီးလို့ ည ခုနစ်နာရီမှာ မျိုးမင်းကို အခ… မှာ အရေးပေါ် အစည်းအဝေးရှိမယ်'

ထမင်းစားဆောင်သို့ ဝေယံလင်းနှင့် ကျွန်တော် သွားခါ… တင်ကိုကိုက လှမ်းသတိပေးလိုက်သည်။

'အစည်းအဝေးက ဘာကျွေးမှာလဲ'

ဝေယံလင်းက လှမ်းမေးလိုက်သည်။

'တက္ကသိုလ် ဆေးရုံဘေးက ကင်တင်းမှာ လက်ဖက်ရ… နဲ့မုန့် မျိုးမင်းကို ဒကာခံလိမ့်မယ်'

တင်ကိုကို့စကား နားထောင်နေသော ကျွန်တော်က…

'ဝေယံလင်း… ဒီ မျိုးမင်းကိုဆိုတဲ့ကောင်က ငါတို့ အလကား ဒကာခံမှာ မဟုတ်ဘူး။ သိပ်ကပ်စေးနဲတဲ့ကောင်၊ မဟုတ်… လွဲရော၊ ဒီကောင် ရည်းစားကိစ္စ ခေါင်းပင်ဖို့ပဲ ဖြစ်ရမယ်၊ ဒီကော… အဖြစ်မရှိလို့ အကြံပြုနိုင်းတာပဲ ဖြစ်ရမယ်'

'ကိုကြီးကျော်… အဲဒါ နောက်မှပြော. ဒီညနေ ကြက်သ… နဲ့ ဘူးသီးတဲ့၊ တော်ကြာ အရိုးပဲ ကိုက်နေရဦးမယ်'

'ဘာ… ကြက်သားနဲ့ ဘူးသီး ပဲဟုတ်လား၊ ဒါဆို ဗိုက်တ…

ကံများ ကောင်းချင်တော့ ကြက်သားနှင့် ဘူးသီး မစားရ…ည်မှာ အတော်ကြာပြီမို့ တက်ကြွသောခြေလှမ်းတွေနှင့် ထမင်းစား…ောင်ကို သုတ်ခြေတင်ပါတော့သည်။

ထပ် ကံကောင်းပြန်ပါသည်။ ထမင်းစားဆောင်မှာ လူသိပ်…သော်လည်း အဆင်သင့်ထည့်ထားသော ဟင်းခွက်များထဲမှ အကြီး… ကြက်သားတုံးကို လွတ်လွတ်လပ်လပ် ရွေးချယ်နိုင်ခဲ့သောကြောင့်

အားပါး… ပါး… ကြက်သားနှင့်ဘူးသီး အတော်လိုက်ဖက်…ူးဟု ထမင်းစားရင်း တွေးနေမိသေးသည်။

ဆေးပေါ့လိပ် မီးခိုးငွေ့တွေက အခန်းထဲမှာ ကျောက်မီးသွေး …မောင်းသည့် ရထားတစ်စင်း ခေါင်းတိုင်မှ ထွက်ပေါ်လာသလို …ငွေ့နေသည်။

ခုတင်အလယ်တည့်တည့်တွင် မျိုးမင်းကိုက ထိုင်ရင်း မျက်နှာ…ပ်ထားသော မျက်မှန်ကို ချွတ်ပြီး လက်ကိုင်ပဝါနှင့် သုတ်နေ… သူ့ဘေးမှာ တင်မောင်ချွေ၊ အောင်နိုင်ဦး၊ သူ့ရှေ့တည့်တည့် …င်ကိုကို၊ ကျွန်တော်နှင့် ဝေယံလင်း၊ သူ့ညာဘက်မှာက ညာဏ် …င်း

တင်ကိုကိုက လက်ထဲတွင် ကိုင်ထားသော …ကို ပြန်ရင်း…

www.burmeseclassic.com

www.burmeseclassic.com



'ကဲ… အစည်းအဝေး စရအောင်၊ ပထမဦးဆုံး အခမ်းအနား အစီအစဉ် တစ်အရ…'

'ဟောကောင်… တင်ကိုကို၊ ဒါ တကယ်အစည်းအဝေးလုပ်နေတာ မဟုတ်ဘူး'

'တင်မောင်ဆွေ… မင်း ဘာသိလဲ၊ နိုင်ငံတကာမှာ အစည်းအဝေးကို အစည်းအဝေးနဲ့တူအောင် လုပ်ရတာ'

'ဒါ နိုင်ငံတကာညီလာခံ မဟုတ်ဘူး၊ သတိုးဆောင်ကွ'

ခက်ပြီ။ တစ်ခန်းတည်းနေသော တင်ကိုကိုနှင့် တင်မောင်ဆွေတို့နှစ်ယောက် တွေ့တိုင်း သည်လိုပဲ ပြောနေကျ၊ ရန်ဖြစ်နေကျ။

'တော်ပါ ဖိုးတင်ကိုရာ၊ ကဲ… အကြောင်းအရာသာ ပြော'

ကျွန်တော်က စကားစကို ဖြတ်လိုက်ရသည်။

'ဒီလိုကွ… မျိုးမင်းကိုက သူကြိုက်နေတဲ့ ရူပဗေဒ…ထူးတန်းတက်နေတဲ့ ခင်ခင်သင်းကို ကြိုက်တယ်ကွာ၊ ဒါပေမဲ့ ဟိုက သူကြိုက်မှန်း မသိသေးဘူး၊ ဒီတော့ သူ့ကို တို့က ဟိုက သိလာအောင် ဘယ်လိုလုပ်ရမယ်ဆိုတာ ဝိုင်းစဉ်းစားပေးဖို့'

ဝေယံလင်းက ကျွန်တော် ထမင်းစားဆောင်သို့ သွားစဉ်က အစည်းအဝေးနှင့်ပတ်သက်ပြီး ကျွန်တော် ပြောတာ မှန်ကြောင်း သက်သေသပြသည့် ပုံစံမျိုးဖြင့် ပြုံးလိုက်သည်။

အောင်နိုင်ဦးက…

'မျိုးမင်းကိုရာ… ငါတို့တွေ အခုလို မင်းရဲ့ ရည်းစားကိစ္စ မဟုတ်ဘဲနဲ့ ငါတို့ သင်ကြားတဲ့ ဘာသာရပ်တွေနဲ့ ပတ်သက်ပြီး လေ့လာသင်ကြားသမျှ စာတွေ ကျက်ကြ၊ ဆွေးနွေးကြရင် ဘယ်



လောက် ကောင်းထားပေးတဲ့ မိဘတွေ ကျေနပ်မလဲ'

'ဟောကောင် အောင်နိုင်ဦး၊ မင်း ပါးစပ်ပိတ်၊ ပညာရာတာ သတ်သတ်၊ အချစ်ရာတာ သတ်သတ်ကွ၊ တော်ကြာ လက်ဖက်ရည် နဲ့မုန့်ကျွေးမယ့်ကိစ္စမျိုး မင်းကို ပြန်ရုပ်သိမ်းသွားဦးမယ်'

တင်ကိုကိုက လှမ်းဟန့်ပါသည်။

မျိုးမင်းကိုက တည်ငြိမ်ပြီး သိက္ခာနှစ်ဆယ်ရ တရားဟော ဆရာတော်တစ်ပါးကဲ့သို့…

'တော်ကြပါတော့ကွာ၊ ဘာလုပ်ရမလဲသာ အကြံပေးပါ'

တင်မောင်ဆွေက ပလတ်စတစ်နှင့် ထုပ်ထားသော ကွမ်းကို ဘစ်ယာထုတ်ပြီး ပါးစပ်ထဲ ထည့်ပါးရင်းမှ…

'ဒါမျိုးက ညင်သာမှကွ၊ ဒီတော့ အရမ်းကာရော စွပ်လုပ်လို့ ရဘူး၊ မင်းက ပါးစပ်နဲ့ နှစ်ယောက်ချင်း သူ့ကို ချစ်ပါတယ်လို့ ပြောရဲတော့ မင်း ချစ်ကြောင်း ခင်ခင်သင်း သိအောင် စာရေးပြော မှာ'

'တင်မောင်ဆွေ… ငါ အကြံရပြီ၊ မျိုးမင်းကို မင်း ကဗျာ ရေးကွာ၊ ကဗျာစာအုပ် ထုတ်ရောင်းကွာ၊ ဒါဆို မဆိုးဘူး'

ဘဏ်စိုးဝင်းက အားရဝမ်းသာစွာ ပြောပေမယ့် မျိုးမင်းကို က…

'မဖြစ်ဘူးကွ… ကဗျာစာအုပ်ထုတ်ရင် ပိုက်ဆံက ကုန်မှာ၊ ပြီးတော့ ငါက ဘာကဗျာမှ မစပ်တတ်တာ'

'အဲဒါတော့ မပူနဲ့၊ မျိုးမင်းကိုရယ်၊ ငါရယ်၊ ရဲကျော်ရယ်၊ တင်မောင်ဆွေရယ်၊ ဝေယံလင်းရယ် တစ်ယောက် ကဗျာသုံးပုဒ်နှုန်း

www.burmeseclassic.com

www.burmeseclassic.com



နဲ့ ဆယ့်နှစ်ပုဒ် ရေးမယ်၊ ပြီးရင် ကွန်ပျူတာစီ ဒီဇိုင်းလုပ်နိုင်းမယ်၊ ဒီဇိုင်းလုပ်ထားတာတွေ မိတ္တူကူးမယ်ကွာ၊ ဆယ်စုံလောက်ပေါ့၊ ပြီးရင် ခင်ခင်သင်း အဆောင်မှာ မင်း တစ်ကိုယ်တော်ရေးတာပါဆိုပြီး ရောင်းမယ်’

‘ဟုတ်တယ် ကိုတင်ကို၊ အဲဒီ ကဗျာတွေဟာ ခင်ခင်သင်းကို မျိုးမင်းကို ဘယ်လောက်ချစ်ကြောင်း ရေးထားတာတွေပဲ ဖြစ်ရမယ်’

ဝေယံလင်း စကားကို တင်ကိုကိုက သဘောကျသွားသည်။ မျိုးမင်းကိုလည်း ထို့အတူပါပဲ။

‘တင်မောင်ဆွေ ကဗျာရေးရင် မော်ဒန်ရေးနော်၊ လေးလုံးစပ် မလုပ်နဲ့’

‘သိပါတယ် တင်ကိုကိုရာ၊ မင်း ဆရာမလုပ်ပါနဲ့’

တင်ကိုကိုက ကျွန်တော့်ဘက်လှည့်ရင်း…

‘ကဲ… ချစ်ကံခေ လွဲတာတွေများတဲ့ ရဲကျော်၊ မင်းကရော ဘာပြောချင်သေးလဲ’

ကျွန်တော်က မီးသေနေသော နှင်းဆီ ဆေးပေါ့လိပ်ကို ဂက်စ် မီးခြစ်နှင့် ညှိလိုက်ရင်း…

‘ကိုယ် ရပ်နေတဲ့ နေရာကနေ ဟိုအဝေးကြီးမှာရှိနေတဲ့ ရှည်လျားတဲ့ တောင်တန်းတွေ၊ တောအုပ်တွေကို မြင်နေရပေမယ့် ကိုယ့်ကိုကျတော့ အဲဒါတွေက ပြန်မမြင်နိုင်ဘူး၊ အချစ်လည်း ဒီလိုပဲပေါ့၊ မျိုးမင်းကိုက ခင်ခင်သင်းကို ချစ်တယ်ဆိုပေမယ့် သူက မျိုးမင်းကိုကို ပြန်ချစ်လား မချစ်လားဆိုတာ စောစောက ပြောခဲ့တဲ့ တောင်တန်းတွေ၊ တောအုပ်တွေလို့ပဲပေါ့၊ သူ မမြင်သေးဘူး မြင်အောင်လုပ်ဖို့ အရေးကြီးတယ်’



ဉာဏ်စိုးဝင်းက မျိုးမင်းကို မျက်နှာကို ကြည့်လိုက်ရင်း…

‘မင်းမှာ ခင်ခင်သင်းအပေါ် ထားရှိတဲ့ ချစ်တတ်တဲ့နှလုံးသားကို မင်း တန်ဖိုးထားပြီး မေတ္တာတောင်းခံ၊ မင်း တန်ဖိုးထားတဲ့ မင်းနှလုံးသားကို လက်လွှတ်စပယ် မြေကြီးပေါ် ပစ်မချမိစေနဲ့၊ အဲဒီလိုသာ လုပ်မိရင် မျိုးမင်းကို မင်းဟာ မင်းအချစ်ကို ပြန်ဖျက်ဆီး တဲ့သူပဲ ဖြစ်မယ်’

ကမ္ဘာကြီး ဘယ်လိုဖြစ်သွားပါသနည်း။ တစ်ခါမှူးမှ ကဗျာဆန်ဆန်၊ ဒဿနဆန်ဆန် စကားများ မပြောဖူးသော ဉာဏ်စိုးဝင်း ပါးစပ်မှ ထိုစကားလုံးတွေ ဘယ်လိုထွက်ကျလာသလဲ မသိ။

အခန်းထဲရှိသော လူအားလုံး အံ့အားသင့်လို့။

‘ဉာဏ်စိုးဝင်း… ဒီစကားလုံးတွေ မင်း ဘယ်ကရှာပြီး ကျက်ထားတာလဲ’

ဝေယံလင်းက မေးလိုက်သည်။

‘ချစ်သူတွေရော၊ အတွေးအခေါ် ပညာရှင်တွေရော ကိုယ်နဲ့ အတူ ကမ္ဘာကြီးမှာ နေထိုင်နေကြတာ ဘာဆန်းလဲ၊ ဒီလိုပဲ ငါ့ပါးစပ်ကနေ ဒီလို စကားလုံးတွေ ထွက်ကျလာတာ ကမ္ဘာကြီး ပြောင်းလဲသွားတာမှ မဟုတ်တာ’

ဉာဏ်စိုးဝင်းဆီမှ စကားလုံးအသစ်တွေ ထပ်ကြားရပြန်သည်..

‘ဝိတ်ပေါ၊ ဉာဏ်စိုးဝင်း၊ ငါတို့ အဲဒီလောက် မထင်ထားတာ နှိုင်လွတ်ကွာ၊ ဒီတော့ မင်းပါ ကဗျာဝင်ရေး’

‘ရေးရမှာပေါ့ကွာ၊ ကိုယ်နဲ့ တစ်ခန်းတည်းနေတဲ့ သူငယ်ချင်း မျိုးမင်းကို့အတွက်ပဲ တင်ကိုကိုရ’

www.burmeseclassic.com

www.burmeseclassic.com



တင်ကိုကိုက အားလုံးဘက်သို့ လှည့်ရင်း…

'ကဲ… ပြောစရာ ဘာကျန်သေးလဲ၊ ဘာမှမကျန်ရင် မျိုးမင်းကို အစီအစဉ် နက်ဖြန်က စမယ်၊ ဒါပဲ… အစည်းအဝေး ပြီးပြီ၊ လက်ဖက်ရည်ဆိုင်ကို ချီတက်မယ်'

'အိုကေ…'

အားလုံး ညီညီညာညာ အသံပြိုင်တူထွက်ပြီး လက်ဖက်ရည် ဆိုင်ဆီသို့ ချီတက်ကြသည်။

❦

တကယ်ပါ။ ထိန်ထိန်သာနေသည့် လရောင်အောက်မှာ သူငယ်ချင်းတွေ လက်ဖက်ရည်သောက်ပြီး ပြောကြ၊ ဆိုကြ၊ ရယ်ကြ၊ မောကြနှင့် ကျွန်တော် စဉ်းစားမိပါသည်။

ဝယ်လို့သာ ဝယ်ရမည်ဆိုလျှင် အဲဒီညကို အပြီးအပိုင် ဝယ် သိမ်းထားလိုက်ချင်ပါသည်။

ဖြူစင်သော သူငယ်ချင်းများကို ချစ်သည့်စိတ်နှင့် လွမ်းသည့် အခါတိုင်း အလွမ်းပြေ ထုတ်ကြည့်ချင်လို့ ဖြစ်ပါသည်။

❦ ❦ ❦

တစ်စုံတစ်ယောက်ကို
တောင်ထိပ်ပေါ် တက်ရှာမယ်ဆိုရင်
တောင်ခြေ…
တောင်လယ်လောက်တင်
လှည့်ရှာပြီး
မတွေ့တော့ဘူး ဆိုပြီး
အနားမယူပါနဲ့
နောက်ကြောင်းပြန် မလှည့်ပါနဲ့
တောင်ထိပ်ပေါ်ထိ
ရောက်အောင် သွားလိုက်ပါ။

www.burmeseclassic.com

www.burmeseclassic.com



(၃)

မျိုးမင်းကို အတွက် ကျွန်တော်တို့ ကဗျာစာအုပ်ကိစ္စ စီစဉ်ရသည်မှာ ရက်က သိပ်မကြာပါ။ သုံး၊ လေးရက်အတွင်းမှာပင်ပြီးသည်။ လှည်းတန်းဆိုင်မှာ ကွန်ပျူတာအစ်။ မိတ္တူကူးစာရွက်ကို လေးခေါက်ချိုးပုံစံ လုပ်ပြီး ချုပ်လိုက်သောအခါ ကဗျာစာအုပ်ပုံစံမျိုး ဖြစ်သွားသည်။

ကဗျာစာအုပ် ခေါင်းစဉ်ကို နာမည်ပေးပုံကလည်း ကြည့်ပါဦး။ *'ကျွန်တော့်အချစ်ကို စောင့်ဆိုင်းနေသော အမျိုးသမီးတစ်ယောက်အကြောင်း'*တဲ့။

ခင်ခင်သင်းထံ ဤကဗျာစာအုပ် သွားရောင်းလျှင် ဟိုကဝယ်လား၊ မဝယ်လား မပြောတတ်။ သေချာတာက သူ့ကို စောင်းရေးတာလားဆိုပြီး ပြဿနာရှာလျှင် အခက်။ ကဗျာစာအုပ်ကို ခေါင်းစဉ်ပေးသူက တင်မောင်ဆွေ။ ထိုနာမည်ကို မျိုးမင်းကိုက တော်တော်ကြိုက်သည်။

ကဗျာစာအုပ်ထဲက ကဗျာတွေကိုတော့ ကျွန်တော်တို့ စုရေးကြပြီး မျိုးမင်းကိုက နာမည်ခံထားသဖြင့် အခောင်မှာ မျိုးကဗျာဆရာပုံတော်င် သည်တောင့်ကို နောက်ကြသေးသည်။

www.burmeseclassic.com

www.burmeseclassic.com



မျိုးမင်းကိုက ကျွန်တော်တို့ ကဗျာစာအုပ် လုပ်နေသည့်အချိန် အတွင်းမှာ ဉာဏ်စိုးဝင်းက ဘယ်လို ကျပ်ပေးလိုက်သည် မသိ။ ကဗျာတွေထဲက စာသားတွေကို အလွတ်ကျက်နေသည်။ အကယ်၍ များ ခင်ခင်သင်းက သူ့ကို ကဗျာတွေ အလွတ်ရသလားမေးရင် ဘယ်လိုလုပ်မလဲ၊ ကိုယ်ရေးတဲ့ ကဗျာ ကိုယ်ပြန်အလွတ်မရရင် သိက္ခာ ကျမှာပေါ့ ဘာပေါ့ စသဖြင့် ပြောတော့ မျိုးမင်းကိုခမျာ မနေနိုင်တော့။

ကဗျာတွေကို ကြည်ကြည်နူးနူး ပြုံးပျော်ပြီး ကုန်းအော်ကျက် ပါလေတော့သည်။

'မျိုးမင်းကို ငါတို့ မင်းရဲ့ စစ်ဆင်ရေးကို စရတော့မလား'

'နေဦး ရဲကျော်၊ ရွှေဘိုဆောင်က ဥပဒေမေဂျာယူထားတဲ့ ဆန်းထွန်းဆီမှာ ပေဒင်မေးကြည့်တော့ လာမယ့် အင်္ဂါနေ့ကျမှ အဲဒီ အစီအစဉ် လုပ်တဲ့၊ ရက်ကောင်းတယ်တဲ့'

မြကျွန်းသာ လက်ဖက်ရည်ဆိုင်ထဲမှာ မျိုးမင်းကို တိုက်သော လက်ဖက်ရည်ကို ကျွန်တော်နှင့် အောင်နိုင်ဦးက သောက်နေတုန်း ကျွန်တော်က မေးလိုက်ခြင်းဖြစ်သည်။

မျိုးမင်းကို အဖြေစကားကြားတော့ အောင်နိုင်ဦးက ဘုကြည့် ကြည့်ပြီး...

'ဟေ့ကောင်... မင်းကိစ္စကို ပေဒင်ဆရာက လုပ်ပေးမှာ မဟုတ်ဘူး၊ ငါတို့က လုပ်ပေးရမှာ'

'ဒီမှာ အောင်နိုင်ဦး၊ ပေဒင်ပညာရပ်နဲ့ ပတ်သက်လို့ မင်း မစော်ကားနဲ့၊ ဒီပေဒင်ပညာရပ်ရဲ့ ပံ့ပိုးမှုက လူတစ်ယောက်ရဲ့ ဘဝ မှာ ဘယ်လောက်အရေးပါသလဲ'



အောင်နိုင်ဦး ဆိုသည့်ကောင်က တော်တော်ခက်သည်။ မင်းကို တိုက်သော လက်ဖက်ရည်ကို သောက်ပြီး ပေဒင်ကို သော မျိုးမင်းကို စကားကိ့ သွားကလိသည်။

'တော်ကြပါကွာ၊ အဓိကအရေးကြီးတာက ခင်ခင်သင်းနဲ့ ရော မျက်မှန်းတန်းမိကြပြီလား'

မျိုးမင်းကို နည်းနည်းတော့ ငိုင်သွားသည်။

'ခက်တာက ဒါပဲကွာ'

'ဟေ့ကောင်... စကားကို လိပ်ပတ်လည်အောင် ပြော၊ ဟာက ဘာမှန်း ဘာပြောချင်မှန်း မသိဘူး'

အောင်နိုင်ဦးက ကွမ်းယာဝါးရင်း မျိုးမင်းကိုအား ပြောသည်။

'ငါ Mood ထည့်ပြီး ပြောမလို့ပါကွာ၊ ခင်ခင်သင်းက တော်တော်ကြိုးစားတာကွ၊ အတန်းထဲက အပြင်ကို မထွက်ဘူး၊ မှာ မသိမသာနဲ့ သွားကြည့်ရတာက ခဏခဏပဲ၊ သူ့ကို ငါ လာ ကြည့်တာလားတောင် သတိထားမိပုံ မပေါ်ဘူး ထင်တယ်'

မျိုးမင်းကို စကား ကြားရတာ ကျွန်တော်တို့အဖို့ အတော် တက်စရာပါ။

'ဒါဆို မင်း သေချာပြီ၊ ဒါ အတော်တိုးတက်လာတယ်လို့ ရမှာပဲ'

'ငါ့ကို မလှောင်ပါနဲ့ကွာ၊ ပေဒင်ဇာတာအရ ငါ့ကံကြမ္မာက င်းကို ကောင်းမယ်ဆိုတာ ငါ သိတယ်'

'ကဲ... ငါတို့ ဒီညတော့ ကဗျာစာအုပ်ကိစ္စ ဆွေးနွေးရမှာ ဒီအတိုင်းဆို စာအုပ်မြန်မြန်ရောင်းမှ ဖြစ်မယ်၊ အချိန်ဆွဲလို့ မ ဘူး'

www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်တယ် ရဲကျော်၊ ဒီကောင့်ကိစ္စက ဒီအတိုင်း ဒီကော ကို လွှတ်ထားလို့ မရတော့ဘူး'

အောင်နိုင်ဦးက ကျွန်တော့်အား စကားပြောရင်းမှ မျိုးမင်း ဆီ မသိမသာ အကဲခတ်လိုက်သည်။

လွယ်အိတ်ထဲက စာအုပ်တစ်အုပ်ကို မျိုးမင်းကိုက ထုတ် နေသည်။

'မျိုးမင်းကို ဘာလုပ်မလို့လဲ'

'မင်းတို့ မသိပါဘူးကွာ၊ ဗေဒင်ဆရာက ခင်ခင်သင်းနဲ့ နီးစ သူပေးတဲ့ ဂါထာကို တစ်ရာ့ရှစ်ခေါက် စိတ်ထဲကရွတ် အောင်မြင်ပြီတဲ့၊ ဒါကြောင့် ငါ ရွတ်မလို့'

မျိုးမင်းကို စကားကြောင့် သည်ကောင့်ကို စိတ်နည်းန ပျက်ချင်သလို ဖြစ်သွားသည်။

'မင်း အဲဒီ ပေါကြောင်ကြောင်ဂါထာ တစ်ရာ့ရှစ်ခေါ ရွတ်မယ့်အစား ကျောင်းစာတစ်ပုဒ်ကို တစ်ရာ့ရှစ်ခေါက်သာ ရွတ် နောက်ထပ်ကျက်စရာတောင် လိုမှာမဟုတ်ဘူး၊ ပေပေါ... မင်းဘာ မင်း ရွတ်နေ၊ ငါတို့ သွားပြီ'

မျိုးမင်းကိုက ကျွန်တော့်စကားကို နားထောင်ရင်း စာအုပ် ဖွင့်ဖတ်နေသည်။

အောင်နိုင်ဦးနှင့် ကျွန်တော်တို့အဆောင်သို့ ပြန်လာခဲ့သည်

လူတစ်ဦး၏ ယုံကြည်မှုဆိုသည်မှာ အတော်လေးကို အံ့ဩ ကောင်းသည်။ တော်တော်နှင့် အစွဲချွတ်လို့မရ။

❦ ❦ ❦

သူ့ကိုသာ ပိုင်ဆိုင်ရမည်ဆိုလျှင်
ဤလောက၏
အသေးငယ်ဆုံး
ထောင့်တစ်နေရာဝယ်
ငါ... ရောင့်ရဲနှစ်သိမ့်နိုင်မည် မထင်။
(တကိုး)

www.burmeseclassic.com

www.burmeseclassic.com



(၄)

ခြောက်မိုင်ခွဲရှိ လမ်းများတွင် အဆောင်နေ ကျောင်းသား၊ ကျောင်းသူများ၏ သွားလာလှုပ်ရှားမှုများဖြင့် အသက်ဝင်လို့နေပေသည်။

အထူးသဖြင့် ညနေခင်းအချိန်မျိုးမှာ ပို၍ လှနေပါသည်။

အပြင်ဆောင်မှာ နေကြရသောကြောင့် အထူးသဖြင့် နယ်မှ ကလေးကျောင်းသူ အများစုမှာ အဆောင်နေ ညနေခြောက်နာရီ တံခါးမပိတ်ခင် ထမင်းဆိုင်များမှ ထမင်းဟင်း ဝယ်ရ၊ မုန့်ဆိုင်များမှ အချဉ်ထုပ် ဝယ်ရ၊ စာအုပ်ဆိုင်မှ ဝတ္ထု၊ မဂ္ဂဇင်းစာအုပ်များနှင့် ငှားရနှင့် အလုပ်ရှုပ်လို့နေသည်။ ဒါကိုပဲ လက်ဖက်ရည်ဆိုင်မှာထိုင်ပြီး သူတို့၏ အလှကို ငေးမောခံစားသော ယောကျ်ားသားများအဖို့ ထိုအချိန်လေးကိုပဲ အလှအယက် စောင့်ဆိုင်းကြည့်ရှုရတာကိုက အရသာဟု ပြောကြသေးသည်။

ယခုလည်း ကြည့်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်၊ ညာဏ်စိုးဝင်း၊ တင်ကိုကို၊ လွမ်းဝေနိုင်၊ မျိုးမင်းကို အောင်နိုင်ဦးတို့က ခင်ခင်သင်းရှိရာ 'မေမေ' ဆောင်သို့ ညနေ၀ါးနာရီခွဲ တိတိမှာ ရောက်ရှိလို့လာသည်။

ထိုအချိန်ထက် နောက်ကျလို့က မဖြစ်။ အဆောင်တံခါးပိတ် လျှင် ပြီးပြီ။

'ရဲကျော်… ငါ ရင်နည်းနည်းတုန်နေတယ်၊ ဖြစ်ပါ့မလား ကွာ'

မိတ္တူကူးထားသော ကဗျာစာအုပ်အချို့ကို ကိုင်ထားသော မျိုးမင်းကို လက်တွေက အတော့်ကို တုန်နေသည်က အမှန်ပင်။

'မျိုးမင်းကို… မင်း ဘာမှကြောက်စရာမလိုဘူး၊ အဓိကပြော ရရင် ခင်ခင်သင်းက မင်း ကဗျာစာအုပ်ကို ဝယ်ဖို့ပဲ လိုတယ်'

'ဟုတ်တယ် မျိုးမင်းကို၊ တင်မောင်ဆွေက နိုင်ထွေးကို သွားခေါ်နေတယ်၊ ညနေကျရင် နိုင်ထွေးကားနဲ့ အဆောင်ကကောင် တွေ ပါလာလိမ့်မယ်၊ မင်းကဗျာကို ခင်ခင်သင်း ဖတ်နေတဲ့အချိန်မှာ အဆောင်အပြင်ဘက် ဒတ်ဆန်းကားပေါ်ကနေ ဂီတာနဲ့ Unplugged Show ပါရှိတယ်၊ မပူနဲ့'

ကျွန်တော့်စကားကို အောင်နိုင်ဦးကပါ ထောက်ခံပြောသ သဖြင့် မျိုးမင်းကို အတော်ကျေနပ်သွားသည်။

'ကဲ… မျိုးမင်းကို လာ၊ ငါ ရှေ့ကနေ လမ်းကြောင်းမယ် မင်း နောက်ကနေ အခြေအနေကြည့်လုပ်'

ကျွန်တော်တို့အုပ်စု အဆောင်ထဲဝင်လာသောအခါ အဆောင်



မှာ ရှိနေသော ကျောင်းသူအချို့က သူတို့ဧည့်သည်များနှင့် စကားပြော နေရင်းမှ မသိမသာ အကဲခတ်နေကြသည်။

'ခင်ခင်သင်း'

ဝေယံလင်းက အဆောင်ခြံဝင်းထဲ သရက်ပင်အောက် ခုံတန်း လျားမှာ သူငယ်ချင်းများနှင့် ထိုင်နေသော ခင်ခင်သင်းကို လှမ်းခေါ် လိုက်သဖြင့် ခင်ခင်သင်းက ကြည့်လိုက်သည်။

သည်ကောင် ဝေယံလင်းက မိန်းကလေးတော်တော်များများ နှင့် ခင်တာ ကျွန်တော်တို့ထက် သာသည်။ အခုလည်းကြည့်၊ ခင်ခင် သင်းကို လှမ်းခေါ်ပုံက အတော်ရင်းနှီးသည့်သဘော သက်ရောက်နေ သည်။

'ဝေယံလင်း… ဘာကိစ္စလဲ၊ တစ်ခါဖူးမှ နင် ငါတို့အပြင် ဆောင် မလာဖူးပါဘူး'

ခင်ခင်သင်းက သူ့အဆောင်သို့ ဝေယံလင်း အပါအဝင် ကျွန်တော်တို့အုပ်စုလိုက် ရောက်လာသဖြင့် နည်းနည်းတော့ အံ့အား သင့်နေသည်မှာ အမှန်။

'ဟုတ်တယ် ခင်ခင်သင်းရေ၊ အခုလာတာက ဟောဒီက ငါတို့ ဖလော်ဆိုဖီက မျိုးမင်းကိုက ကဗျာစာအုပ် ထုတ်တယ်။ အပြင် ဆောင်မှာရှိတဲ့ ကျောင်းသူတွေရော ကျောင်းထဲမှာပါ ရောင်းတာ၊ တဲ့ပိုက်ဆံကို မရှိနွမ်းပါးတဲ့ ကလေးတွေကို အာဟာရဒါန လှူမလို့ ဒါ အားပေးပါဦး၊ စာအုပ်က အတော်ရောင်းကောင်းတာ၊ အခု ကောင့် လက်ထဲမှာ ငါးအုပ်ပဲ ကျန်တော့တယ်၊ ဟော့ကောင်… မျိုးမင်းကို ကဗျာဆရာ လာရောင်းလေကွာ'

www.burmeseclassic.com

www.burmeseclassic.com



ဝေယံလင်းဆိုသည့် ကျွန်တော့်အခန်းဖော် တော်တော်လေး စကားကြွယ်သည်။ ကျွန်တော်တို့ ထင်မထားသည့် မှသာဝါဒကို အသုံးပြုပြီး ခင်ခင်သင်းကို စည်းရုံးရင်းမှ မျိုးမင်းကိုအား လှမ်းချိတ် လိုက်သည်။

'ဒီမှာ ခင်ခင်သင်း၊ ကမ္ဘာပေါ်မှာ တော်မှတ်ခေါင်းပါးတဲ့ အာဖရိကပြည်သူတွေအတွက် ကမ္ဘာကျော် အဆိုတော်တွေက စုပေါင်း သီချင်းဆိုပွဲကြီး လုပ်ပြီး ရန်ပုံငွေ လှူဒါန်းကြတယ်၊ အဲဒီမှာ We are the world ဆိုတဲ့သီချင်း ဖြစ်လာတယ်။ အခု ကျွန်တော် ကဗျာ ရေးတယ်၊ မရှိနွမ်းပါးတဲ့ ကလေးတွေကို အာဟာရဒါန ကျွေးမွေးချင် လို့ပါ၊ နှမ်းတစ်စေ့တည်းနဲ့ ဆီမဖြစ်ပါဘူး၊ အဲဒီ နှမ်းစေ့လေးကို စားလိုက်ရလို့ အရသာရှိရင် နှမ်းဖြစ်ရကျိုးမနပ်ဘူးလား၊ ကျွန်တော် ဟာ နှမ်းစေ့လေးပါ'

ကျွန်တော်တို့အားလုံး မျိုးမင်းကိုအား ပါးစပ်အဟောင်းသား ဖြင့် ငေးကြည့်နေမိသည်။ မျိုးမင်းကို ပြောသော စကားကို နားထောင် နေသော ခင်ခင်သင်းပင် ငိုင်ကျသွားသည်။

မျိုးမင်းကို ဘယ်လိုလုပ် ဒီစကားလုံးတွေ သူ့လျှာဖျားပေါ် က ထွက်လာပါလိမ့်။

'ကျွန်မ ကဗျာကို ဝါသနာမပါဘူး၊ ဖတ်လည်း မဖတ်ဘူး ဒါပေမဲ့ ရှင့်ရဲ့စေတနာ မွန်မြတ်တော့ ကျွန်မ ရှင့်ကဗျာစာအုပ် ငါးအုပ် လုံးကို ဝယ်မယ်၊ ပေး...'

မျိုးမင်းကို မျက်နှာ အတော်ဝင်းပသွားသည်မှာ ဘယ်လို ရေးဖွဲ့ပြောပြရမှန်းပင် မသိ။



ဝေယံလင်း ဆင်သော အကွက်ထဲ မျိုးမင်းကိုက အလိုက်သင့် ဝင်ရင်း ခင်ခင်သင်းကပါ ဝင်လာလို့ ဖြစ်သည်။

'တစ်ချိန်ကျရင် ဟောဒီ ကဗျာစာအုပ်လေးတွေဟာ မခင် ခင်သင်းတို့ ကျွန်တော်တို့အတွက် သမိုင်းတစ်ခု ဖြစ်လာမှာပါ'

ကြည့်။ မျိုးမင်းကိုကတော့ သူ့ကိုယ်သူ အမိုက်တွက်ပြီး ပြော နေတာကို ဟိုက မသိလို့၊ သိလို့ကတော့ မလွယ်။

သည်ပွဲကို အမြန်ရှင်းမှဟု သဘောဆောင်သည့် ပုံစံမျိုး တင်ကိုကိုက မျက်စပစ်ပြလိုက်သည်။

'ကဲ... အဆောင်မှာ ကြာနေလို့ မကောင်းဘူး၊ ကဗျာ အကြောင်း အာဟာရဒါနအကြောင်း ပြောချင်ရင် နောက်နေ့ ကျောင်း ရောက်မှ ပြောကြ'

ကျွန်တော့်စကားမဆုံးခင် ဉာဏ်စိုးဝင်းက...

'ဒီညတော့ ခင်ခင်သင်းတို့ အဆောင်ရှေ့မှာ တေးဂီတ Unplugged ရှိတယ်၊ အဆောင်က ကျောင်းသူတွေ ကဗျာစာအုပ်ဝယ် ဘိုင်း ညစဉ်ဖျော်ဖြေပေးတာ၊ ဒီည ကျွန်တော်တို့ လာခဲ့မယ်၊ မအိပ်ဘဲ နားဆင်ပေတော့၊ ကဗျာရေးသူကိုယ်တိုင် ဆိုမှာ'

ဉာဏ်စိုးဝင်းက ပြောတော့ ခင်ခင်သင်းက ရယ်နေသည်

ဤသို့ဖြင့် 'မေမေ'အဆောင်မှ ကျွန်တော်တို့ ပြန်လာခဲ့ကြ သည်။

ခြောက်မိုင်ခွဲထိပ်က လက်ဖက်ရည်ဆိုင်ကို ရောက်တော့ အမှောင်က အပျိုဖော်ဝင်စအရွယ်ပင် ရောက်နေပြီ။

နိုင်ထွေးနှင့် တင်မောင်ဆွေ၊ မင်းနိုင်တို့ကို တွေ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



လက်ဖက်ရည်ဆိုင်ရှေ့မှာ နိုင်တွေး ဒတ်ဆန်းကား ရပ်ထားသည်။ ကားထဲမှာ ဂစ်တာသုံးလက်နှင့် လင်းကွင်းရော၊ နှဲပါ တွေ့ရသည်။

သည်ညတော့ ပွဲကြမ်းတော့မည်။

တင်မောင်ဆွေက ကျွန်တော်တို့ကို မြင်တော့ လက်မထောင်ပြသည်။

ကျွန်တော်တို့ကလည်း လက်မထောင်ပြသည်။

ယခုချိန်ထိတော့ မျိုးမင်းကို၏ စစ်ဆင်ရေးသည် အရာရာအဆင်ပြေချောမွေ့နေလို့။

'မျိုးမင်းကို… မင်း ဘယ်လိုဖြစ်လို့ ဒီလောက်တောင် သွက်နေရတာလဲ၊ ငါတို့ ထင်တောင် မထင်ထားဘူး'

ကျွန်တော်က မနေနိုင် မထိုင်နိုင် မေးမိသွားသည်။

'ရွှေဘိုဆောင်က ဗေဒင်ဆရာ ကျောင်းသားက ကဗျာစာအုပ်သွားရောင်းရင်း လမ်းကြောင်းပေးတဲ့ သူ့ရဲ့စကားကို အခြေခံပြီး စိတ်ထဲဘာမှနောက်ဆံမတင်းဘဲ ရဲရဲသာပြောလို့ ဟောတာကွ၊ ငါ ကျက်တဲ့ ဂါထာအစွမ်းတွေလည်း ပါတာပေါ့'

နားထောင်နေသူအားလုံး သေပစ်လိုက်ဖို့ပဲ ရှိတော့သည်။

'ဟေ့ကောင် မျိုးမင်းကို၊ ငါတို့ အစွမ်းတွေကျတော့ မပါဘူး



ပေါ့ ဟုတ်လား၊ ငါ ရှေ့ကလမ်းခင်းလို့ ခင်ခင်သင်းနဲ့ ခင်လို့ ဒီလိုဖြစ်တာလေကွာ'

ဝေယံလင်းက ရှုးရှုးရှဲရှဲဖြစ်ရင်းမှ နိုင်တွေး လက်ထဲမှ ဆေးပေါ့လိပ်ကို ယူပြီး ဖွာလိုက်သည်။

'ငါ့ကို တစ်မျိုးမထင်ပါနဲ့ကွာ၊ မင်းတို့အစွမ်းလည်း ပါသလို ငါ့ယုံကြည်မှုလည်း ပါတာပေါ့၊ ကဲ… အောင်မြင်မှု ပထမခြေလှမ်းအတွက် ဟောဒီ လက်ဖက်ရည်ဝိုင်းနဲ့ မုန့်ဖိုး ငါ ဒကာခံမယ်'

'အေး… ညရောက်ရင်လည်း မင်း သီချင်းဒိုင်ခံဆိုဖို့သာ ပြင်ပေတော့၊ ဒီညက မျိုးမင်းကို မင်းညပဲဟေ့'

တင်ကိုကိုက လက်ဖက်ရည်ခွက်ထဲ ကိတ်မုန့်ကို တို့စားရင်းမှ ပြောလိုက်သည်။

'မျိုးမင်းကို… ငါ အကြံတစ်ခုပေးမယ်၊ ဟုတ်ဟုတ် မဟုတ်ဟုတ် မင်း မရှိနွမ်းပါးတဲ့ ကလေးတွေကို အာဟာရဒါန လုပ်ကွာ၊ ခင်ခင်သင်းကိုပါ ရအောင်ခေါ်၊ ဒါဆို မင်းတို့ နည်းနည်းအဆင်ပြေနိုင်တယ်၊ ဘာလို့လဲဆို ခင်ခင်သင်းက အဲဒီအချက်ကိုကြည့်ပြီး မင်းဆီက ကဗျာစာအုပ် ဝယ်တာကိုး'

ကျွန်တော့်စကား သေချာနားထောင်နေသော တင်ကိုကိုကသည်း…

'ဟုတ်တယ် မျိုးမင်းကို၊ ရဲကျော် ပြောတာမျိုးက ပိုကောင်းတယ်၊ ဆက်ပြီး မင်း ကြိုးစားကြည့်၊ ငါ ထင်တယ်၊ မင်းတို့ အဆင်ပြေနိုင်တယ်'

'တစ်ခုတော့ ရှိတယ်ကွာ၊ အကယ်၍ ငါနဲ့ ခင်ခင်သင်း

www.burmeseclassic.com

www.burmeseclassic.com



ချစ်သူတွေဖြစ်လာကြရင် အခုကိစ္စ အဖြစ်မှန်တွေကို မပြောပါဘူးလို့ ငါ့ကို ကတိပေးပါကွာ'

အခုကျတော့လည်း မျိုးမင်းကို မျက်နှာက စောစောက မျက်နှာမျိုး မဟုတ်တော့။

'အေး… အခု မင်းက ဆရာတွေရဲ့ စေတနာကို သဘောပေါက်ပြီဆိုတော့ မင်းရဲ့ ဗေဒင်ဆရာဆိုတာကိုလည်း ထည့်မပြောနဲ့၊ ငါတို့နှုတ်က အဖြစ်မှန်ကို ခင်ခင်သင်း မသိဖို့က အဓိကပဲ၊ ဟုတ်တယ်မဟုတ်လား တပည့်ကြီး မျိုးမင်းကို'

အောင်နိုင်ဦးကတော့ သူ့ခွင်ထဲ ဝင်လာသဖြင့် ကောင်းကောင်းကြီး မျိုးမင်းကိုအား အဝကျွေးလိုက်သည်။

'အေးပါကွာ… အချစ်အတွက်နဲ့ မင်းတို့ရဲ့ တပည့်ဖြစ်ရတာ ဂုဏ်ယူပါတယ်ကွာ၊ တစ်ချိန် သား၊ သမီး၊ မြေးတွေ ရရင်တော့ ရယ်စရာပဲဟေ့'

သြော်… အချစ်၏တန်ခိုးသည် မျိုးမင်းကိုလို လူတစ်ယောက်ကိုတောင် အနာဂတ်တွေ ဖန်တီးပေးသော တန်ခိုးရှင်ပါလားလို့။

'ကဲ… ညရောက်တာနဲ့ တို့ရဲ့ PKY 40 တေးဂီတအဖွဲ့ အစီအစဉ် စမယ်'

'ဟုတ်တယ် နိုင်တွေး၊ တို့ရဲ့ ပေါက်ကရလေးဆယ် တီးဝိုင်းအဖွဲ့ အစီအစဉ် စမယ်'

'ဟေး…'

လက်ဖက်ရည်ဆိုင်ထဲမှာ ကျွန်တော်တို့၏ အသံက ကျယ်လောင်သွားသည်။



တကယ်ပါ။

လွမ်းစရာ တော်တော်များများရှိသည့်အထဲမှာ ထိုညသည်လည်း တစ်ညအပါအဝင် ဖြစ်ခဲ့ပါသည်။

'မေမေ'အဆောင်ဘေးသို့ ကျွန်တော်တို့အုပ်စု ရောက်ရှိချိန်တွင် မိုးက အတော်ချုပ်နေပါပြီ။ အဆောင်ထဲမှ စကျက်သံအချို့တောင် ကြားနေရသည်။

'ယခုအချိန်မှစပြီး PKY 40 တေးဂီတအဖွဲ့၏ အစီအစဉ်တင်ပါပြီ၊ ပထမဦးဆုံးအနေနဲ့ ကဗျာဆရာ မျိုးမင်းကိုမှ စတင်ချော့မြှော့မှာ ဖြစ်ပါတယ်'

ဉာဏ်စိုးဝင်း၏ စကားသံအဆုံး ဒတ်ဆန်းကားထဲမှ ဂစ်တာတစ်လက်ကို မျိုးမင်းကိုက ကောက်ကိုင်လိုက်သည်။ နိုင်တွေးရောဆယ်လင်းပါ ကျန်သည့် ဂစ်တာ ကောက်ယူလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဂစ်တာသုံးလက်မှ အသံတွေက ညီညာစွာ ထွက်ပေါ်လာသည်။ မျိုးမင်းကိုက မျက်လုံးကိုမှိတ် Mood အပြည့်ထည့်ပြီး တီးခတ်ရင်း သီဆိုနေသည်။

*'ရက်စက်မှုတွေနဲ့ နှုတ်ခမ်းလေးကို နူးညံ့မှုတွေနဲ့ နှုတ်ခမ်းလေးလို'*

*'အကြင်နာ မင်းပြောတဲ့ စကားလုံးလေးတွေ ရင်မှာ'*

'ဝှမ်း…'

'တော့်… တော့်… တီး…'

Mood အပြည့် သီဆိုနေသော မျိုးမင်းကို တီးနေသောဂစ်တာကို လွှတ်ချပြီး ကြည့်လိုက်သည်။ ကျန်သူတွေကလည်း သည်အတိုင်းပါပဲ။ ကြည့်လိုက်တော့ ကားပေါ်မှာ ညဏ်စိုးဝင်းနှင့် မင်းနိုင်။

ညဏ်စိုးဝင်းက လင်းကွင်းကို ကိုင်ထားသည်။ နဲ့ကို မင်းနိုင်က မှုတ်နေလို့။

'ဟေ့ကောင်တွေ… အဲဒါ ဘာလုပ်တာလဲ၊ ဒီမှာ အနှောင့်အယှက်ဖြစ်တာပေါ့'

တင်မောင်ဆွေက လှမ်းကောသည်။

'ဘာရယ် မဟုတ်ပါဘူးကွာ၊ တီးကြည့်တာပါ'

'ငါလည်း နဲ့မမှုတ်ဖူးလို့ မှုတ်ကြည့်တာ'

မင်းနိုင်နှင့် ညဏ်စိုးဝင်း အပြေစကားအဆုံး အောင်နိုင်ဦးက…

'နိုင်ထွေးရာ… မင်းလည်း ဒါတွေ ဘာလို့ယူလာရတာလဲ'

နိုင်ထွေးက ဂစ်တာကို ချလိုက်ရင်းမှ…



'နေ့လယ်က ငါကားကို ငှားပြီး ဒိုးပိုင်းနဲ့ ရပ်ကွက်ထဲ၊ မြို့ထဲ၊ လမ်းထဲက နှစ်ကျိပ်ရှစ်ဆူ ဘုရားပွဲအတွက် အလှူခံထွက်တာ၊ အဲဒါ ဒိုးပိုင်းက ကျန်ခဲ့တာပေါ့'

'ကဲ… ဒါဆိုလည်း ပြီးရော၊ မျိုးမင်းကို ဆက်ဆို'

တင်ကိုကိုက မျိုးမင်းကိုအား ပြောလိုက်သည်။

'ငါ့သီချင်း ဘယ်နေရာရောက်သွားပြီလဲ၊ မင်းတို့ မှတ်ထားလား'

'ဟာကွာ… မင်းကလည်း အစကပြန်ဆို'

တင်မောင်ဆွေ၏ စိတ်မရှည်သံ စကားသံက ကျယ်လောင်သွားသည်။

*'အကြင်နာ မင်းပြောလိုက်တဲ့ စကားလေးတွေ ရင်မှာ သိမ်းထားလို့ လွမ်းခဲ့ပြီ'*

မျိုးမင်းကိုက 'မေမေ'ဆောင်ဘက်သို့ ကြည့်ပြီး ဆိုနေသည်။ သူ့အတွေးထဲမှာ ခင်ခင်သင်း ရှိနေမှာ အသေအချာပင်။

'ဆက်လက်ပြီး မေမေဆောင်က ညီမတွေအတွက် ဖျော်ဖြေမယ့်သူက နိုင်ထွေး'

ကျွန်တော့် စကားသံအဆုံး နိုင်ထွေးက Bass ကို တီးရင်း…

*'နှောင်ဘဝမှာ ပြန်လည်ဆုံဖို့ တောင်းဆုမပြုပါဘူး၊ လွမ်းစမှတ်ရည်တွေ ရင်မှာ သိမ်းထားမယ်'*

*'အဝေးဆုံး ××× အဝေးဆုံး ××× အဝေးဆုံးကို လှမ်း ××× လှမ်း ××× လှမ်းကာ ××× လှမ်းနေမယ်'*

*'လှမ်း ××× လှမ်း ×××'*

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့အားလုံး သံပြိုင်ဆိုသော အသံတွေက အတော်ကို ကျယ်လောင်သွားသည်။ ကျွန်တော်တို့ အသံတွေကြောင့် 'မေမေ' ဆောင်မှ ကျောင်းသူအခန်းအချို့ မီးမှိတ်ကုန်ကြသည်။

'ဂွမ်း… ဂွမ်း…'

'တော်… တော်…'

လင်းကွင်းသံနှင့် နှဲသံကပါ အော်သံတွေကြားထဲ ရှုးရှဲ ထွက်ပေါ်လာသည်။

'ရှူး… ရှူး…'

'ဝုတ်… ဝုတ်… အူး… အူး…'

ကျွန်တော်တို့ PKY 40 အဖွဲ့ကို မည်သူတွေ ကောင်းချီးပေးလေသလဲ၊ မပေးလေသလဲတော့ မသိ။

'မေမေ'ဆောင်နားရှိ ခွေးတွေကတော့ သံပြိုင်အူကြသည်မှာ အနီးနားပတ်ဝန်းကျင်ရှိ ခွေးတွေကပါ ညီညာစွာ လိုက်အူပေတော့သည်။

ဂစ်တာသံတွေ၊ ခွေးအူသံတွေနှင့် ဆူညံနေပေတော့သည်။

'ဒူ… ဝေ… ဒူ… ဝေ… ဝေ… အမျှ… အမျှ… အမျှ…'

'ဒူ… ဝေ… ဝေ… ဒူ… ဝေ… ဝေ…'

မထင်ထားပါ။

'မေမေ'အဆောင်ထဲမှ ကျွန်တော်တို့အဖွဲ့အား ရွဲ့ပြီး ကြေးစည်များထုပြီး အမျှဝေပေါ်တော့သည်။

ကျွန်တော်တို့ ပတ်ဝန်းကျင် အနီးနားမှာတော့ ခွေးအူသံ



ဂစ်တာသံ၊ ကြေးစည်သံတွေ ညံစီလို့နေတော့သည်။

'ဟော့… ရပ်ကြစမ်း'

မကြားပါ။

ခါတ်မီးရောင် တဝင်းဝင်းနှင့် လူငါးယောက်ခန့် ကျွန်တော်တို့နား ရောက်လာသည်။

'မင်းတို့ တက္ကသိုလ်ကျောင်းသားတွေ မဟုတ်လား၊ ဂစ်တာတီးတာ ရပ်လိုက်တော့၊ အရပ်ထဲ ဆူညံနေတာပဲ၊ ရပ်ကွက်ထဲမှာ သက်ကြီးရွယ်အိုတွေ ရှိတယ်၊ သွားကြတော့၊ နောက်တစ်ခါကျရင် အရေးယူမှာနော်၊ သွားကြတော့'

ရပ်ကွက်လူကြီးဟု ယူဆရသော လူကြီးတစ်ဦးက ကျွန်တော်တို့ကို လာတားပါသည်။

'ဟုတ်ကဲ့ပါ… အခုပဲ သွားပါ့မယ်'

နိုင်တွေး စကားအဆုံး ကျွန်တော်တို့တွေအားလုံး ကားပေါ် တက်ပြီး ကျွန်တော်တို့၏ PKY 40 တေးဂီတအဖွဲ့ကို သိမ်းလိုက်ရသည်။

'သွားပါပြီကွာ… ဉာဏ်စိုးဝင်းနဲ့ မင်းနိုင် အဲဒါ မင်းတို့ လင်းကွင်းနဲ့ နှဲကြောင့် ဖြစ်ရတာ၊ ငါ့ရဲ့ သီချင်းသံ ခင်ခင်သင်း ကြားရတော့ဘူး။ ဒီနေရာကို လာဆိုဖို့ဆိုတာက ငါတို့ သထုံဆောင် ကြာ အဝေးကြီးပဲ'

'ဟော့ကောင်… မျိုးမင်းကို၊ ဒါဆိုလည်း သူ့အခန်းရှေ့ တော်ပြန်ကျရင် မင်း သွားဆို၊ ငါတို့ကို မခေါ်နဲ့၊ တော်သေးရဲ့ကွာ၊ အခန်းခံရရင် မလွယ်ဘူး'

www.burmeseclassic.com

www.burmeseclassic.com



ဉာဏ်စိုးဝင်းနှင့်မျိုးမင်းကိုတို့၏ တစ်ယောက်နှင့်တစ်ယောက် စကားသံတွေကို တစ်လမ်းလုံး နားသောတဆင်လာရင်း သထုံဆောင်ရှေ့ ရောက်မှန်းမသိ ရောက်လာပါသည်။

❦

သချာတာကတော့ ထိုညကို မျိုးမင်းကိုတစ်ယောက် သူ့ဘဝမှာ မမေ့နိုင်သော ညတစ်ည ဖြစ်မှာကတော့ အမှန်ပင်ဖြစ်သည်။

❦ ❦ ❦

ပိတ်လို့မရတဲ့ တံခါးပေါက်တွေထဲမှာ
နှလုံးသားတံခါးက
အတော့်ကို ပိတ်ရခက်တာ. . .

www.burmeseclassic.com

www.burmeseclassic.com



(၅)

ဝိဇ္ဇာ ကင်တင်းမှ ကျွန်တော် ပြန်လာတော့ နေ့လယ် နှစ်နာရီ ခွဲနေပြီ။ ကျွန်တော့်အခန်းဖော် ဝေယံလင်းက ကျူတိုရီယယ်ရှိလို့ ကျွန်တော် အဆောင်သို့ တစ်ယောက်တည်း ပြန်လာခဲ့ရင်း ဗိုက်ဆာသဖြင့် ထမင်းဝင်စားခြင်း ဖြစ်သည်။

အချိန်နည်းနည်းရသဖြင့် တက္ကသိုလ်စာကြည့်တိုက်ထဲဝင်ပြီး ဆွက်သမျှ မဂ္ဂဇင်းလေး ဘာလေး ဖတ်နိုင်သလောက် ဖတ်ဦးမည် ဆိုပြီး စာကြည့်တိုက်ဘက်သို့ ဦးတည်လိုက်သည်။

ဤသည်မှာပဲ…

ကျွန်တော် ဘာကြောင့် သတိမထားမိပါသလဲ။ ကံ့ကော်ပန်းတွေများ ပွင့်ပြီး ဝေနေလိုက်တာ။ စာကြည့်တိုက်ရှေ့က ကံ့ကော်တောအုပ်ထဲမှာ ကံ့ကော်ပွင့်တွေက အလှချင်းပြိုင်နေသည်။

ကံ့ကော်ပွင့်တွေက ညကတည်းက ပွင့်နေတာဖြစ်မည်။

ကံ့ကော်ပင်အောက်က ခုံတန်းလျားတွေပေါ်မှာ ကျောင်းသူကျောင်းသားအချို့ ထိုင်နေကြသည်။

www.burmeseclassic.com

အဲ··· သို့သော် မြင်ကွင်းတစ်ခုကို ကျွန်တော် ကိုးလိုးကန့်လန့် မြင်နေရသည်။

ဆံပင်ရှည်ရှည်နှင့် ကျောင်းသူတစ်ဦးက ကုံကော်ပန်းပွင့်ကို လက်နှင့်မမီလို့ ထင်သည်။ ခုန်ပြီး ခူးနေသည်။ သူ့ဘေးက အဖော်ကျောင်းသူက ကြည့်ပြီး ရယ်နေသည်။ ပန်းကို ခုန်ခူးနေသော ကျောင်းသူကလည်း ကြည့်ဦး။ အရပ်က သိပ်မှမရှည်တော့ ရယ်စရာဖြစ်မှာပေါ့လေ။

သူ့ဘေးက အဖော်ကျောင်းသူကလည်း သည်အတိုင်းပါပဲ။ အရပ်က ပုအိုက်အိုက်နှင့်။ ပန်းခူးနေသည့် ကျောင်းသူထက်တောင် အရပ်က တော်တော်ပုသေးသည်။

'ဒီမှာ ဒီပန်းပွင့် ခူးမလို့လား'

'ဟုတ်တယ်၊ လှိုင် ကုံကော်ပွင့်တွေကို ခူးတာ အရပ်မမီလို့ ခုန်ခုန်ခူးနေရတာ'

'ရပါတယ်ဗျာ'

ကုံကော်ကိုင်းကို ခြေဖျားထောက်ပြီး ကျွန်တော့်လက်နှင့် ဆွဲယူရင်းမှ ကုံကော်ပွင့်ကို ခူးပြီး ထိုကျောင်းသူကို ပေးလိုက်သည်။

'ကုံကော်ပန်းက ခူးချင်တိုင်း ခူးလို့မရဘူး၊ ကျောင်းက ကန့်ထရိုက်ပေးထားတာ၊ ဒီလို တစ်ပွင့် နှစ်ပွင့်တော့ ရတယ်'

'လှိုင့်ကို ဒီလို ကံကော်ပန်းခူးပေးတာကို ကျေးဇူးတင်ပါတယ်'

အခုမှ ကျွန်တော် ကုံကော်ပန်း ခူးပေးသော ကျောင်းသူကို သေသေချာချာ ကြည့်မိသည်။



ဆံပင်ရှည်ရှည်နှင့်မြန်မာဆန်ပြီး ယဉ်ပါသည်။ ထူးခြားချက်ဘ ပါးနှစ်ဖက်မှာ ပါးချိုင့်ပါခြင်း ဖြစ်သည်။

လှိုင်ဆိုသော ကျောင်းသူသည် ကုံကော်ပန်းပွင့်တွေကို သူမဆံကေသာမှာ ပန်လိုက်ပါသည်။

ဘဝမှာ မိန်းမသားတစ်ဦး ပန်းပန်တာကို ကျွန်တော် ကြည့်နေရသည်မှာ တစ်မျိုးလေးတော့ ကြည်နူးဖို့ ကောင်းနေပါသည်။

'သွားပါဦးမယ်နော်'

'ဒါနဲ့ ဒီက ဘယ်မေဂျာကလဲ'

'ဓာတုဗေဒ ဂုဏ်ထူးတန်း ဒုတိယနှစ်ကပါ'

'ကျွန်တော်က အင်္ဂလိပ်စာ တတိယနှစ်ပါ၊ သထုံဆောင်မှာနေတယ်'

ကုံကော်ပင်တွေအောက်မှာ ကျွန်တော်နှင့် လှိုင်ဆိုသော အမျိုးသမီးရော သူမ သူငယ်ချင်းပါ လမ်းခွဲကြသည်။

ကျွန်တော်က သထုံဆောင်။

သူမကတော့ သူမ စာသင်ဆောင်ပေါ့။

စာကြည့်တိုက်ဆီသို့ မသွားဖြစ်တော့ပါ။

www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



'ကိုကြီးကျော်… ဇာတ်လမ်းက စလာပြန်ပြီလား၊ ဒီတစ်ခါ လည်း အလွမ်းလား၊ အကွဲလား'

ဝေယံလင်းက စာအုပ်တစ်အုပ်ကို ဖွင့်ဖတ်နေရင်းမှ ပြော လိုက်သည်။

'ဒါတော့ ငါတို့ ဘဝကို ပြဋ္ဌာန်းပေးထားတဲ့ ကံဇာတ်ဆရာ ပဲ သိမှာပေါ့ ဝေယံလင်းရာ၊ ဒီအမျိုးသမီးက မြန်မာတော့ အဆန်သား ငါ့အတွက် သည်တစ်ခါတော့ ဖူးစာရေးနတ်က တည့်သွားအောင် လမ်းညွှန်ပေးလိုက်တာလား မသိဘူး'

'ဒါမျိုးကလည်းဗျာ၊ ကိုကြီးကျော်နဲ့ကျမှ ဖြစ်မှ ဖြစ်တတ် တယ်ဗျာ၊ ဒီတစ်ခါတော့ ကိုကြီးကျော်နဲ့ ကျွန်တော်နဲ့ အတူတူနေလ ကြတာချင်းအတူတူ ကိုကြီးကျော်တစ်ယောက် ိုင့်ကိုများ ချစ်သွ ခဲ့ရင် ဘွဲ့တွေရ၊ လုပ်ငန်းခွင်တွေဝင်ရင်း မယောင် သားသမီးရေ ရပါစေလို့ ဆုတောင်းပေးပါတယ်ဗျာ'

ဝေယံလင်း စကားကို နားထောင်ေ ာ ကျွန်တော် ဘ စကားမှ မဆိုမိ။

'ဝေ လင်း… အဲဒါတွေ ထားဦး၊ ငါလည်း ကဗျာစာအု တစ်အုပ် ထုတ်မလို့၊ အခု ရွေးနေတယ်၊ ကဗျာဆိုတာထက် စက လုံးတွေပေါ့ကွာ'

'ရေးဗျာ ကိုကြီးကျော်၊ အဲ… စာလည်း ကျက်ဦးနော်'

ကျွန်တော်နှင့် ဝေယံလင်း စကားကောင်းနေစဉ်မှာပဲ…



'ရဲကျော်… အောင်နိုင်ဦးတို့ အခန်းမှာ ဝိုင်းကောင်းတယ်၊ ကွာ'

တင်ကိုကိုက ကျွန်တော့်ကို ပြောလိုက်သည်။

'ဘာ ကစားတာလဲ'

'တွမ်တီဝမ်းကွ'

'ဖိုးတင်ကို… ကြည့်လုပ်ဦးနော်၊ တော်ကြာ အဆောင်မှူး ားရင် မလွယ်ဘူး'

'စိတ်ချရမ်းပါကွာ၊ ဒီတာဝန်ကို လုံခြုံရေးအပြည့်အဝ ညက် းက တာဝန်ယူတယ်'

အဖော်ကောင်းသဖြင့် တင်ကိုကိုနှင့်အတူ အောင်နိုင်ဦး၏ းသို့ ကျွန်တော် ပါသွားပါသည်။

အဲဒီမှာပဲ…

❦

အောင်နိုင်ဦး၏ အခန်းက လူတော်တော်စုံသည်။ အဆောင် ထပ်က ကျောင်းသားတွေလည်း ပါသည်။

'ရဲကျော်… တံခါးကို သေသေချာချာပိတ်'

အောင်နိုင်ဦးက ဖဲထုပ်ကို ကိုင်ထားရင်းမှ လှမ်းသတိပေး

'ဟေ့ကောင်… ညက်စိုးဝင်း၊ အပြင်မှာ နေမယ်ဆိုပြီး သို့ ဝင်လာတာလဲ'

www.burmeseclassic.com

www.burmeseclassic.com



'အောင်နိုင်ဦးကလည်းကွာ... ဒီအချိန်ဆို အဆောင်မှူး တ
ထိုင်နေကျကွာ၊ ငါလည်း ဖဲရိုက်တာ ကြည့်ချင်တာပေါ့'

'အေး... ဒါဆိုရင်လည်း ပြီးရော၊ ကဲ... ဒိုင်ရွေးမယ်

ဖဲချပ်များကို ဝေသောအခါ တင်ကိုကိုက 'ဗန့်'ကစားဖို့ အ
ဒိုင်ကိုင်ရသည်။

'ဖိုးတင်ကို... ခင်ဗျား ဖဲကစားတာ ဒိုင်ကိုင်တာ မတွေ့
ဘူးနော်'

'ဟေ့ကောင်... ရဲကျော်၊ ငါ လူလည်ပါကွာ၊ မင်း ထိုး
ထိုး၊ မထိုးချင် နေ'

'ခင်ဗျား ဒိုင်ကိုင်ရင်တော့ မထိုးဘူး'

'အေး... ဒါဆိုလည်း ပြီးရော'

တင်ကိုကိုက ဖဲကို စဝေပါသည်။ ဝိုင်းထဲမှာ ငွေက ခု
လောက် ရှိသည်။

'ကဲ... ဆွဲချင်သူတွေ ဆွဲကြ'

တွမ်တီဝမ်းမှာ တင်ကိုကို ကျွေးရသည်။ ဖဲကို တင်
ကြည့်ပြီး အေးအေးဆေးဆေး ပုံစံနှင့် သေချာပြီ။ အနည်းဆုံး
ဆယ့်ရှစ်၊ ဆယ့်ကိုးလောက်ရှိပြီး တင်ကိုကို့မျက်နှာကြည့်ပြီး
ဝိုင်းဆွဲကြသည်။

'အားလုံး တော်ပြီလား'

'တော်ပြီ'

အောင်နိုင်ဦးဆီမှ အသံထွက်လာသည်။

'ကဲ... အားလုံးကို ဖမ်းတယ်၊ လှန်...'



မှောက်ထားသော ဖဲချပ်များကို လှန်ပြသည်။

'ဖိုးတင်ကို... နေပါဦး၊ ခင်ဗျားဖဲက ဘာမို့လို့လဲ၊ ပြောလိုက်
'

'ပြမှာပေါ့၊ ရဲကျော်ရေ... ဒီမှာကြည့်'

တင်ကိုကိုက သူ့လက်ထဲက ဖဲချပ်နှစ်ချပ်ကို လှန်ပြလိုက်
ည်၊ ဖဲက စတိတ်ကင်း တစ်ချပ်၊ စပိတ်လေး တစ်ချပ်'

'ဟေ့လူ... ခင်ဗျားက ဖဲလှန်ခိုင်းတာ အပွင့်မှ မပြည့်တာ၊
တီဝမ်းဆိုတာ အနည်းဆုံး ဆယ့်ခြောက်ရှိရတယ်'

'ဟေ... ဟာ... သွားပါပြီ၊ ငါ ရှမ်းကိုးမီးနဲ့ မှားသွားပြီ၊
ဆိုပြီး ငါက ငြိမ်နေတာ'

'ဘာကြောင်နေတာလဲဗျာ၊ ကိုတင်ကို... ခင်ဗျား တစ်ဝိုင်း
လျော်ပေတော့'

ဉာဏ်စိုးဝင်းက ဒေါသတကြီး ပြောလိုက်သည်။

'ခင်ဗျားကို အဲဒါကြောင့် ပြောတာပေါ့ဗျာ၊ မကစားတတ်
ကစားပါနဲ့လို့ ဆိုတာ၊ ကဲ... အခု ခင်ဗျား လျော်ရပြီ၊ လျော်

ဘေးနားက ကျောင်းသားတွေကလည်း အောင်နိုင်ဦး စကား
ပွစိပွစိနှင့်...

မသာမယာသော မျက်နှာမျိုးနှင့် တင်ကိုကိုတစ်ယောက်
င်းလုံး လျော်လိုက်ရပြီး ဘေးထွက်ထိုင်ရပါတော့သည်။

'ဟဲ... ဟဲ... ငါ နည်းနည်းလေး လွဲသွားတယ်ကွာ'

'ခင်ဗျားကလည်းဗျာ၊ သေသေချာချာ စဉ်းစားပါလား'

www.burmeseclassic.com

www.burmeseclassic.com



'မဟုတ်ဘူးကွ၊ ဝိုင်းထဲက ပိုက်ဆံတွေ များနေတော့ လေ
က တက်တာကိုး'

အောင်နိုင်ဦး ဒိုင်အလှည့်မှာ ဖဲဝိုင်းက တော်တော်
ကောင်းနေသည်။ ကျွန်တော်တောင် ဒိုင်စားစားတာ အတော်
ဟုတ်နေသည်။

'ဟော့... မောင်ဉာဏ်စိုးဝင်းနဲ့ မောင်တင်ကိုကို 'ဖန်'
လို့ကတော့ လှည်းတန်းမှာ Table တစ်ပွဲ အဆင်သင့်ပြင်တော့

'စိတ်ချ... ဟော့ကောင်၊ ငါ့အရင်းတော့ ပြန်ပေး'

'ပေးမယ်... ပေးမယ်၊ စိတ်ချ'

ဖဲသမားများ ဖဲကောင်းလို့ကတော့ စကားသံက ည
နေသည်။

ထိုစဉ်မှာပဲ...

'ဟော့ကောင်တွေ... တံခါးဖွင့်စမ်း'

ဖဲထဲမှာ စိတ်ရောက်နေတုန်း အပြင်ဘက်က ခေါ်သံ
အားလုံး ပိတ်ထားသောတံခါးဆီသို့ မျက်စိတွေက ရောက်သွား

'ဘယ်သူလဲကွာ၊ ဒီမှာ ဇာနဲ့ပတ်သက်ပြီး တိုင်ပင်

အောင်နိုင်ဦးက ဖဲကိုပွတ်ရင်းမှ လှမ်းပြောလိုက်သည်

'အဆောင်မှူးကွ... မင်းတို့ ဖဲရိုက်နေတာ ငါသိတယ်၊



တံခါးဖွင့်'

အခန်းထဲက လူတွေထံမှ ဘာစကားသံမှ ထွက်မလာ။ ရုတ်ခြည်းဆိုသလို တိတ်ဆိတ်သွားသည်။

ဉာဏ်စိုးဝင်းက တံခါး ဖွင့်ချင် မဖွင့်ချင်သလိုနှင့် ဖွင့်လိုက်သည်။

အခန်းဝရှေ့မှာ ခါးထောက်နေသော အဆောင်မှူးကို တွေ့ရသည်။

'မင်းတို့အားလုံး ငါ့အခန်းကို လိုက်ခဲ့ကြ'

အဆောင်မှူး နောက်မှ အားလုံး တန်းစီပြီးလိုက်ပါလာသည်ကို တချို့ အဆောင်ကျောင်းသားတွေက ဝိုင်းကြည့်နေကြသည်။

ထို့နောက်တော့ အဆောင်မှူး၏ ဩဝါဒများကို နာယူရင်း ကျွန်တော်တို့တစ်တွေ ဝန်ခံကတိ လက်မှတ် ရေးထိုးရပါတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဓာတ်လမ်းက သည်မျှတင် မပြီးပါ။

လှည်းတန်းက ရွှေနှလုံးသားလက်ဖက်ရည်ဆိုင်မှာ လက်ဖက်ရည်သောက်ရင်း လုံခြုံရေးအဖြစ် တာဝန်ယူသော ဉာဏ်စိုးဝင်းကို ပေါ်လျှော့မှုအဖြစ် အားလုံးက ဝိုင်းဆူကြပါသည်။

ဉာဏ်စိုးဝင်းခမျာ မျက်လုံးလေး ပေကလပ် ပေကလပ်နှင့် လှည်းတန်းမီးပွိုင့်ကြီးကိုသာ သူ့ခမျာ စိုက်ကြည့်နေရရှာတော့သည်။



တက္ကသိုလ်ထဲမှာ အပြိုင်အဆိုင်
သူ့ထက် ငါ ပွင့်နေတဲ့
ကံ့ကော်ပွင့်တွေအားလုံးထက်
မင်းရဲ့ ပါးပြင်ပေါ်က ပါးချိုင့်နှစ်ခွက်က
ပိုလို့ အဖိုးအနှုန်း ထိုက်တန်တယ်။

www.burmeseclassic.com

www.burmeseclassic.com



(၆)

ကံ့ကော်ပင်တွေ အောက်မှာ ထိုင်လို့လားတော့ မသိ။ ကံ့ကော်ပန်းရနံ့တွေက မွှေးပျံ့လို့နေသည်။ စိတ်ကူးယဉ်ပြီး ပြောရဖြ ရမည်ဆိုလျှင် ထိုကံ့ကော်ပန်းရနံ့တွေကို သိုလှောင်ထုပ်ပိုးပြီး ပန်းရနံ့များ သိမ်းဆည်းသိုမှီးသော နေရာတစ်ခုမှာ သွားပြီး သိမ်းဆည်းထားချင်မိပါသည်။

တစ်ခါတလေ တစ်ယောက်တည်း တွေးချင်ရာ တွေးရတာ ကကယ့်ကို အရသာရှိလှပါသည်။

'ဟာ… ရဲကျော်၊ အတော်ပဲ'

ကျွန်တော့်အတွေးတွေ ပျက်သုဉ်းသွားပါသည်။ ကျွန်တော့်ရှေ့မှာ ဉာဏ်စိုးဝင်း ရောက်နေလို့ပါ။

'သွားပါပြီကွာ၊ ဒီမှာ ငါဘာသာငါ အပီယူနေတာ'

'ယူနေတာ အသာထားပါကွာ၊ မင်း အားရင် ငါနဲ့ လိုက်ခဲ့ပေးစမ်းပါ'

'ဘယ်ကိုလိုက်ရမှာလဲ ဉာဏ်စိုးဝင်းရ'

www.burmeseclassic.com

www.burmeseclassic.com



ညဏ်စိုးဝင်းက ကျွန်တော့်ဘေးမှာ ထိုင်ရင်း…

'ငါမှာကွာ… ကိုယ့်ထမင်းကိုယ်စားပြီး ကြီးတော်နွားကျောင်းရတဲ့ကိန်း ဆိုက်နေပြီ၊ မျိုးမင်းကိုပေါ့ကွာ… အခု ခင်ခင်သင်းနဲ့ ကဗျာစာအုပ်ကိစ္စကစလို့ အဝင်အထွက် ဟုတ်နေတယ်လေ၊ ဒီကောင်နဲ့ ခင်ခင်သင်းကရော ငါ့ကို တာဝန်ပေးပါလေရော၊ နက်ဖြန် ခင်ခင်သင်း မွေးနေ့တဲ့၊ အဲဒါ မရှိနွမ်းပါးတဲ့ ကလေးတွေရှာပြီး အာဟာရဒါန လုပ်ချင်လို့တဲ့၊ ငါ့ကို စာရင်းလိုက်ကောက်ခိုင်းတယ်ကွာ၊ ဘာမှာသွားရှာရမှန်း မသိဘူး'

သည်အတိုင်းဆို မျိုးမင်းကိုဆိုသည့်ကောင်က အတော်လမ်းကြောင်းသင့်ပြီဟု ယူဆလို့ရသည်။

'ဒါများကွာ… အခု လကုန်ရက် ရောက်နေပြီ၊ အဆောင်မှာ ကျောင်းသားတော်တော်များများက ပိုက်ဆံပြတ်လို့ ဟိုပေါင်၊ ဒီပေါင် မရှိနွမ်းပါး ဖြစ်နေကြတာ၊ သူတို့ကို အာဟာရဒါနအဖြစ် ထမင်းကျွေးရင် ရတာပဲ၊ ဘယ်လောက် ဝမ်းသာကြမလဲ'

'ဟာကွာ… မင်းကလည်း'

ကျွန်တော့် စကားကြောင့် ညဏ်စိုးဝင်း မျက်နှာ ဝမ်းနတ်ဆေးစားသလိုမျိုး ရှုံ့တွသွားသည်။

'ဟိုက ကလေးတွေတဲ့ကွ'

'ဒါဆို မင်း သိပ် ရှည်ရှည်ဝေးဝေး ရှာမနေနဲ့၊ ဒီကျောင်းထဲက သန့်ရှင်းရေးလုပ်တဲ့ ဝန်ထမ်းမိသားစုတွေမှာ ကလေးတွေ အများကြီးပဲ၊ သူတို့ကို စာရင်းပြုစုလိုက်၊ သူတို့ကို ကျွေးလိုက်၊ အိုကေပဲ'

'ရဲကျော်… မင်းအကြံ မဆိုးဘူး၊ ငါ ဆက်ပြီး စီစဉ်လိုက်မယ်၊ မင်း ဆက်ထိုင်နေတော့'



ကျွန်တော့်အနီးနားကနေ ညဏ်စိုးဝင်းတစ်ယောက် သုတ်ခြေတင် ထွက်သွားပါသည်။

သည်ကောင်က သူငယ်ချင်းတွေအပေါ်တော့ အတော်စိတ်ရင်းကောင်းသည်။ ဝိတ်ပေါ ဖြစ်နေတာလေးပဲ ဆိုးသည်။ သည်ကောင့်ကို 'ဝိတ်ပေါ'လို့ ခေါ်လည်း သည်ကောင် စိတ်မဆိုး။

တက္ကသိုလ်မှာ သည်လိုသူငယ်ချင်းမျိုးတွေလည်း ရှိတတ်တာပဲလေ။

တက္ကသိုလ်မှာ ကံ့ကော်တွေက ဝေနေအောင်ပွင့်နေလိုက်တာ။ ကံ့ကော်ဝတ်ဆံကို သနပ်ခါးနဲ့သွေးလိမ်းရင် သိပ်မွှေးတယ်လို့ ပြောကြတယ်။ ကံ့ကော်ဝတ်ဆံကို ကျောက်ပျဉ်မှာသွေးပြီး ချစ်သူရဲ့ ပါးနှစ်ဖက်မှာ လိမ်းပေးချင်ပါတယ်။ ဘာဖြစ်လို့လဲဆို ကျောက်ပျဉ်မှာ သွေးနေတဲ့ လက်ချောင်းတွေထဲမှာ မေတ္တာတရားတွေ ပါဝင်နေလို့ပါပဲ။

ကံ့ကော်ပင်အောက်က ခုံတန်းလျားမှာ ကျွန်တော် ဗလာစာအုပ်ဖွင့်ပြီး ရေးနေမိပါသည်။

'ဘာတွေရေးနေတာလဲ… ရည်းစားစာလား၊ ကံ့ကော်ပန်း မခူးပေးတော့ဘူးလား'

ကျွန်တော့်ရှေ့မှာ ကြားဖူးနေကျ အသံမျိုး ဖြစ်သည်။ ကြည့်လိုက်တော့…

www.burmeseclassic.com

www.burmeseclassic.com



လက်ထဲမှာ စာအုပ်ထူထူ နှစ်အုပ်ကို ကိုင်ထားသော လှိုင် ဖြစ်လို့နေပါသည်။

‘ဘယ်လာတာလဲ’

‘စာကြည့်တိုက်မှာ စာအုပ်လာငှားရင်း ရှင့်ကိုမြင်လို့ အဲ… ကော်ပန်းလည်း ခူးခိုင်းချင်လို့’

တိုက်ဆိုင်လှပါသည်။ ကံ့ကော်ဝတ်ဆံအကြောင်း ဗလာ စာအုပ်ထဲမှာ ကျွန်တော် ရေးနေစဉ်မှာ လှိုင်က ရောက်လာပြီး ကံ့ကော် ပန်း ခူးခိုင်းသည်။

‘ရပါတယ်… ကျွန်တော် ခူးပေးပါ့မယ်’

အနီးနားက ကိုင်းကနေ ကံ့ကော်ပွင့် သုံး၊ လေးပွင့် ခူးပေး လိုက်သည်။ လှိုင်က ကျွန်တော် ခူးပေးသော ကံ့ကော်ပွင့်တွေကို ပန်လိုက်သည်။

‘ကျေးဇူးပါပဲ၊ နောက်လည်း ကြုံရင် ဒီလိုပဲ ခူးပေးရမယ် နော်၊ ပရက်တီကယ်တစ်ချိန်ရှိသေးလို့ သွားလိုက်ဦးမယ်’

ကျွန်တော့်အနီးအနားမှနေပြီး လှိုင်သည် ကံ့ကော်ရွက်ခြောက် များကို သူမ စီးနင်းထားသော ဖိနပ်ဖြင့် ရက်ရက်စက်စက် နင်းပြီး ထွက်ခွာသွားပါသည်။

ဘယ်လိုကြောင့်လဲတော့ မသိ။ ကျွန်တော် နည်းနည်းတော့ ရင်ခုန်မိလျက်သား ဖြစ်သွားပါသည်။



‘ဘာကွ… လှိုင်… ဟုတ်လား၊ ဟော့ကောင်… ဝေယံလင်း၊ ကျော်တော့ ဓာတ်လမ်းရှာလာပြန်ပြီ ထင်တယ်၊ ဒီမှာ အဆောင်က ...းတဲ့ အမဲသားဖတ်က အရွတ်ကြီးတွေဖြစ်ရတဲ့အထဲ ထမင်းစား ...အောင် လာလုပ်နေပြန်ပါပြီကွာ’

အဆောင်က ထမင်းစားဆောင်မှာ တင်ကိုကိုအား ကျွန်တော် ... လှိုင်နှင့်ပတ်သက်တာကို ပြောပြသောအခါ တင်ကိုကိုက ဝေယံ ...င်းကို ပြောလိုက်ရင်း လက်ထဲ ကိုင်ထားသော အမဲသားဖတ်ကို ...ိုက်သည်။

‘ကိုကြီးကျော်က အဲဒီ လှိုင်နဲ့ စတွေ့ကတည်းက ကျွန်တော့် ... ပြောပြတာ’

‘ဘာဖြစ်လို့ မင်းက ငါတို့ကို သတင်းမဖြန့်သလဲ ဝေယံလင်း ...’

‘ကိုကြီးကျော် အရင်လိုဖြစ်သွားမှာစိုးလို့ပါ’

ဝေယံလင်းနှင့်တင်ကိုကိုတို့ ပြောဆိုနေကြသည်ကို ကျွန်တော် ...င်းစားနေရင်းမှ ဘာမှ စောဒကမတက်မိ။

‘ဒီကောင်ကလည်းကွာ… ရုပ်ရှင် ဝတ္ထုဆန်ဆန် ဖြစ်မှဖြစ် ...တယ်ကွာ၊ အခု လှိုင်နဲ့ တွေ့တာကလည်း ရုပ်ရှင်လိုပဲကွနော်၊ ... ငါကြိုက်တဲ့ နိုင်ဆိုတဲ့ ငါ့မြတ်နိုးသူနဲ့လည်း ဒီလိုတွေ့ဆုံခဲ့ရင် ... Romance ဖြစ်နေမှာ’

ပြောရင်းဆိုရင်း တင်ကိုကို ဘာဖြစ်သွားသည်မသိ။ မျက်နှာ ...ညှိုးလျော့သွားသည်။

‘တော်ပြီကွာ… ထမင်းမစားတော့ဘူး၊ အချစ်ဆိုတာ ကြုံ

www.burmeseclassic.com

www.burmeseclassic.com



ကြိုက်တိုက်ဆိုင်လာရင် ခံစားမှုက ပြန်အသက်ဝင်လာတယ်ကွ
ဒီခံစားမှုတွေကို နိုင့်အတွက် ရည်ရွယ်ပြီး ဒီည ကဗျာရေးရမယ်
ချစ်သူအတွက်ပေါ့၊ မင်းတို့ လက်ဖက်ရည်သောက် မခေါ်နဲ့တော့

ဩော်... လို့သာ ဆိုရပါမည်။ ကျွန်တော်နှင့် လှိုင်အကြော
ပြောနေရင်းက တင်ကိုကို ကြိုက်နေသည့် 'နိုင်' ဆိုသော ကောင်
လေးအကြောင်း ဘယ်လိုစကားစရောက်သွားပါလဲလို့။

'ဟေ့ကောင်တွေ... အဆောင်နည်းပြ ဦးမြင့်ဆွေက မှာလိုက်
တယ်။ ရဲကျော်တို့၊ ဝေယံတို့၊ တင်ကိုတို့ ထမင်းစားပြီးရင် သူ့အခန်း
လာခဲ့ဦးတဲ့၊ ငါကတော့ ထမင်းစားပြီးမှ လိုက်ခဲ့မယ်'

တင်မောင်ဆွေက ကျွန်တော်တို့ရှိရာသို့ ရောက်လာပြီး ပြော
လိုက်သည်။

'ဒုက္ခပါပဲ၊ ဘာတွေများ လုပ်မှာမို့လို့ ငါတို့အုပ်စုကို ခေါ်
လဲမသိဘူး၊ နိုင့်အတွက် ကဗျာမရေးရတော့ပါဘူးကွာ၊ 'နိုင်' အဲဒါ

'ဟေ့လူ... ရုပ်ကြမ်းကြီးနဲ့ နွဲ့မနေနဲ့၊ ထမင်းဆက်စားမလာ
မစားဘူးလား ပြော'

'မစားဘူး'

တင်ကိုကိုကလည်း ပြတ်သားပါသည်။

'ဘယ်စားမလဲ၊ ကျွန်တော်တို့ မလာခင် ဉာဏ်စိုးဝင်း အခ
မှာ ခေါက်ဆွဲခြောက်အထုပ်ကို ပြုတ်ပြီးသောက်ပြီးပြီ၊ ဒါကြော
လျှောက်ပြောနေတာ'

'ဝေယံလင်းရာ... အဲဒါဆိုလည်း ပြောတာမဟုတ်ဘူး၊
ပြောတာ အညောင်းခံပြီး နားထောင်နေရသေးတာ'



သည်လိုကျတော့လည်း တင်ကိုကိုက ပြုံးလို့နေပါသည်။
ထို့နောက် ကျွန်တော်တို့ ဆရာဦးမြင့်ဆွေ အခန်းသို့ ထွက်လာ
သည်။

'ရဲကျော်တို့... လာ... ထိုင်ကြ'

ဆရာဦးမြင့်ဆွေ အခန်းရောက်တော့ ဆရာက ကျွန်တော်တို့
ကို လွှတ်နေသော ခုံတွေမှာ ထိုင်ခိုင်းသည်။

'ရတနာဆောင်က ဒီနှစ် Dinner မှာ ဟာသပြဇာတ်တို့
ထည့်မယ်၊ အဲဒါ ရဲကျော်၊ မင်းတို့က ဦးဆောင်၊ ဇာတ်လမ်း
ပြီး ဇာတ်တိုက်ပေးရမယ်၊ လူတွေ ဘာတွေလည်း ရွေးပေးရမယ်၊
တော့ အဆောင်မှူးက ငါ့ကို ဖုန်းဆက်ပြီးပြီ၊ ဒီည ခုနစ်နာရီ
နာဆောင်ကို မင်းတို့ သွား၊ ဟဲခါးလာဖွင့်ပေးလိမ့်မယ်၊ အဆောင်
မင်းတို့ လုပ်ချင်တာကို ညှိ'

ဆရာဦးမြင့်ဆွေ စကားအဆုံး မျက်နှာဝင်းပဆုံးက တင်ကိုကို
ဖြစ်သည်။ စောစောကလိုမျိုး မဟုတ်တော့။ မျက်နှာကို ပျားရည်
တ်ထားသလိုပင်။

'တစ်ခါဖူးမှ မိန်းကလေးဆောင်ထဲ ညဘက် အတွင်းကျကျ
ဖူးတာ ထီဆယ်ခါပေါက်တာထက်တောင် ကံကောင်းတယ်'

'ဗိုးတင်ကို... ပျော်ဘာတွေ ခဏထား၊ ဟိုရောက်ရင် ဘယ်

www.burmeseclassic.com

www.burmeseclassic.com



လိုပြဇာတ်မျိုး လုပ်ရမယ်၊ ဘယ်လိုရယ်စရာ လုပ်ရမယ်ဆိုတာ အ
ကတည်းက စဉ်းစားထား'

'ကိုကြီးကျော်ကလည်းဗျာ၊ ဟိုရောက်မှ သူတို့ အနေအထ
ကြည့်ပြီး ဘာလုပ်သင့်တယ်ဆိုတာ စဉ်းစားတာ အကောင်းဆုံးပဲ'

'မှန်ကန်သင့်မြတ်တာပေါ့ မောင်ဝေယံလင်းရာ'

ဆရာဦးမြင့်ဆွေ အခန်းက ပြန်လာပြီး အခန်းထဲမှာ ကျွန်တေ
တို့ တိုင်ပင်နေခြင်းဖြစ်သည်။

❦

အဲဒီညမှာပေါ့။ ရတနာဆောင်ဆီသို့ ကျွန်တော်တို့ ရောက်ခဲ့
မှ အစပြုလို့...

❦

'အဆောင်မှူးက မှာထားတယ်၊ လာကြ'

'ရတနာ'အဆောင် စောင့်သော ဦးလေးကြီးက ကျွန်တော
အုပ်စုကို တံခါးဖွင့်ပေးသည်။

မိန်းကလေးချည်းများသာ နေသော 'ရတနာ'ဆောင်သ
ကျွန်တော်တို့ ယောက်ျားလေးချည်းများသာနေသော 'သထုံ'ဆေ



နှင့် စကားများတာချင်းက အတူတူပင်။ သို့သော် ခြားနားချက်က
မိန်းကလေးချင်း ညဘက် အခန်းကူး၍မရ။

ဘဝမှာ တစ်ခါဖူးမှ မိန်းမတွေချည်း နေထိုင်သော အဆောင်
ကို အခုမှရောက်ဖူးသဖြင့် သူများတွေတော့ မသိ။ ကျွန်တော်ကတော့
င်တွေ ဘာတွေ နည်းနည်းတုန်နေသည်။

အဆောင်မှူး နေထိုင်သောအထပ်က တတိယထပ်မှာရှိသဖြင့်
အပေါ်ထပ်သို့ ကျွန်တော်တို့အား အဆောင်နည်းပြ ဆရာမတစ်ဦး
ခေါ်ဆောင်သွားသည်။

အဆောင်မှူးဆီသို့ သွားရာလမ်းတစ်လျှောက်မှာ တချို့
ကျောင်းသူတွေက သူတို့အခန်းထဲမှနေ၍ ပြူတစ်ပြူတစ် ကြည့်နေ
ကြသည်။

'ကဲ... လာ... ထိုင်ကြဦး'

အဆောင်မှူး ဆရာမကြီးက အခန်းထဲသို့ ဝင်ဝင်ချင်းမှာပဲ
ကျွန်တော်တို့ကို ထိုင်ခိုင်းသည်။

'ဆရာဦးမြင့်ဆွေလည်း ပြောထားပြီးပြီပဲ၊ ဒီတော့ အဆောင်
က အီးစီတွေနဲ့ ညှိကြ ဘာလုပ်ကြမလဲဆိုတာ'

မကြာပါ။ အဆောင်မှ အီးစီဆိုသော ကျောင်းသူများ အခန်း
ထဲသို့ ရောက်လာသည်။

'ကဲ... အီးစီတွေ ဧည့်သည်တွေကို အဖျော်တိုက်လိုက်
ဦး'

အဆောင်မှူး၏ စကားသံအဆုံး ကျောင်းသူနှစ်ယောက်က
အအေးဖျော်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က မထင်မှတ်ဘဲ အအေးလာချပေးသော အီးစ
တစ်ဦးကို ကြည့်လိုက်တော့ လှိုင် ဖြစ်လို့နေပါသည်။ ညမို့လို့လား
မသိ။ ကုံကော်ပန်းတော့ မပန်ထားပါ။

'သြော်… ဓာတ်တိုက်ပေးမှာ ရှင်တို့အဖွဲ့ကိုး'

လှိုင်က ထိုသို့ပြောတော့ သူငယ်ချင်းတွေက ကျွန်တော့်ကို
ဝိုင်းကြည့်လိုက် အကဲခတ်လိုက်နှင့်။

'ဒါနဲ့ ပြဇာတ်မှာ သရုပ်ဆောင်မှာက ဘယ်သူတွေလဲ'

ကျွန်တော့်အမေးစကားအဆုံး အီးစီကျောင်းသူတစ်ဦးက…

'မိန်းမဆောင်ဆိုတော့ အဖွဲ့က တစ်ဖွဲ့စီ ကွဲနေတယ်။ သူပ
ရင် ကိုယ်မပါဘူး၊ ကိုယ်မပါရင် သူပါမယ်နဲ့ ဖြစ်နေတယ်'

'ဒီလိုလုပ်လို့ မရဘူးလေ၊ ဒီတော့ ဘယ်သူ သရုပ်ဆောင်ချ
လဲ၊ အဲဒီကျောင်းသူတွေကို စာရင်းကောက်၊ အဲဒီလူတွေကိုမှ ဖြစ်နိုင
ချေရှိတဲ့လူကို ရွေးပြီး ကျွန်တော်တို့က ဓာတ်တိုက်ပေးရမှာ၊ ဒါ
ပြဇာတ်က ဘယ်လောက်စာလဲ'

ကျွန်တော့်စကားအဆုံးမှာ…

'လှိုင်တို့ အီးစီတွေ စီစဉ်ထားတာက နာရီဝက်စာလောက်ပေ
တီးဝိုင်းတွေ ဘာတွေ ပါဦးမှာလေ'

ကျွန်တော်က လှိုင် အပါအဝင် အီးစီကျောင်းသူတွေကို ကြည
လိုက်ရင်း…

'ဒါဆို တစ်ခန်းရပ်ပြဇာတ်ပဲ ကောင်းမယ်၊ ဒီလိုလုပ်…
ကျွန်တော် အခု ဒီအဆောင်ကိုလာရင်း စဉ်းစားထားတာ ရှိတယ
အဲဒါက အခုချိန်မှာ ဒေါ်လာစားတွေခေတ်စားနေတော့ ဒီသာပါမော



ကြီးရဲ့ သမီးကို ကြင်ရာရွေးတာ နိုင်ငံအသီးသီးက သတို့သား၊
အင်ဂျင်နီယာ၊ အဆိုတော် စသဖြင့်ပေါ့။ အဲဒီထဲကမှ ဒေါ်လာစား
သတို့သားကို ရွေးတဲ့အကြောင်းလေးဆို မဆိုးဘူး၊ ရယ်လည်း
ရယ်ရမယ်၊ သင်ရပြုရတာလည်း ခက်မှာမဟုတ်ဘူး'

'ဟာ… ကောင်းတယ်၊ ရယ်ရရင် ပြီးရော'

အီးစီကျောင်းသူတွေက ဝိုင်းထောက်ခံကြသည်။

'ဒါဆို မနက်ဖြန်ည ကျွန်တော်တို့ လာခဲ့မယ်၊ ပါဝင် သရုပ်
ဆောင်ချင်တဲ့လူ ရွေးတာပေါ့'

ထို့နောက်တော့ ပြဇာတ်အစီအစဉ်များကို ပြောကြ ဆိုကြရင်း
သထုံဆောင်သို့ ပြန်လာခဲ့ကြသည်။

❦

'ရဲကျော်ရာ… မင်းရဲ့ ကံဇာတာတက်ပုံကတော့ကွာ၊ ဓာတ်
ဆရာလည်း ဖြစ်ရ၊ ဟော… လှိုင်နဲ့ တွေ့ရ၊ ပြီးတော့ လှိုင်က မင်း
ဓာတ်တိုက်ရမယ့် အဆောင်က အီးစီ။ ဒီတစ်ခါမှ မင်း မစွံရင်
မင်းလောက် အသုံးမကျတဲ့လူ ကမ္ဘာပေါ်မှာ မရှိတော့ဘူး'

တက္ကသိုလ် ဆေးရုံနားက လက်ဖက်ရည်ဆိုင်မှာ ကျွန်တော်
တို့တွေ ထိုင်နေတုန်းမှာ တင်မောင်ဆွေက ပြောလိုက်သည်။

'ကိုယ့်ကို တာဝန်ပေးထားတဲ့ ကိစ္စတစ်ခုရှိနေတုန်းမှာ အဲဒီ
တာဝန်ကို ခုတုံးလုပ်ပြီး ကိုယ့်အတွက် အကျိုးအမြတ် မလုပ်ချင်ဘူး'

'တော်ကြာ ဓာတ်လာတိုက်ပေးတဲ့ လူတွေက 'အနိုကြောင်'

www.burmeseclassic.com

www.burmeseclassic.com



နှာဘူးတွေပဲလို့ အပြောမခံပါရစေနဲ့ကွာ၊ ဒါတွေထားလိုက်၊ ဇာတ်လမ်းကိုစွ ဆက်ကြရအောင်’

ထို့နောက်တော့ ပြဇာတ်နှင့်ပတ်သက်ပြီး ဘာလေးလုပ်ရင်ကောင်းမယ်၊ ဘယ်လို အကွက်ချမည် စသည်ဖြင့် ပြောဆိုဆွေးနွေးကြရင်း အဆောင်သို့ ပြန်လာခဲ့သည်။

❦

နောက်တစ်နေ့ နံနက်စောစောမှာတော့ နာရီဝက်စာ ပြဇာတ်ကို ကျွန်တော် စရေးတော့သည်။

ကမ္ဘာကျော် ပြဇာတ်ရေး ဆရာကြီးများဖြစ်သော ဘားနတ်ရှော၊ ရှိတ်စပီးယား၊ အာသာမီလာ၊ ဘတ်ကက်၊ ကမျူးတို့ကို ကျွန်တော်သနားသည်။

ကျွန်တော် ပြဇာတ် ‘ကြင်ရာတော် လေးတင်ခန်း’ က နေ့လယ်မှာပင် ပြီးသွားပါသည်။

မပြီးဘဲ မေတ္တာပို့သူက ဝေယံလင်းပါ။ ဘာကြောင့်လဲဆိုပဲပင်ပေါက်လို ဖြစ်နေသော ကျွန်တော့်လက်ရေးကို သည်ကောင်က စာမျက်နှာ တစ်မျက်နှာပြီးတိုင်း အချောပြန်ရေးရသောကြောင့်ပင် ဖြစ်သည်။

❦ ❦ ❦



ရှက်တတ်မယ်ဆို
ကိုယ့်နှလုံးသားဟာ
အကြိမ်ကြိမ် သတ်သေသင့်လောက်ပြီ။
နှလုံးသားခမျာ
အရှက်တရားကင်းပုံများ
အချစ်ကို
ကလေးငယ် ငိုယိုပြီး
မုန့်တောင်းသလို ပူဆာနေလိုက်တာ။
(ဟင်း… ပြောမပြောချင်ဘူး)

www.burmeseclassic.com

www.burmeseclassic.com



(၇)

"ရတနာ" ဆောင် ညစာစားပွဲအတွက် ကျွန်တော်တို့အဖွဲ့တင်ဆက်သော 'ကြင်ရာတော် လေးတင်ခန်း' ပြဇာတ်က အတော်အောင်မြင်ပါသည်။ ညစာစားပွဲသို့ လာကြသော ဧည့်ပရိသတ်တွေက သဘောကျသည်။

အဆောင်မှာ ဇာတ်တိုက်နေသော ညများစွာမှာပဲ လှိုင်နှင့်ကျွန်တော် ခင်မင်မှုက ပိုတိုးလို့လာပါသည်။

လှိုင်နှင့် ကျွန်တော် စကားပြောဆိုကြသည့်အခါ လှိုင်သည်စကားပြောဆိုရာတွင် အတော်ယဉ်ကျေးသော ကျောင်းသူမှန်း သိလာရသည်။

ထို့အပြင် ထူးခြားချက်က လှိုင်သည် အလုပ်တစ်ခုကို စနစ်တကျ လုပ်ကိုင်သော စေ့စပ်လွန်းသော ကျောင်းသူတစ်ဦးဟု ဆိုရပေမည်။

ဘယ်နေရာမှာ သိသာသနည်းဟု ဆိုရလျှင် အဆောင်မှာဇာတ်တိုက်နေစဉ်ကာလမှာ ကျွန်တော်တို့အဖွဲ့ကို အအေးဖျော်တိုက်တိုင်း ကျွန်တော် သတိထားမိသည်။ သကြားကို နှစ်ဇွန်းတိတိထက်ဘယ်သောအခါမှ ပိုမထည့်။ ခုနစ်နာရီ ဇာတ်တိုက်မည်ဆိုလျှင် ပါဝင်

www.burmeseclassic.com

www.burmeseclassic.com



သရုပ်ဆောင်သူများကို ဓာတ်တိုက်မည့် ဘုရားခန်းမ အရှေ့သို့ အရောက်လာရန် နှိုးဆော်သူဖြစ်သည်။

'လူတစ်ယောက်အတွက် ဘဝမှာ ပြန်မရနိုင်တာက အချိန်ပဲ၊ ဒီတော့ ဒီအချိန်ကို လူဖြစ်တဲ့လူတွေက တန်ဖိုးထားရမယ်'

သေချာပါသည်။ လှိုင့်ကို မချစ်ပါဘူးဟု သူငယ်ချင်းများအား ပြောခဲ့ဖူးသော ကျွန်တော် ထိုစကားတစ်ခွန်းတည်းနှင့်ပင် လှိုင့်ကို ချစ်မိသွားခဲ့ပါသည်။

❦

တနင်္ဂနွေနေ့မို့ ရန်ကုန်တက္ကသိုလ်ထဲမှာ လူရှင်းလို့နေသည်။ ကျွန်တော်က အဓိပတိလမ်းမကြီး နံဘေးက ရေတမာပင်အောက်ရှိ ခုံတန်းလျားမှာ တစ်ယောက်တည်း ထိုင်နေမိပါသည်။

'ပြဇာတ်ရေးဆရာကြီး ဘာတွေတွေးနေတာလဲ'

ကျွန်တော့်ကို လှမ်းစကားပြော၍ ကြည့်လိုက်တော့ လှိုင် ဖြစ်နေပါသည်။

'ဘယ်က ပြန်လာတာလဲ'

'လှည်းတန်းက ပြန်လာတာ၊ ဘာလေးညာလေးတွေ သွားဝယ်တာ'

ကျွန်တော်က လှိုင် လက်ထဲကိုင်လာသော ကြွပ်ကြွပ်အိတ်ကို မသိမသာ ကြည့်လိုက်တော့ မုန့်တွေဘာတွေ တွေ့ရသည်။

'လက်ဖက်ရည် သောက်ဦးမလား၊ ဝိဇ္ဇာကင်တင်းဘက်မှာတော့ ဆိုင်ဖွင့်မယ်'



'အတော်ပဲ၊ လှိုင်လည်း ဗိုက်ဆာနေတာ'

တက္ကသိုလ်ကျောင်းသား ကျောင်းသူများအဖို့ အပြင်လူတွေ မတူတာ ထိုအချက်ပဲဖြစ်သည်။ မိတ်ဆွေသူငယ်ချင်းဖြစ်သွားကြ လျှင် လက်ဖက်ရည်ဆိုင်ထိုင်ဖို့ ဝန်မလေးကြ။

အရပ်ထဲမှာဆို သည်လိုမြင်ကွင်းမျိုးက ရွာကျော်အတင်းဖြစ်ပြီ။

❦

ဝိဇ္ဇာကင်တင်းဘက်သို့ လှိုင်နှင့် ကျွန်တော် လမ်းလျှောက်လာ ကျွန်တော် တွေးနေမိပါသည်။

ကျွန်တော် ရေတမာပင်အောက်မှာ ထိုင်နေတုန်း မထင်မှတ် လှိုင် ရောက်လာသည်။ ဟော... အခု လှိုင်နှင့်အတူတူ ကျွန်တော် လက်ဖက်ရည်ဆိုင်ဘက်သို့ လမ်းလျှောက်လာနေမိသည်။ သည်လို လျှောက်လာတာကို လှိုင်က ရှက်လို့ပဲလား မသိ။ တစ်ချက် ချက် ခပ်ခွာခွာလေး လျှောက်လို့။

'ကျွန်မ ကိုရဲကျော်ကို အခု လက်ဖက်ရည်ဆိုင်ထိုင်မှ မေးရ မယ်၊ လမ်းတစ်လျှောက်လုံး ဘာစကားမှမပြောဘဲနဲ့ နေနေတာ တော့ မဟုတ်မှလွဲမယ်၊ လှိုင့်အကြောင်း စဉ်းစားနေတာပဲ ဖြစ်ရ မယ်၊ ဟုတ်လား'

မြကျွန်းသာ လက်ဖက်ရည်ဆိုင် ရောက်ရောက်ချင်းမှာပဲ လှိုင်က ကျွန်တော့်ကို မေးလိုက်ပါသည်။

လူတစ်ယောက်၏ စိတ်ကို သိလှချည်လား လှိုင်ရယ်။

'ဟုတ်ပါတယ်၊ လှိုင့်အကြောင်း စဉ်းစားနေမိတာပါ'

www.burmeseclassic.com

www.burmeseclassic.com



'ဒါဆို လှိုင့်ကို ရှင် ရည်းစားစကား ပြောမယ့်အကြောင်း ဖြစ်ရမယ်'

'ဗျာ…'

ကျွန်တော် တော်တော်အံ့အားသင့်မိသွားပါသည်။

'မအံ့ဩပါနဲ့ ကိုရဲကျော်ရယ်၊ ရှင်နဲ့ ကျွန်မ ကုံကော် အောက်မှာ ဝတ္ထုဆန်ဆန် တွေ့တယ်၊ ဟော… လှိုင်ရဲ့အဆောင် ရှင်က ဓာတ်လာတိုက်ပေးရတယ်၊ လှိုင်နဲ့ ဆုံရတယ်၊ ရင်းနှီးလာတ ဆန့်ကျင်ဘက်တွေ တွေ့ကြတာပဲ၊ အချစ်စိတ်ဆိုတာ ဖြစ်ပေါ်လာတ ဘာဆန်းလဲ ကိုရဲကျော်ရယ်၊ ဆန့်ကျင်ဘက် ယောကျ်ားနဲ့ မိန်းမပဲဟ ဒါက စည်းစားတတ်ရင် ရိုးရိုးလေးပါပဲ'

လှိုင်က ပါးချိုင့်နှစ်ဖက်ကို ပေါ်အောင်ပြုံးရင်းမှ လက်ဖ ရည်ကို သောက်လိုက်သည်။

ဓာတ်လမ်းကတော့ သည်မှာ စပါပြီ။ ရုပ်ရှင်ထဲကဆိုလျှ သည်လိုနေရာမျိုးမှာ မင်းသားက ဒိုင်ကြောင်တွေ လွှတ်ရုံသာ ရှိတေ သည်။

'လှိုင်… ကျွန်တော့်ကို မျက်နှာကို မကြည့်ဘဲ ဟိုးဂျပ်ဆ ဘက်ဆီသို့ လှမ်းကြည့်နေသည်။

'ကျွန်တော် လှိုင့်ကို မြတ်နိုးမိပါတယ်၊ ဒီအတွက်ကြော လှိုင် ကျွန်တော့်ကို ငြင်းပယ်ခွင့်ရှိသလို လက်ခံခွင့်လည်း ရှိပါတ ကျွန်တော့်မှာ ရုပ်ရည်၊ ပညာအရည်အချင်း၊ စည်းစိမ် ချို့ယွင်းကော ချို့ယွင်းနိုင်ပါတယ်၊ ဒါပေမဲ့ လူတစ်ယောက်မှာ ရှိသင့်ရှိထို သလောက်နဲ့ သူများနည်းတူရှိတဲ့ ကိုယ်ကျင့်တရားရယ်၊ လှိုင့်အ ပုံအပ်လိုက်တဲ့ မေတ္တာတွေတော့ ရှိပါတယ်'



လှိုင်က လက်ဖက်ရည်ကို တစ်ငုံသောက်လိုက်ရင်းမှ ကျွန်တော့် ကို ကြည့်လိုက်သည်။ လှိုင့်မျက်ဝန်းတွေထဲမှာ ကျွန်တော့်စကားကို သေအချာ နားထောင်ပေးသည့် ပုံသဏ္ဍာန်မျိုး တွေ့ရသည်။

'လှိုင်က အချစ်ဆိုတဲ့ အရာကို ဦးနှောက်နဲ့ စဉ်းစားလား၊ လုံးသားနဲ့ စဉ်းစားသလားတော့ မသိဘူး၊ ဘာနဲ့ပဲဆုံးဖြတ်ပါ၊ လှိုင့် ဆုံးဖြတ်ချက်က အမှန်ပါပဲ၊ အဲဒီ ကောင်းကျိုးဆိုးကျိုးကို ကျွန်တော် မျှော်လင့်ထားပါတယ်၊ ဘယ်သူမဆို ကျွန်တော်မှ မဟုတ်ပါဘူး၊ ဆိုးကို သဘောကျတဲ့သူ ရှားပါလိမ့်မယ်'

လှိုင်သည် ထိုင်ရာမှ ထလိုက်သည်။ လက်ထဲမှာ ကြွပ်ကြွပ် အိတ်ကို ကိုင်လိုက်သည်။

'ကျွန်မ မစဉ်းစားချင်ဘူး၊ လှိုင် မစဉ်းစားချင်ဘူး'

လှိုင်သည် ကျွန်တော့်အနားမှ ထွက်ခွာသွားပါသည်။ လက်ဖက်ရည်စားပွဲဝိုင်းမှာ ကျွန်တော်တစ်ယောက်တည်း။

❦

လှိုင့်ဆီကနေ 'ကျွန်မ မစဉ်းစားချင်ဘူး၊ လှိုင် မစဉ်းစားချင် ဘူး' ဆိုသည့် ငြင်းပယ်ခြင်းစကားလုံးများကို ကျွန်တော် ရခဲ့သည်။

ချစ်ရပါသော လှိုင်ရေ… ထိုစကားလုံးတွေကပဲ မြတ်နိုးဖို့ ကောင်းနေပါသည်။

အချစ်ဆိုသည်မှာ တကယ်တော့ တစ်ဖက်လူဆီက ကိုယ် လိုချင်သော အဖြေ ရမှာမဟုတ်ပါဘူး။ လက်မခံသည့် အဖြေကို ရှုရင်းနဲ့လည်း မြတ်နိုးနိုင်ရပါမည်။

www.burmeseclassic.com

www.burmeseclassic.com



သေချာပါသည်။ လှိုင်နှင့် ထပ်မံဆုံလျှင် ပြောချင်ပါသေ သည်။ ကျွန်တော် ထပ်ပြီး ကြိုးစားချင်ပါသေးသည်။ ထိုအဆို 'လှိုင်' လက်ခံနိုင်မည်ဟု ယူဆမိပါသည်။

မောတယ် လှိုင်ရယ်။

❦

'ဒီလိုမျိုး ရည်းစားစကား သွားပြောတာ မင်း စောတယ် နည်းနည်းလေး အချိန်လေးဘာလေး စောင့်ပါဦးလားကွာ'

သထုံဆောင် ခေါင်မိုးတည့်တည့်မှာ လရောင်က ရောက် သည်။ ညဆယ့်တစ်နာရီခန့်ရှိပေမယ့် ကျွန်တော့်အခန်းထဲမှာတေ စကားသံတွေက ပျံ့လွင့်နေဆဲ။

တင်မောင်ဆွေက ပလက်စတစ်အိတ်ထဲမှ ကွမ်းကိုယူ ဝါးလိုက်ရင်း ကျွန်တော့်ကို မကျေမနပ်နှင့် ကြည့်လိုက်သည်။

'ကိုယ်ချစ်တဲ့သူ တစ်ယောက်ကို သူ့ကို ကိုယ်က ချစ်နေတ ကိုယ်ချစ်တဲ့သူ မသိတာလောက် မိုက်မဲတာ မရှိဘူး၊ ဒါကြော သိအောင် လုပ်လိုက်တာ'

ဝေယံလင်းနှင့် Higher Logic ပုစ္ဆာများ တွက်နေသေ တင်ကိုကိုက ဘောပင်ကို ခုတင်ပေါ် ပစ်ချလိုက်သည်။

'ဒီမှာ ရဲကျော်၊ တင်မောင်ဆွေ ပြောတာ မှန်တယ်၊ အချ လေးဘာလေး စောင့်သင့်တယ်၊ အရင်တုန်းကဟာတွေကျတော့ မ က မပြောလို့ လွဲခဲ့ရ၊ ဟော… အခုဟာကျတော့ မင်းက စောင



း:စီးပြောလို့ လွဲရပြန်ဦးမယ်၊ ဒီမှာ ဟော့ကောင်… မင်း လက္ခဏာ င်း ပြန်ကြည့်ဦး၊ ကျွန်းက တော်တော်သက်တမ်းရင့်နေပြီ ထင်တယ်'

'ကျွန်းရှိခဲ့ရင်လည်း ကိုယ့်ဘာသာကိုယ် သောင်တူးစက်၊ သောင်တူး သင်္ဘောငှားပြီး ဖြိုပစ်မယ်'

တင်ကိုကိုက ဘာစကားမှ မဆိုတော့ဘဲ ခုတင်ပေါ်မှာ ပစ်ချ ထားသော ဘောပင်ကို ပြန်ကောက်ပြီး ပုစ္ဆာဆက်တွက်နေသည်။

'ကိုကြီးကျော်… ကိုကြီးကျော်ကို လက်မခံချင်ဘူး၊ ဥ်းစားချင်ဘူးလို့ ပြောတာ လှိုင့်မှာ ရည်းစားတွေ ဘာတွေ ရှိလို့ ားမှ မသိတာ၊ ဒီတက္ကသိုလ်ထဲမှာ မရှိရင်တောင် နယ်မှာ ရှိချင် နေမလား မသိဘူးနော်'

'ဝေယံလင်း ပြောတာ ဖြစ်နိုင်တယ်၊ ဒီမှာ အိုင်ပီအမှုက တော့ အတော်လေးရှုပ်ထွေးလာပြီ၊ သေချာတယ် အိုင်ပီရေ၊ အသည်း ာတ်လမ်းတွေ မြင်ရဖို့သာ ပြင်ပေတော့'

တင်ကိုကို ပုစ္ဆာတွက်နေရင်းမှ တင်မောင်ဆွေကို ဆားပုလင်း းမောင် ဝတ္ထုထဲကလိုမျိုး လှမ်းနောက်သည်။

'တွေ့ရဦးမှာပေါ့ ကိုနှင်းမောင်ရယ်၊ ကိုနှင်းမောင် ပြောတာ ာဝကျပါတယ်'

ဝေယံလင်း တင်မောင်ဆွေနှင့် တင်ကိုကိုအား ကြည့်ပြီး နေသည်။

'အချစ်ကို ချစ်တဲ့နေရာမှာ လျှောက်တွေးနေရင် ညတွေသာ ချော်သွားမယ်၊ ဆုံးမှာ မဟုတ်ဘူး၊ လူဆိုတာ ခံစားချက်တွေနဲ့ ာ်ရှင်နေတာ လှိုင်နဲ့ ငါနဲ့ တွေ့ဆုံမှုမှာ ဒီလိုခံစားချက်တွေရှိမှ

www.burmeseclassic.com

www.burmeseclassic.com



တော့ ငါတောင် လှိုင့်အကြောင်း မင်းတို့ကို ဒီလောက်ပြောနေရင်
လှိုင်ကရော အကြောင်းပြချက် တစ်ခုခုရှိလို့ ငြင်းတာဖြစ်နေမှာပေါ့
လှိုင်ဆီမှာ ငြင်းရတဲ့အဖြေ ရှိရမယ်'

'သိပ်တော်တဲ့ ရဲကျော်၊ ငပေါ ... မင်းကို ငြင်းမှတော့
အကြောင်းပြချက်ရှိလို့ ငြင်းတာပေါ့ကွာ၊ ဒါ မင်းပြောမှလား၊ တော်
ပြီကွာ၊ ခေါင်းစားတယ်၊ တင်မောင်ဆွေ လာ ... အခန်းမှာ ပြန်အိပ်
တော့မယ်'

တင်ကိုကိုနှင့် တင်မောင်ဆွေတို့ အခန်းထဲမှ ထွက်သွားပြီး
နောက် ကျွန်တော် စာရေးစားပွဲခုံမှာ ထိုင်ရင်း ဝရန်တာဘက်ကို
ကြည့်မိသည်။

လရောင်သည် အဆောင်ရှေ့က ကုံကော်ပင်ထိပ်ဖျားသို့
ရောက်နေပါသည်။

စောစောက ကျွန်တော်တို့ လှိုင့်အကြောင်း စကားပြောဆိုနေ
ချိန်မှာ လှိုင်က သူမ၏ အဆောင်က အခန်းထဲမှာ စာပဲကျက်နေ
သလား၊ ဒါမှမဟုတ် သူမအခန်းဖော်နှင့် ကျွန်တော့်အကြောင်း
ပြောလေသလား၊ သို့တည်းမဟုတ် နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျ
လေသလား မသိနိုင်ပါ။

သေချာတာက ကျွန်တော့်အကြောင်း မတွေးဖို့များသည်
အကယ်၍များ နှစ်စက္ကန့်လောက် လှိုင်က ကျွန်တော့်အကြောင်း တွေး
လျှင်ပဲ ကျွန်တော် အတော်ကံကောင်းပြီဟု ဆိုရပါတော့မည်။

❦ ❦ ❦

"ဆိုကရေးတီး" ကို တိုက်တဲ့
အဆိပ်ခွက်
လုံးလုံးမသောက်ပါရစေနဲ့။
"ဂျူးလိယက်ဆီဇာ" ရဲ့
နောက်ကျောကိုထိုးတဲ့
ဓားတစ်ချောင်းကိုလည်း
ငါ့ခါးအိမ်မှာ
မထိုးထားပါရစေနဲ့။
ငါ့ရဲ့ နှတ်သမီးလေးရေ
မင်းရဲ့ လက်ချောင်းတွေနဲ့
ဖျော်ပေးတဲ့
ဝိုင်ချိုချိုတစ်ခွက်ကို
အားပါးတရ သောက်သုံးရင်း
ငါ့စိတ်ကူးတွေ အမှန်ဖြစ်လာဖို့
သစ်ပင်ရိပ်အောက်မှာ
ခေတ္တမှေးစက် ဇိမ်ယူပါရစေကွယ်။

www.burmeseclassic.com

www.burmeseclassic.com



(၁)

အဓိပတိ လမ်းမကြီးပေါ်မှာ ကားတွေရော၊ ကျောင်းသားတွေရော၊ ဓာတ်ပုံဆရာတွေရော အလုပ်ရှုပ်နေကြသည်။ ကားနှင့်ကျောင်းလာသူ လာ၊ လမ်းလျှောက်ရင်း ကျောင်းတက်သူ တက်၊ ဓာတ်ပုံရိုက်သည့် ကျောင်းသူတွေက ရိုက်နှင့် အဓိပတိ လမ်းနံဘေးရှိ လက်ဖက်ရည်ဆိုင်မှာ ထိုင်ရင်း ကြည့်နေရသည်မှာ တကယ့်ကိုကြည့်လို့ကောင်းသည့် မြင်ကွင်းဖြစ်သည်။

'ခင်ဗျားတို့ ဘာလိုသလဲ၊ လက်ဖက်ရည် မကောင်းရင် ပြောနော်၊ ပြန်ဖျော်ပေးမယ်၊ ဆိုင်က ဒီနေ့မှဖွင့်တာဆိုတော့ လိုအပ်မှုတော့ ရှိမှာပဲ၊ ကျွန်တော်က ဒီဆိုင်ရှင်ပါ'

ကျွန်တော်၊ ဝေယံလင်းနှင့် ဉာဏ်စိုးဝင်းတို့ လက်ဖက်ရည်သောက်နေတုန်း ကျွန်တော်တို့နားသို့ ကျွန်တော်တို့နှင့် အသက်အရွယ်သုံးနှစ်ခန့်သာကြီးမည့် လူငယ်တစ်ဦးက လာရောက်ပြီး ပြောလိုက်ခြင်းဖြစ်သည်။

'ဟာ… လက်ဖက်ရည်က ကောင်းပါတယ်၊ ကြိုက်တယ်များ ခင်ဗျားရဲ့ဆိုင်က 'ချန်ဆယ်လာ'ဆိုတော့ အဓိပတိပဲ၊ ကျွန်တော်တို့က သတုံဆောင်ကပါ၊ ရဲကျော်ဆို လူတိုင်းသိတယ်'

www.burmeseclassic.com

www.burmeseclassic.com



'ကျွန်တော့်နာမည် လင်းကိုပါ၊ ကျွန်တော်က သမိုင်းနဲ့ ကျောင်းပြီးတာ၊ မိတ်ဆွေတွေလို ပေါင်းပါ'

'စိတ်ချ… မိတ်ဆွေလို မပေါင်းမှာက မပူနဲ့၊ အကြွေးမရ မှာစိုးလို့'

တစ်ဒင်္ဂအတောအတွင်းမှာပင် ဆိုင်ပိုင်ရှင် လင်းကိုနှင့် ကျွန်တော်တို့အုပ်စု ခင်မင်သွားရင်း ရောက်တတ်ရာရာ စကားများကို ပြောဆိုဖြစ်သွားသည်။

'ကဲ… စကားပြောလို့တော့ ကောင်းတယ်၊ တခြားဝိုင်းတွေ ဘက် သွားဦးမယ်'

ဆိုင်ပိုင်ရှင် လင်းကိုက ကျွန်တော်တို့ဝိုင်းနားမှ ထွက်ခွာသွား သည်။

'ရဲကျော်… ဟိုမှာ မျိုးမင်းကိုနဲ့ ခင်ခင်သင်း မဟုတ်လား'

ဉာဏ်စိုးဝင်းက အလန့်တကြား အော်ပြောလိုက်သဖြင့် ကျွန်တော်နှင့် ဝေယံလင်း ကြည့်လိုက်သောအခါ မျိုးမင်းကို လက်ကို ခင်ခင်သင်းက ကိုင်ရင်း ရန်ကုန်တက္ကသိုလ် စာကြည့်တိုက်ထဲသို့ ဝင်သွားသည်ကို လှမ်းမြင်လိုက်ရသည်။

'ဒီကောင် တော်တော်ပိရိတဲ့ကောင်၊ ငါနဲ့ တစ်ခန်းတည်းနေ တာ ဒီကောင်နဲ့ ခင်ခင်သင်း ရည်းစားဖြစ်သွားတာကို ငါ့ကို မပြော ဘူး၊ ရည်းစားမဖြစ်ခင်တုန်းကတော့ ငါတို့မှာ ဒီကောင့်အတွက် အစီအစဉ်ဆွဲရ၊ တိုင်ပင်ရ၊ ကဗျာတွေရေးရနဲ့ ဒါကို တင်ကိုကို မသိ သေးလို့ ဒီကောင် ငါတို့ကို ကျွေးရမှာစိုးလို့ ဖြစ်မယ်'

အတော့်ကို မခံချိမခံသာ အမူအရာမျိုးနှင့် ဉာဏ်စိုးဝင်းက ပြောလိုက်သည်။



'အဲဒါ ငါ့ရဲ့ အာဟာရဒါန လမ်းခင်းပေးမှုကြောင့်ကွ၊ ခင်ခင် သင်းများ ငါ့ကို တွေ့တာတောင် မျိုးမင်းကိုအကြောင်း ရှိးတိုးရိပ်တိတ် တောင် မဟာဘူး'

ကျွန်တော်က ဝေယံလင်း စကားကို နားထောင်ရင်း ရေနွေး တစ်ခွက်ကို သောက်လိုက်သည်။

'မျိုးမင်းကိုနဲ့ ခင်ခင်သင်း ချစ်သူဖြစ်တာ မုဒိတာပွားစမ်းပါ ကွာ၊ မျိုးမင်းကိုက ခင်ခင်သင်းဆီက မေတ္တာရချင်လို့ ခွင်ဆင်ရ၊ ဗေဒင်တွေ မေးရ၊ သူ့အလိမ်တွေ ပေါ်မှာစိုးလို့ ငါတို့ကို နှုတ်ပိတ်ရ နဲ့ ချစ်သူကို ချစ်လို့ သူ ပျာယာခတ်ခဲ့တာဟာ အခုအခါတော့ သုခတွေ သူ ခံစားပါလေ့စေကွာ၊ လောကကြီးမှာ ကိုယ် ချစ်မြတ်နိုးတဲ့သူက ကိုယ့်ကို ပြန်ချစ်တာ ဘယ်လောက်ကံထူးလဲ၊ ဒီမှာတင် ဒီကောင့်ကို တို့က ဂုဏ်ပြုထိုက်နေပြီ'

ကျွန်တော့်စကားကြောင့် မျိုးမင်းကိုရော ဝေယံလင်းပါ ဘာ စကားမှမပြောဘဲ ငြိမ်သက်သွားသည်။

ဘာရယ်လို့ မဟုတ်၊ မဆီမဆိုင် တွေးမိပါသည်။ ကျွန်တော် ချစ်မြတ်နိုးရသော လှိုင်သာ ကျွန်တော်လိုချင်သော အဖြေပေးခဲ့လျှင် ကျွန်တော်လည်း ဝမ်းသာနေမှာပဲလို့။

'တွေ့ပြီပေါ့ မျိုးမင်းကိုရာ၊ ဒီည ဒီကောင့်ကို ခိုင်ရွှေဝါလမ်း ထဲက ထမင်းဆိုင်မှာ ထမင်းလိုက်ကျွေးခိုင်းရမယ်၊ အဆောင်ပြန် ရောက်မှ တွေ့မယ်'

ဉာဏ်စိုးဝင်းက ကြိမ်းဝါးရင်း လက်ဖက်ရည်ဖိုး ရှင်းလိုက် သည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ သုံးယောက်သား အတန်းမရှိတော့၍ အဆောင်သို့ ပြန်လာခဲ့ကြသည်။

အဆောင်သို့ပြန်လာရင်း မသိမသာ ကြည့်မိပါသည်။ လမ်းဘေးဝဲယာမှ လှိုင်ကိုများ တွေ့မလားလို့။

တွေ့ပါသည်။ ကွမ်းယာရောင်းသော ကုလားမနားမှာ ကွမ်းယာဝယ်နေသော ကျောင်းသားတွေ ဖြစ်နေပါသည်။

❦

'မျိုးမင်းကို… မင်း ဘာမှ လျှို့မထားနဲ့၊ ခင်ခင်သင်းနဲ့ မင်းနဲ့ သမီးရည်းစားဖြစ်တာ ငါတို့ သိသွားပြီ၊ ငါတို့ကို ထမင်းလိုက်ကျွေးဖို့သာ ပြင်ပေဟော့၊ ငါတို့ ဖန်တီးပေးလို့ ဒီအဆင့်ရောက်လာတာ'

အဆောင်ကို မျိုးမင်းကို ရောက်ရောက်ချင်းမှာ ဉာဏ်စိုးဝင်းက အခန်းထဲမှနေ၍ ဆီးပြောလိုက်သည်။

'မင်းတို့ ဖန်တီးပေးတာ မှန်တယ်၊ ဒါပေမဲ့ ငါ့အစွမ်းအစလည်း ပါတယ်ကွ၊ ငါ့မေတ္တာမဖြူစင်လို့ ရမလား၊ ထမင်းမကျွေးနိုင်ပါဘူး'

ဉာဏ်စိုးဝင်းခမျာ မျိုးမင်းကို စကားကြောင့် ဒေါသထွက်သွားသည် ထင်ပါ၏။

'ဟော့ကောင်… မင်း ဘဝမမေ့နဲ့၊ ခင်ခင်သင်းက သူ့မွေးနေ့ အာဟာရဒါန လုပ်ချင်တယ်ဆိုလို့ မရှိနွမ်းပါးတဲ့ ကလေးတွေ ငါ ရှာပေးရတာလေ၊ မင်းတို့နှစ်ယောက် အဲဒီသံယောဇဉ်အမျှင်တန်းဖို့



…ပ်ပေးရတာတွေရော မင်း မေ့သွားပြီလား'

မျိုးမင်းကိုက ဘာမှမပြောဘဲ ရယ်နေသည်။ ဒါကို ကျွန်တော် …ကောင်းကောင်းကြီး သိလိုက်ပြီ။ ဝိတ်ပေါ်ဉာဏ်စိုးဝင်းကို မျိုးမင်းကို …လိနေပြီလို့။ သည်ကောင်က တစ်ခါတစ်ရံ ဘာမဟုတ်တာနှင့် …ါသဖြစ်လျှင် ဖြစ်တတ်သည်။

'မျိုးမင်းကို… မင်းဟာလေ ဘာနဲ့တူသလဲဆိုရင် ပထမတော့ …ခင်သင်းကိစ္စ ကူညီပါ၊ မင်းတို့ကျေးဇူး မမေ့ဘူး ဘာညာနဲ့ နောက် …ော့ ကျေးဇူးကန်းတယ်၊ မင်းလည်း ဒဿနိကဗေဒအထူးပြု ဂုဏ်ထူး …န်းကျောင်းသား၊ ငါလည်း ဒဿနိကဗေဒအထူးပြု ဂုဏ်ထူးတန်း …ကျောင်းသားဆိုတော့ ကမ္ဘာ့ရဲ့ 'ခြားနားသူ'ထဲကလို ဖြစ်နေပြီ၊ ကမ္ဘာ …ါမှာ လူထုကို ကယ်တင်မယ်ဆိုပြီး တော်လှန်ကြတဲ့ ခေါင်းဆောင် …တွေ ရှိတယ်၊ နောက်တော့ အဲဒီလူတွေကပဲ လူထုကို ပြန်ဒုက္ခပေး …တော့တာပါပဲ၊ မင်းလည်း အဲဒီလိုဖြစ်နေပြီ'

မျိုးမင်းကိုက ကျွန်တော့်ကို ကြည့်ရင်း…

'ရဲကျော်… ဒီကောင့်ကို ရေတိုက်လိုက်ပါဦးကွာ၊ ဒီကောင် …ားတွေ ဒီလောက်ပြောရတာ မောနေပြီ'

'ငါ မမောဘူး မျိုးမင်းကို၊ ငါ မှန်တာပြောတာကွ'

'ဒါဆို ငါ့အစွမ်းအစနဲ့ ငါ့အချစ် ငါရတာပေါ့၊ မင်းလည်း …စွမ်းအစရှိရင် ငါ့လိုမျိုး ရည်းစားထားပြလေကွာ'

…သနာက အတွက်အထိပ်သို့ ဝင်ဆောင့်ပြီး သည်နှစ်ကောင် …ားလုံးတိုက်ပွဲက ပြင်းထန်လို့လာပြီ။ မကြာမီ စကားလုံးလက်နက် …ိုက်ပွဲတွေ စမည့် အရိပ်အငွေ့တွေ သန်းနေပါပြီ။

www.burmeseclassic.com

www.burmeseclassic.com



'မျိုးမင်းကို မင်းက ငါ့ကို စိန်ခေါ်တာလား'

'စိန်ခေါ်တာ မဟုတ်ဘူး၊ မင်းအစွမ်းအစကို ကြည့်ချင်တ

'အေး... ဒါဆို မင်းနဲ့ ငါနဲ့ လောင်းမယ်၊ ဒီနှစ် စာမေ

မဖြေခင်မှာ ငါ့ရည်းစားနဲ့ ငါ လက်ချင်းတွဲပြီး လျှောက်ပြမယ်၊ မ

သူငယ်ချင်းတွေ အားလုံးရှေ့မှာ ငါ နှစ်ကုန်ခါနီးလို့မှ ရည်းစား မရ

ငါအရှုံး၊ ရည်းစားရရင် မင်းအရှုံး၊ သူငယ်ချင်းတွေကို အ

ကျွေးမွေးကြေး၊ ဘယ်လိုလဲ'

မျိုးမင်းကိုက လက်ဖျောက်တစ်ချက်တီးလိုက်ရင်း...

'ကြိုက်ပြီ... စိန်လိုက်၊ မင်းတော့ အခုကတည်းက အိ

ကပို့တဲ့ ပိုက်ဆံ စုထားပေတော့၊ မသုံးနဲ့'

မျိုးမင်းကိုက လက်ဖျောက်တီးလိုက်ရင်း...

'ကြိုက်ပြီ... စိန်လိုက်၊ မင်းတော့ အခုကတည်းက အိမ်

ပို့တဲ့ ပိုက်ဆံ စုထားပေတော့၊ မသုံးနဲ့'

'ဉာဏ်စိုးဝင်း... ညှော်သည်ရောက်နေတယ်၊ တာမွေကဲ

'ဟာ... ငါ့ဦးလေး ထင်တယ်'

အဆောင်အောက်ထပ်မှ လှမ်းအော်သဖြင့် ဉာဏ်စိုး

အောက်ထပ်သို့ ပြေးဆင်းသွားသည်။

'မျိုးမင်းကိုရာ... မင်းကလည်း ဒီကောင် ဒေါသထွက်သ

ပြီ'

'မင်း မသိပါဘူး ရဲကျော်ရာ၊ ဒီကောင့်ကို အဲဒီလို က

တာ အရသာရှိတယ်ကွ၊ ဒီကောင်က တွေ့တဲ့လူတိုင်း ခင်ခင်သ

အာဟာရဒါနအကြောင်း လျှောက်ပြောတာ ငါ အမြင်ကတ်လို့



ည်း ဒီကောင်နဲ့ ငါ လောင်းကြေးထပ်တာ တစ်ဆောင်လုံး သတင်း

ရဦးမယ်၊ ဒီကောင့်ဆီက လောင်းကြေးအဖြစ် နိုင်တာကို ငါ

ချင်ပါဘူးကွာ၊ ငါချစ်တဲ့ ခင်ခင်သင်း ဖျော်တိုက်တဲ့ ဝိုင်တစ်ခွက်

ငါက သောက်ချင်တာပါကွာ၊ ဟား... ဟား... ဟား...'

မျိုးမင်းကိုက ရယ်မောပြောဆိုရင်း ကျွန်တော့်အနားမှ ထွက်

ပြီး အဆောင်ရှိ အခန်းများသို့ သူနှင့် ဉာဏ်စိုးဝင်း စိန်ခေါ်ပွဲ

အကြောင်း ပြောပါတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

သို့သော် ညနေစာကိုတော့ လှည်းတန်းက ခိုင်ရွှေဝါလမ်းထဲ
ထမင်းဆိုင်မှာ ကျွန်တော်တို့တွေကို လိုက်ကျွေးပါသည်။

ညဏ်စိုးဝင်းက မျိုးမင်းကိုနှင့် စကားများ၏။ လိုက်မစားဘူ
ဟု အားလုံးက ထင်ကြသည်။

အထင်မှားပါသည်။ မျိုးမင်းကိုက အရွဲ့တိုက်ပြီး စားသလာ
တော့ မသိ။ ထမင်းချည်း လိုက်ပွဲငါးပွဲ အားပေးသွားသည်။ ဟင်း
သုံးခွက်။ ဒါကိုပင် မျိုးမင်းကိုက ပြုံးနေလို့။

သူငယ်ချင်းဆိုသည်မှာ ဒါပါပဲ။

❦ ❦ ❦



ကိုယ် ယုံကြည်ရာအသီးသီးကို
လူတွေက ကိုးကွယ်ကြတယ်
တချို့က...
ငွေကြေးအသပြာကို
အရူးအမူးကိုးကွယ်
တချို့က
ဩဇာအာဏာ...
တချို့က
(.....)
အဲဒီအထဲမှာ
ကျွန်တော်က
အချစ်ကို ကိုးကွယ်တာ ဆန်းသလားဗျာ။

www.burmeseclassic.com

www.burmeseclassic.com



(၉)

ကျွန်တော်သည် ယခုရက်များအတွင်းမှာ အတန်းကို မှန်မှန်တက်သည်။ စာတွေ၊ ကဗျာတွေလည်း ရေးဖြစ်သည်။ ကျူရှင်လည်း နည်းနည်းပါးပါး သွားသင်သည်။

သို့သော် လှိုင်နှင့် တွေ့ဆုံဖြစ်အောင်တော့ မကြိုးစားခဲ့ပါ။ ကျွန်တော်သည် လှိုင့်ကို မြတ်နိုးမိ၍ ဖွင့်ပြောမိသည်။ လှိုင်က မစဉ်းစားချင်ပါဘူးဟု ငြင်းခဲ့သည်။

အမှားမဟုတ်သော အမှန်တွေအတွက် လှိုင့်ကို ကျွန်တော် နောက်ထပ် ဘာတွေများ ပေးဆပ်နေရဦးမည်လဲ မသိပါ။

အဓိပတိလမ်းမကြီးသည် တနင်္ဂနွေနေ့မို့ ခါတိုင်းကျောင်းဖွင့်ရင်များနှင့်မတူ ခြောက်သွေ့နေသည်။ ဒါကိုက တစ်မျိုးကြည့်လို့ကောင်းနေသည်။

'ချန်ဆယ်လာ' လက်ဖက်ရည်ဆိုင်မှာ ကျွန်တော် လက်ဖက်ရည်သောက်ရင်း 'ဂျူးလိယက်' ပြဇာတ်မှ စကားပြေများကို ဖတ်နေမိသည်။ နက်ဖြန်မှာ ကျူတိုရီရယ်ဖြေရမှာမို့ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



'လက်ဖက်ရည်ဆိုင်မှာ စာဖတ်တာ ရရောရမှာမို့လို့လား ကိုရဲကျော်'

ကျွန်တော့်ဘေးနားမှ ကျွန်တော့်ကို စကားပြောသံကြား၍ ကြည့်လိုက်သည်။

လှိုင့်ကို တွေ့ရသည်။ သူ့ဘေးမှာ အခန်းဖော်သူငယ်ချင်း တစ်ဦးလည်း အဖော်အဖြစ် တွေ့ရသည်။

'လှိုင်ပါလား၊ နက်ဖြန် ကျူတိုရီယယ် ရှိလို့ပါ'

'ကောင်းပါတယ်ရှင်၊ ဒါနဲ့ လက်ဖက်ရည်တိုက်ဖို့ မခေါ်တော့ဘူးလား'

လှိုင်က ပြုံးရင်းမှ ပြောလိုက်သည်။

ဘာဖြစ်လို့ ပြုံးရတာလဲ လှိုင်ရယ်။ သည်အပြုံးတွေ ပြုံးလို့ ပါးချိုင့်ခွက်တွေ ပေါ်သွားတာကိုပဲ ကျွန်တော်က မြင်လို့ ချစ်မိသွားတာ မသိဘူးလား မသိ။

'တိုက်ပါတယ်ဗျာ၊ လာ··· ထိုင်လေ'

လှိုင်က ဝင်ထိုင်လိုက်ရင်းမှ···

'ဟဲ့··· နင် သီရိဆောင် သွားမယ်ဆို သွားလေ၊ ငါ ကိုရဲကျော်နဲ့ စကားပြောရင်း စောင့်နေမယ်'

လှိုင် အခန်းဖော်သူငယ်ချင်းက လှိုင့်ကို မျက်စောင်းထိုးရင်း ထွက်သွားသည်။

'ဒါနဲ့ အခုတစ်လော ကိုရဲကျော်ကို ဟိုမှာ ဒီမှာ သိပ်မတွေ့ရဘူး၊ ဘာလဲ··· လှိုင့်ကို မြင်မှာစိုးလို့ ရှောင်နေတာလား'



'ကျွန်တော် မညာချင်ပါဘူး၊ အမှန်အတိုင်း ပြောရရင် ကျွန်တော် ရှောင်မိတာ အမှန်ပဲ၊ ဒါပေမဲ့ အဲဒါကိုက ကိုယ့်ကိုယ်ကိုယ် သိမ်ညာသလိုဖြစ်နေတာမှန်း သိပါတယ်၊ လှိုင့်ကို တွေ့ခဲ့ရင် ကျွန်တော်က လှိုင့်ဆီက အဖြေကို မရမကတောင်းမှာပဲ၊ ဒီအခါ မစဉ်းစားချင်ပါဘူးလို့ ငြင်းတဲ့ လှိုင် စိတ်ညစ်မှာစိုးလို့ပါ၊ ဘယ်သူမဆိုပေါ့ လှိုင်ရယ်၊ တကယ်မြတ်နိုးတဲ့ ကိုယ့်ချစ်သူကို သောကတွေပေးရင် အဲဒီလူဟာ သိပ်အတ္တကြီးလွန်းရာကျမှာပေါ့'

လှိုင်သည် ရန်ကုန်တက္ကသိုလ် စာကြည့်တိုက်ဘက်သို့ ကြည့်လိုက်သည်။

ကုံကော်ပင်တွေ အောက်က ခုံတန်းလျားတွေမှာ ထိုင်သူတွေက ကင်းမဲ့နေလို့။

'ဒီတက္ကသိုလ်ကြီးက သိပ်ပြီး ဂုဏ်ရှိရဆန်တာပဲနော်၊ ဟောဒီ တက္ကသိုလ်ကြီးမှာ အနယ်နယ်အရပ်ရပ်က ကျောင်းသားတွေ ရောက်လာ၊ ပညာတွေသင်၊ မိတ်ဆွေတွေရ၊ အဲဒီကနေ စိတ်အနေပြောင်းပြီး ချစ်သူတွေဖြစ်တာ ရှိခဲ့ကြသလို အမုန်းနဲ့ လမ်းခွဲသူတွေလည်း ရှိ၊ ဒီအထဲက အိမ်ထောင်ဖက်ဖြစ်သူတွေလည်း ရှိရဲ့၊ လှိုင်လေ မေးလို့ရရင် ဒီတက္ကသိုလ်ကြီးကို မေးလိုက်ချင်တယ်၊ အနာဂတ်တွေကို ဘာဖြစ်လို့ ပြောဘဲ ထိန်ချန်ထားတာလဲလို့'

ထိုစကားလုံးများကို ပြောနေသော လှိုင့်မျက်နှာတွင် ညှိုးရော်နေသလိုပင်။ လှိုင်သည် တစ်စုံတစ်ရာကို ခံစားပြီး ပြောနေသလိုမျိုးပင်။

www.burmeseclassic.com

www.burmeseclassic.com



'လှိုင့်ကို ကျွန်တော် မေးခွန်းတစ်ခု မေးမယ်နော်၊ လှိုင့်ကို ကျွန်တော်က မေတ္တာတောင်းခံတဲ့အခါ လှိုင်က မစဉ်းစားချင်ပါဘူးလို့ ပြောခဲ့တယ်၊ လှိုင့်မှာ ချစ်သူရှိနေပြီလား၊ ဒါမှမဟုတ် ရှိခဲ့ဖူးတဲ့ ချစ်သူနဲ့ အယူအဆ သဘောထားချင်း မတူညီလို့ လမ်းခွဲခဲ့ကြလို့ အသည်းမှာ ဒဏ်ရာရနေလို့လား'

လှိုင်သည် ကျွန်တော့်ကို ကြည့်ရင်းမှ ပြုံးလိုက်သည်။ သို့သော် ထိုအပြုံးက မဲ့ပြုံးပဲ ဖြစ်ပါလိမ့်မည်။

'ကိုရဲကျော် မေးတဲ့မေးခွန်းကို ကျွန်မ အခု မဖြေပါရစေနဲ့ တစ်နေ့တော့ ကျွန်မ ဖြေပါ့မယ်'

လှိုင်က လက်ဖက်ရည်ခွက်ကို တစ်ကျိုက်သောက်လိုက်သည်။

'ကဲပါ… လှိုင်ရယ်၊ တခြားအကြောင်းတွေ ပြောရအောင် ဒါမှမဟုတ် အင်းလျားဘက် လမ်းလျှောက်ချင်လည်း ပြောနော်'

ကျွန်တော်က လှိုင် စိတ်ပြောင်းစေရန် စကားဟလိုက်သည်။

'ဒီအချိန်ကြီးက နေပူပါတယ် ကိုရဲကျော်ရယ်၊ ဒီမှာပဲထိုင်တာ ကောင်းပါတယ်၊ သီရိဆောင်ကိုသွားတဲ့ သူငယ်ချင်းက ဒီကိုလာမှာ လေ'

ထို့နောက်တော့ လှိုင်နှင့် ကျွန်တော်တို့ ရောက်တတ်ရာရာ စကားများ ပြောဆိုနေကြရင်း လှိုင့်သူငယ်ချင်း ပြန်ရောက်လာသော အခါမှ စကားစပြတ်သွားသည်။



'ကိုရဲကျော်… လှိုင်တို့ သွားဦးမယ်၊ အားရင်း အတန်းဘက် လာလေ'

နှုတ်ဆက်ထွက်ခွာသွားသော လှိုင်နှင့် သူ့သူငယ်ချင်းကို ကျွန်တော် ကြည့်နေမိသည်။

ဘာရယ်လို့မသိ။

လှိုင်သည် ရန်ကုန်တက္ကသိုလ် စာကြည့်တိုက်ရှေ့က ကံ့ကော် ပင်တွေအောက်ရောက်တော့ ကံ့ကော်ပင်တွေကို တစ်ချက်မော့ကြည့် တာ မြင်လိုက်ရသည်။

တစ်ချိန်မှာ လှိုင်နှင့် ကျွန်တော့်အကြောင်း ပြောမည်ဆိုလျှင် ထိုကံ့ကော်ပင်တွေက မပါလို့မှ မရတာ။

'ဘယ်လိုလဲဗျ… ကိုယ့်ဘေးနားမှာ ကောင်မလေးက အကြာ ကြီးလာထိုင် စကားပြောပြီး ပြန်သွားတာကိုကြည့်ပြီး ကြည်မဝဖြစ်နေ တာလား၊ သူ့အဆောင် လိုက်သွားပါလား'

ကျွန်တော့်အနားသို့ 'ချန်စယ်လာ' လက်ဖက်ရည်ဆိုင်ပိုင်ရှင် ကိုလင်းကိုက ရောက်လာပြီး ပြောလိုက်သည်။

'ကျွန်တော်တို့က ချစ်သူတွေ မဖြစ်သေးပါဘူး ကိုလင်းကို ရယ်'

'အခုမဖြစ် နောက်ဖြစ်မှာပေါ့ဗျာ'

'ခင်ဗျား ပြောတဲ့အတိုင်း ဖြစ်ပါစေလို့ ဆုတောင်းရမှာပဲ ဗျို့'

ကျွန်တော့်စကားကို နားထောင်နေသော ကိုလင်းကို ရယ် လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဟုတ်ပါသည်။

အချစ်နှင့်ပတ်သက်ပြီး လွမ်းနေ ဆွေးနေသူများကို မမြင်ချင်ပါ။ အချစ်ကြောင့် အားလုံး ရယ်ကြမည်ဆိုလျှင် တော်တော်ကောင်းပါလိမ့်မည်။

ဤအဆိုကို မည်သူတွေ လက်ခံကြပါသလဲ။

❦ ❦ ❦

ကံစမ်းမဲတွေ
ဘုံးပေါလအောပေါ်ပြီး
ဘာကြောင့်
ကိုယ့်ကိုကြိုက်မယ့်
ကောင်မလေးတွေကျတော့
ဒီလောက်တောင်
ရှားနေသလဲ မသိ။
(ညာတ်စိုးဝင်း၏ ခံစားချက်များ)

www.burmeseclassic.com

www.burmeseclassic.com



(၁၀)

"ဟဲ့ . . . အောင်နိုင်ဦး၊ ကွမ်းယာအကြွေးက ငါးရာကျော်သွားပြီနော်၊ နင် မဆပ်လို့ကတော့ နင့်ပုဆိုးကို ချွတ်ယူမယ်၊ နင့်အိမ်ကလိုက်ဆဲပို့ရင် ငါ ဖြတ်ကိုယူထားပစ်မယ်၊ ရွှေမိရဲ့ ကွမ်းယာရောင်းတဲ့ဆိုင်မှာ အကြွေးမရဘူးဆိုတာ မရှိဘူး'

ကြည့်ရသည့် မြင်ကွင်းက အတော့်ကို ရယ်စရာကောင်းသည်။ အဆောင်အောက်က ကွမ်းယာဆိုင်မှာ မရွှေမိက အောင်နိုင်ဦးပုဆိုးခါးစကို ဆွဲထားသည်။ အောင်နိုင်ဦးခမျာ ရှန်းရင်းကန်ရင်း...

'မရွှေမိကလည်းဗျာ . . . မပေးဘဲနေမလား၊ အိမ်က ငွေပို့ရင်အခု ကွမ်းအကြွေးရောင်းဦး၊ မရွှေမိက ကျွန်တော့်အပေါ်မှာ အကြွေးပေးတတ်လွန်းတာ ကျေးဇူးတင်လို့ ဒီတစ်ခါငွေ အိမ်ကပို့ရင် မရွှေမိအတွက်ပါ ဟာလဝါဘူးကြီးတစ်ဘူး လက်ဆောင်ပေးလိုက်ပါတယ်ဆိုပြီး ဖုန်းထဲက ပြောလိုက်သေးတယ်'

www.burmeseclassic.com

www.burmeseclassic.com



'ဟယ်… ငါ့အတွက် ဟာလဝါဘူးပေါက်ဆောင်ပေးမယ် ဟုတ်လား… နင် တကယ်ပြောတာနော်'

'တကယ်ပေါ့ဗျ'

'ဒါဆို ကွမ်းယာယူသွားဦး'

မရွှေမိတို့ အပြောင်းအလဲမြန်ပုံက ပြောမပြောချင်။ အောင်နိုင်ဦး ပုဆိုးခါးပုံက ဆွဲထားသည့်ကို လွှတ်ပြီး လက်ေတွေက ကွန်မန်း လက်တွေအလား ကွမ်းယာကို ယာတော့သည်။

အောင်နိုင်ဦးဆိုသည့်ကောင်ကလည်း ကွမ်းယာရသည်နှ ကျွန်တော့်ကို မျက်စိမှိတ်ပြပြီး အဆောင်ပေါ် တက်ပြေးသည်။

'ဟဲ့… ရဲကျော်၊ နင်က ဘာရယ်တာလဲ'

မရွှေမိက ကျွန်တော် ရယ်နေသည်ကို ကြည့်ပြီး မေးလိုက် သည်။

'ဪ… မရွှေမိနဲ့၊ အောင်နိုင်ဦးက ပေါင်းတည်မှာနေတ ဘယ်လိုလုပ် ပေါင်းတည်မှာ ဟာလဝါရှိမှာလဲ၊ ဟာလဝါဆိုတ ပုသိမ်က ထွက်တာ၊ ဟိုကောင်က ပါးစပ်ထဲ ပြောချင်တာရှိတ ပြောသွားတာ အဟုတ်မှတ်နေ'

ကျွန်တော်က မရွှေမိ ဒေါသထွက်ဖို့ မီးလိုးပေးလိုက်သည်

'အောင်နိုင်ဦး… နင် အောက်ကိုပြန်ဆင်းလာကြည့်၊ သိမယ်၊ အရေခွံကို ခွာပစ်မယ်၊ ငါ့ကို သက်သက်ကလိသွားတာ နင် အပေါ်ကနေ ဆင်းရဲ ဆင်းလာကြည့်'

မရွှေမိက အကြီးအကျယ် ပေါက်ကွဲလေတော့သည်။

'သေချာတာကတော့ ဒီကောင် ညနေလောက်မှ ဆင်းလာ မှာ၊ မရွှေမိ ကွမ်းယာတွေ ဒီကောင် စားရင်း မီးပွတိုက်မှာ ကျိန်းသေ တယ်၊ မနေ့က ဒီကောင့်အဝတ်တွေ လျှော်တာတွေ့ရတယ်'

'စောင့်မယ်၊ ရွှေမိတို့က ထမင်းမစား ဟင်းမစားဘဲနဲ့ကို စောင့်မှာ'

မရွှေမိခမျာ ညနေထိ မစောင့်ရပါ။ အောင်နိုင်ဦးက အပေါ် ထပ်က ဆင်းလာရင်း မရွှေမိကို ကွမ်းယာဖိုး အကြွေးဆပ်သည်။ ထိုအခါကျတော့လည်း မရွှေမိ မျက်နှာက သကာရည်လူးသလို ပြုံး နေလို့။

ခါးတို့လျှင် ယောင်တတ်သော မရွှေမိကို အောင်နိုင်ဦးက အပေါ်ထပ်သို့ ပြန်တက်ခါနီး ခါးတို့ဖြစ်အောင် တို့သွားသည်။

မရွှေမိခမျာ ကွမ်းယာထုပ်အိုးကို လက်နှင့်ကိုင်ရင်း ယောင် ပြီး ကန်ရစ်လို့။

ဪ… မရွှေမိတို့ ဖြစ်ပုံများ…

❦

ကျွန်တော့်အခန်းသို့ ရောက်သော အခန်းဖော် ဝေယံလင်းက မရောက်သေး။ ကျွန်တော့်တွင်ရှိသော သော့နှင့် အခန်းတံခါးကို ပြီး ခုတင်ပေါ် လှဲအိပ်လိုက်သည်။

'ရဲကျော်… ထစမ်းပါဦးကွာ'

www.burmeseclassic.com

www.burmeseclassic.com



အခန်းထဲသို့ ညဏ်စိုးဝင်းတစ်ယောက် ပျာယီးပျာယာဖြ[illegible] ရောက်ချလာသည်။

'ဘာလဲကွာ… ခဏလေး မှေးမလို့ဟာ'

'နောက်မှ အိပ်ကွာ၊ ထစမ်းပါ… မင်းကလည်း'

ညဏ်စိုးဝင်းက ကျွန်တော့်ကို အတင်းဆွဲထူသည်။

သေချာပြီ။ ဝိတ်ပေါ် ညဏ်စိုးဝင်း တစ်ခုခု အကူအညီတော[illegible] ဖို့ပဲ ဖြစ်မည်။

'ရဲကျော်… လောကကြီးမှာ လူ့အတွက် ဘာအရေးကြီးလ[illegible] ကောက်ကာငင်ကာ ကျွန်တော့်ကို မေးပါသည်။

'ငွေပေါ့ကွာ၊ ငွေရှိရင် ဘာမဆို လုပ်လို့ရတယ်၊ မင်း[illegible] ဒါမေးမှာ မဟုတ်လား၊ ကဲ… ငါ မှေးဦးမယ်ကွာ'

ကျွန်တော်က ခုတင်ပေါ် ပြန့်အိပ်မလို့လုပ်ပြီး တုံးလုံးလှ[illegible] လိုက်သည်။

'ငွေမဟုတ်ဘူးကွ၊ လူဆိုတာ ကတိကအရေးအကြီးဆုံး[illegible] ငါနဲ့ မျိုးမင်းကိုနဲ့ စိန်ခေါ်ထားတဲ့ကိစ္စကို ပြောတာ'

ကျွန်တော် ဆတ်ခနဲ အိပ်ရာပေါ်မှ ပြန်ထလိုက်သည်။ [illegible] ဟုတ်သားပဲ။ သည်ကောင်နှင့် မျိုးမင်းကို စိန်ခေါ်ထား[illegible] ကိစ္စကို မေ့နေလို့ပါ။

'ဘယ်လိုလဲ၊ မင်းက စာမေးပွဲမဖြေခင် ချစ်သူတစ်ယော[illegible] လက်တွဲပြမယ်ဆိုတာ အခု တွေ့ပြီလား'

ညဏ်စိုးဝင်း သက်ပြင်းမှုတ်ထုတ်ရင်း…

'လူမှာ ပြန်မရတာက သိက္ခာပဲကွ၊ အဲဒီသိက္ခာကို တန်ဖိုး[illegible]



[illegible]ချင်၊ ပေးချင်တဲ့ကတိကို မဖောက်ချင်လို့ မျက်နှာပြောင်တိုက်ပြီး [illegible]ကျောင်းသူတွေနဲ့ ရောမဝင်တဲ့ ငါ စကားရော ဖောရောလုပ်ပြီး သူငယ် [illegible]ချင်းတွေအကူအညီနဲ့ မေဂျာစုံက ကောင်မလေးတွေကို ဝင်ရောပါ [illegible]တယ်ကွာ၊ အလကား အချည်းအနှီးပဲ၊ ကံစမ်းမဲတွေ ဒီလောက်ဘုံးပေါ [illegible]သအောပြီး ဘာကြောင့် ငါ့ကိုကြိုက်မယ့် ငါနဲ့ ချစ်သူဖြစ်မယ့် [illegible]ကျောင်းသူက ရှားနေရသလဲ မသိဘူး၊ ဒီအတိုင်းသာဆို နှစ်ကုန်ရင် [illegible]မျိုးဝင်းကို ငါ ကို အနိုင်ရပြီကွ'

ညဏ်စိုးဝင်းက စိတ်ပျက်လက်ပျက်အမူအရာနှင့် ကိုင်နေရာ [illegible] မတ်တတ်ထရပ်လိုက်သည်။

'ညဏ်စိုးဝင်း… ဒီအကြောင်းကို ငါ စိတ်ဝင်စားသွားပြီ၊ [illegible]… ဟော့ကောင်၊ ဦးချစ်ဆိုင်မှာ သွားဆွေးနွေးမယ်'

'အေး… ကောင်းတယ်'

ကျွန်တော်နှင့် ညဏ်စိုးဝင်းတို့ ဦးချစ်ဆိုင်သို့ ထွက်လာခဲ့ [illegible]ကြသည်။

လမ်းတစ်လျှောက်လုံး ညဏ်စိုးဝင်းက ဘာစကားမှ မဟ။ ဝိတ်ပေါ်… သည်ကောင် တစ်ခုခုကို အကြွက်ချနေတာပဲ [illegible]ဖြစ်ရပါလိမ့်မည်။

ဏ္ဍ

www.burmeseclassic.com

www.burmeseclassic.com



ဦးချစ် လက်ဖက်ရည်ဆိုင်မှာတော့ ကျောင်းသား၊ ကျောင်းသူတွေ၏ စကားသံ၊ စားပွဲထိုးများ၏ စားစရာမှာသံတွေက လက်ပံပင် ဆက်ရက်တွေ ကျနေသလိုပင်။

'ငါ ဘာဆက်လုပ်ရမလဲ ရဲကျော်'

ဉာဏ်စိုးဝင်းက လက်ဖက်ရည်ကို တစ်ခါတည်းသောက်ချ လိုက်ရင်းမှ မေးလိုက်သည်။

'ဟေ့ကောင်... လက်ဖက်ရည်ကို ဘာဖြစ်လို့ တစ်ခါတည်း သောက်ရတာလဲ'

'အခု မသောက်လည်း နောက် သောက်ရမှာပဲကွာ၊ လက် မညောင်းတော့ဘူးပေါ့'

ဝိတ်ပေါ... တော်တော်စိတ်ကြီးသည့်ကောင်။

'အတော်ပဲ ကိုရဲကျော်ရေ၊ စာကြည့်တိုက်မှာ ဖူးကူးယားမား ရဲ့စာအုပ်တွေ ရောက်နေတယ်လို့ ဆရာမောင်ကြည်သစ်ကို ပြောလိုက် ပါဦး'

ကျွန်တော်တို့ အနီးအနားသို့ ရန်ကုန်တက္ကသိုလ် စာကြည့် တိုက်မှ အေးအေးရီက ရောက်လာသည်။ လက်ဖက်ရည် လာသောက် တာဖြစ်မည်။

'ဟဲ့... အေးအေးရီ၊ ငါ စာကြည့်တိုက်လာရင် နင့်ကို မတွေ့ရဘူး၊ နင် ဘဘဲနဲ့ ဘယ်ဒိုးနေလဲ'

'အမယ်... ဘာဘဲဘဲမှ မရှိဘူးနော်၊ သန့်သန့်လေး... နေသွင်းတွေ လိုက်သိမ်းနေလို့ဖြစ်မှာ'

'နင်တို့ စီးပွားရှာချက်ကတော့ ငယ်သလောက် လုပ်တယ် ဟေ့'



'လုပ်ရတာပေါ့ တော်ရေ၊ ယောကျ်ားယူရင် ကိုယ်က ရှာ ကျွေးရဦးမှာ၊ ကဲ... သွားပြီ၊ ဆရာ့ကို ပြောလိုက်ဦးနော်'

ရန်ကုန်တက္ကသိုလ်စာကြည့်တိုက်မှ အေးအေးရီက ကျွန်တော် တို့ဝိုင်းနားမှ ထွက်သွားသည်။ အေးအေးရီကို ကျွန်တော် ကြည့်နေရင်း မှ တစ်စုံတစ်ခုကို သတိရသွားပြီး ခုံကို ပုတ်လိုက်သည်။

'ရဲကျော် ဘာဖြစ်သွားတာလဲ'

'မင်းအတွက် အကောင်းဆုံးအကြံကို ငါ ရလို့ဟေ့'

'ဘာအကြံလဲကွ'

'လူအသိခံလို့ မဖြစ်ဘူး ဉာဏ်စိုးဝင်း၊ စောစောက စာကြည့် တိုက်က အေးအေးရီ တွေ့လား၊ မင်းနဲ့ ဆိုက်တူဂိုက်တူပဲ၊ သူက သဘောကောင်းတယ်။ အဝေးသင်တက်နေတာ၊ သူ့ကို မင်းရဲ့ ဟန် ဆောင်ရည်းစားအဖြစ် မိုးမင်းကိုတို့ရှေ့မှာ တွဲပြဖို့ ငါ အကူအညီ တောင်းကြည့်မယ်၊ လက်ခံရင် လက်ဆောင်လေး ဘာလေး ပေးပေါ့၊ စာမေးပွဲပြီးသွားလို့ နောက်နှစ်ရောက်မှ ဒီကောင့်ကို ပြတ်သွားပြီလို့ ပြောလိုက်၊ အရေးကြီးတာ မင်း နိုင်ဖို့ပဲ'

ဉာဏ်စိုးဝင်း မျက်နှာ မှိုရသလို ဖြစ်သွားသည်။

'သိပ်ကောင်းတဲ့ အကြံပေါ့ကွာ၊ မင်းကို ဒါကြောင့် ငါ ချစ်တာ၊ ကဲ... ဘာဆက်လုပ်မလဲ'

'နေဦး ဉာဏ်စိုးဝင်းရေ၊ နက်ဖြန်ကျမှ အေးအေးရီဆီ မင်းနဲ့ ငါနဲ့ သွားမယ်၊ တိုင်ပင်ကြည့်မယ်၊ ချဉ်းကပ်ရဖို့တော့ အဲဒီလိုပဲ အပေါင်းအသင်းကဏ္ဍအစ လုပ်ကြည့်ရမှာပဲ'

'ဟုတ်တယ် ရဲကျော်၊ လက်ခံရင်တော့ ကောင်းမှာပဲကွာ၊

www.burmeseclassic.com

www.burmeseclassic.com



တော်ရုံ မိန်းကလေးမျိုးဆို လက်ခံဖို့နေနေသာသာ ပါးတောင်ရိုက်ခံရမှာ"

'ရအောင် ကြိုးစားကြည့်ရမှာပေါ့ကွာ၊ ဒီကိစ္စကို လျှို့ဝှက်နော်"

ညာဏ်စိုးဝင်းက လက်ဖျောက်တစ်ချက်တီးရင်း...

'စိတ်ချ... တွေ့ပြီပေါ့ မျိုးမင်းကိုရာ'

ကျွန်တော်နှင့် ညာဏ်စိုးဝင်းတို့၏ လျှို့ဝှက်အစီအစဉ်ကိစ္စသည် မထင်မှတ်ဘဲ ပေါ်ပေါက်သွားတာကို မျိုးမင်းကိုခများ သိလိုက်တော့...။

❦ ❦ ❦

ဖန်ဆင်းရှင်ကတော့
တစ်နည်းနည်းနဲ့
ခွင့်တည့်အောင်
ဖန်တီးပေးလိုက်တာပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



(၁၁)

သိပ္ပံ ကင်တင်းသည် လူရှင်းနေလို့ တော်ပါသေးသည်။ ...တော်နှင့် ဉာဏ်စိုးဝင်းတို့နှစ်ယောက် အေးအေးရီကို ခေါ်လာပြီး ...တော်တို့၏ လျှို့ဝှက်ကိစ္စကို ပြောပြလိုက်သည်။

'ဒုက္ခပါပဲ ရဲကျော်ရယ်၊ ကျွန်မရဲ့ လုပ်ဖော်ကိုင်ဖက်တွေက ...င်တော့ ကျွန်မ အထင်သေးခံရလိမ့်မယ်'

အေးအေးရီက အကြောက်အကန် ငြင်းပါသည်။

'ကူညီစမ်းပါဟာ၊ ဒါမျိုးက ကုသိုလ်ရပါတယ်၊ ပြီးတော့ ...့ ဉာဏ်စိုးဝင်းက အမြဲတွဲစရာ မလိုဘူး၊ တစ်ခါ နှစ်ခါလောက် ...း ထွက်ပြလို့ရရင် တော်ပြီ'

အေးအေးရီ၏ မျက်နှာပေါ်တွင် ရှက်တာလား သို့မဟုတ် ...စိတ်ဖြစ်နေတာလားဆိုတာ ဝေခွဲမရ ဖြစ်နေသည်။

'ကူညီစမ်းပါဗျာ၊ ဒီ မျိုးမင်းကို ဆိုတဲ့ကောင် တင်စီးပြီး ...တာ မခံနိုင်လို့ပါ'

ဉာဏ်စိုးဝင်းက အေးအေးရီကို သူသာ မကယ်လျှင် သေဖွယ်... ...သည့် ပုံစံမျိုးဖြင့် ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ကျွန်မ မျက်နှာပူတယ်၊ ကျွန်မ ဘဝမှာ ရည်းစားထားဖူ တာ မဟုတ်ဘူး၊ တကယ်လို့ ရည်းစားသာထားခဲ့လို့ ကျွန်မ ရည်းစာ က ဒီအဖြစ်အပျက်ကို သိသွားခဲ့ရင် ဘယ်လိုလုပ်မလဲ၊ ပြီးတော့ ကိုယ့်ချစ်သူ မဟုတ်ဘဲနဲ့ ဟန်ဆောင်ပြီး ရည်းစားအဖြစ် တွဲရ ကြက်သီးထတယ်'

'ကြက်သီးထမနေပါနဲ့ဟာ၊ ဒီကောင့်ကို ကူညီမှာသာ ကူ လိုက်စမ်းပါ၊ နင် မကူညီရင် ခုကွက အလုံးလိုက်ဝင်ဆောင့်မှာ'

အေးအေးရီက ဟိုဟိုဒီဒီ ကြည့်ရင်းမှ…

'ဒီကိစ္စကို ကျွန်မရဲ့ လုပ်ဖော်ကိုင်ဖက်တွေ မသိပါစေနဲ့နော် ဒါပဲမဟုတ်လား၊ ကျွန်မ သွားမယ်၊ ကိုရဲကျော်တို့အစီအစဉ်စမယ့်အချိ လာပြော၊ သြော်… နေ့လယ်ဘက်တော့ မလာနဲ့နော်၊ နေ့သွင်းပိုက် ကလိုက်တောင်းရသေးတယ်၊ ညနေ ရုံးဆင်းချိန်မျိုးဆို ပိုကောင်းတယ်'

'အေးပါဟာ… စိတ်ချ၊ နင့်ကျေးဇူး မမေ့ဘူး'

အေးအေးရီက ကျွန်တော်တို့အနားမှ ထွက်သွားသည်။

'ကဲ… ဉာဏ်စိုးဝင်း၊ မင်း ငါ့အစွမ်းကို တွေ့ပြီမဟုတ်လား'

'တွေ့ပါပြီ ရဲကျော်ရာ၊ ဒီလို စေတနာသန့်သန့်နဲ့ ကူညီခဲ့ အတွက် မင်းနဲ့ လှိုင်နဲ့ ညားပါစေကွာ၊ ဘဝမှာ ချစ်ကဲခေတဲ့ သူငယ်ချင်း ဒီတစ်ခါတော့ မလွဲပါစေနဲ့လို့ ငါ ဆုတောင်းပေးပါတယ်'

ဉာဏ်စိုးဝင်းခမျာ သူ့ကိစ္စ အောင်မြင်သွားသဖြင့် အ ကို ဝမ်းသာနေပါသည်။

ဉာဏ်စိုးဝင်း ဆုပေးသလိုမျိုး လှိုင်နှင့် ကျွန်တော် အဆင် လို့ကတော့ သည်ကောင့်ပါးစပ် ရွှေချဖြစ်အောင် ချလိုက်ဦးမည်





ထမင်းစားဆောင်မှာ စားနေသူတွေအားလုံး လက်သွက်နေ ကြသည်။ သည်နေ့မှ ကြက်သားနှင့် ဘူးသီးချက်သည့်အပြင် ငါးပိ ကြော်ပါ လိုက်ပွဲ ပါသေးသည်။

'တင်မောင်ဆွေ… ဒါပြီးရင် လှည်းတန်းမှာ ထီသွားထိုး ယ်ဟေ့၊ ဒီလိုဟာမျိုးက ထူးခြားနေတာ၊ ဘယ်တုန်းကမှ ဘူးသီးနဲ့ ကြက်သားရောငါးပိကြော်ပါ ကျွေးတာမဟုတ်ဘူး'

'မှန်တာပေါ့ တင်ကိုကိုရာ၊ သေချာပြီ… ဒါ ရှေ့လျှောက် ကောင်းတဲ့ အရိပ်လက္ခဏာတွေပဲ'

ကျွန်တော်တို့နှင့် တစ်ဝိုင်းတည်း စားနေသော မင်းနိုင်က…

'ဒါနဲ့ ဉာဏ်စိုးဝင်း မတွေ့ပါလား'

'ဒီကောင် ညနေကတည်းက ထွက်သွားတာပဲ'

ဉာဏ်စိုးဝင်း၏ အခန်းဖော် မျိုးမင်းကိုက ဖြေလိုက်သည်။

'အေး… ဉာဏ်စိုးဝင်းဆိုလို့ ပြောရဦးမယ်၊ ဒီကောင် ဟို တစ်နေ့က ကောင်မလေးတစ်ယောက်နဲ့ နှစ်ယောက်တည်း ချိန်းစယ်လာ ဆိုင်မှာ ထိုင်နေတာ ငါ လမ်းသွားရင်း အမှတ်တမဲ့ တွေ့လိုက်ရတယ်'

'ဟေ…'

မင်းနိုင် စကားအဆုံး မျိုးမင်းကိုခမျာ လက်ထဲကိုင်ထားသော ထမင်းလုတ်ကို ပြန်ချလိုက်သည်။

'မင်းနိုင်… သေချာရဲ့လားကွာ၊ အသိတွေ ဘာတွေ မဖြစ်နိုင် ဘူးလား'

မျိုးမင်းကိုက သိချင်ဇောနှင့် မေးလိုက်သည်။

'ပုံစံအနေအထားက ရည်းစားပုံစံမျိုးပဲ ဖြစ်ရမယ်ကွာ သူငယ်

www.burmeseclassic.com

www.burmeseclassic.com



ချင်းပုံစံမျိုး မဟုတ်ဘူး၊ တစ်ယောက်နဲ့တစ်ယောက် ဘေးချင်းယှ
ထိုင်နေတာကွ'

'သွားပါပြီကွာ… ငါ ဒီကောင့်ကို မခံချင်အောင် စိန်ခေ
မိတာ သွားပြီ၊ ဒီပွဲက ဒီကောင်နိုင်ရင် အလျော်အစားက တော်တေ
များမှာ၊ ပိုင်းပြီး ဘေးက အားပေးမယ့်သူတွေကလည်း အများကြီး

မျိုးမင်းကို၏ ပုံစံမှာ အတော့်ကို ယူကျုံးမရဖြစ်နေပုံမျိုးပေ

ကျွန်တော်ကတော့ ကြိတ်ပြီး စိတ်ထဲကနေ ရယ်နေမိသည်
ဟိုကောင် ဗိတ်ပေါ ဉာဏ်စိုးဝင်းတစ်ယောက် လက်ဖက်ရည်ဆိုင်
အေးအေးရှိနှင့် နှစ်ယောက်သား ဘေးချင်းယှဉ်ထိုင်ပြီး လက်ဖက်ရည်
သောက်ဖို့ မည်သို့မည်ပုံ စည်းရုံးလိုက်သလဲ မသိ။

'ဗိတ်ပေါတို့ကတော့ ပိုင်တယ်ကွာ၊ စိန်ခေါ်ရင် စိန်ခေါ်
အတိုင်း ဖြစ်အောင်လုပ်တာ တစ်ခန်းတည်းနေတဲ့ မျိုးမင်းကို ဒီတစ်
ခံလိုက်ရပြီ'

'ဟုတ်တယ် တင်မောင့်ဆွေ၊ ဒါဟာ အချစ်ကို စိန်ခေါ်
ချစ်ပွဲဝင်တာ၊ ငါနဲ့ 'နိုင်'နဲ့လည်း အဲဒီလိုဆို သိပ်ကောင်းမှာပဲ၊ နိုင်ရ
တစ်ခါတလေ လက်ဖက်ရည်ဆိုင်ထိုင်ရင် သိပ်ကောင်းမယ်'

ဝေယံလင်းက မျက်နှာကို ရှုံ့ရင်းမှ…

'ကိုတင်ကို… ထမင်းစားပျက်အောင် ခင်ဗျား မလုပ်
ခင်ဗျားဘာသာ ခင်ဗျား စွံအောင်မလုပ်လို့'

'ဟ… ဝေယံလင်းရ၊ ဒါက ပညတ်သွားရာ ဓာတ်သ
ပါပဲကွ၊ ငါက ရဲကျော်နဲ့ပေါင်းမှတော့ ဒီကောင် မစွံသမျှ လွဲသ
ဒီကောင့်အကုသိုလ်တွေ ငါ အဖျားခတ်ခံရတာ'



'မိုးတင်ကို… ခင်ဗျားဘာသာ အဖျားခတ်ခတ်၊ မခတ်ခတ်
အဓိကပြောရရင် ဉာဏ်စိုးဝင်းရဲ့ အောင်ပွဲကို ကျုပ်တို့တစ်တွေ မျှဝေ
ခံစားရမယ်၊ ဒီကောင့်ကို အောင်ပွဲနဲ့ ကြိုရမယ်'

'ဟုတ်တယ်… ဟုတ်တယ်'

'ဟေး…'

ကျွန်တော့်စကားသံဆုံး ထမင်းစားဆောင်ထဲမှာ ကောင်းချီး
ပေးသံတွေက ဆူညံသွားသည်။

စားလက်စ ထမင်းကို မစားနိုင်ဘဲ ငူငူကြီးဖြစ်နေသူကတော့
မျိုးမင်းကိုသာ ဖြစ်ပါသည်။

သည်မြင်ကွင်းကား ဉာဏ်စိုးဝင်း မြင်လိုက ဘယ်လောက်
ကျေနပ်နေမည်လဲလို့။

ထိုအပြင် အဖြစ်မှန်ကို သိနေသော ကျွန်တော့်အား သတင်း
ထိန်ချန်မှုနှင့် ကျွန်သူတွေ သိခဲ့လျှင်လည်း ကျွန်တော့်ခမျာ သည်အုပ်စု
ရဲ့ မေတ္တာပို့ကို ကောင်းကောင်းကြီးခံရမှာ အမှန်အကန်ပါ ခင်ဗျာ။

၅

အဓိပတိလမ်းမကြီးကတော့ ကျောင်းဖွင့်သည့် ယခုလို
နေ့လယ်ခင်းမှာ အစည်ကားဆုံးအချိန်ပင် ဖြစ်သည်။

ချန်စယ်လာ လက်ဖက်ရည်ဆိုင်မှာ ကျွန်တော်တို့အုပ်စု
လက်ဖက်ရည်သောက်နေကြသည်မှာ တစ်နာရီခန့်ရှိပြီ ဖြစ်သည်။

'မျိုးမင်းကို… ငါတို့ ထိုင်နေတဲ့ ဒီလက်ဖက်ရည်ဆိုင်ကို
လာနေတာ ဘယ်သူလဲ ကြည့်စမ်း'

www.burmeseclassic.com

www.burmeseclassic.com



အောင်နိုင်ဦးက ပြောလိုက်သဖြင့် မျိုးမင်းကို အပါအဝင် ကျွန်တော်တို့တစ်တွေ ပြိုင်တူကြည့်လိုက်သည်။

ဗိတ်ပေါ ဉာဏ်စိုးဝင်း သိန်းထိ အကြိမ်ကြိမ်ပေါက်သည့် လူတစ်ယောက် အပျော်မျိုးဖြင့် သူ့ဘေးမှာ အေးအေးရီက သူ့လက်ကို ကိုင်ပြီး ကျွန်တော်တို့စားပွဲဝိုင်းရှိရာသို့ လာနေသည်။

သည်ကောင် တော်တော်ပိုင်သည်။ အေးအေးရီကို လူကြားထဲ သည်လို လက်ချိတ်ဖို့ ခေါ်လာနိုင်သည်မှာ နည်းသည့်အရည်အချင်း မဟုတ်။

'ဒီကောင် တကယ်ရည်းစားရသွားတာပဲကွာ'

မျိုးမင်းကိုက အံ့အားတသင့်ပြောရင်း နဖူးမှ ချွေးသီးများကို လက်နှင့်သုတ်လိုက်သည်။

'မျိုးမင်းကို ငါကတိ တည်တယ်နော်၊ ကဲ··· ခုလေးဘာလေး ပေးပါဦးကွ၊ ငါတို့ ဒီအတိုင်း မတ်တတ်ရပ်နေရမှာလား'

'ဘာဆိုင်လဲကွ··· မင်းထိုင်ဖို့ မင်းဘာသာမင်း ယူပေါ့'

မျိုးမင်းကိုက လှမ်းပြောလိုက်သည်။

'ငါ ယူပေးမယ်၊ မင်းတို့ကို ဂုဏ်ပြုတဲ့အနေနဲ့ ငါ ယူပေးမယ်'

တင်ကိုကိုက အနီးအနားမှ ခုံနှစ်ခုံကို ယူပေးလိုက်သည်။

'သြော်··· အားလုံးနဲ့ မိတ်ဆက်ပေးရဦးမယ်၊ ဒါ ငါ့ရဲ့ချစ်သူ အေးအေးရီတဲ့၊ အဝေးသင်တက်တယ်၊ ဟောဒီ စာကြည့်တိုက်က ဝန်ထမ်းပဲ'

'အေး··· ဒါက ကိုယ့်သူငယ်ချင်းတွေပဲ'



သည်ကောင်နှစ်ကောင် ရုပ်ရှင်သာရိုက်ရင် ယခုအမူအရာတွေက အကယ်ဒမီ ကွက်တိရနိုင်သည်။

'ကျွန်မကို ကိုဉာဏ်စိုးဝင်းကို ခင်သလိုမျိုး ခင်နိုင်ပါတယ်'

'အေး··· ဘာသောက်မလဲ'

'ကို··· ရော'

'အေး သောက်ချင်တာ မှာလေ'

'ကို သောက်တာပဲ အေး သောက်မယ်'

'တကယ်နော်'

'တကယ်ပါဆို'

ကြည့်။ ဉာဏ်စိုးဝင်းတို့ လုပ်ပုံက တော်တော်အမြင်ကတ်ရော ကောင်းနေသည်။ အေးအေးရီကလည်း ဘာထူးသလဲ။

'ဉာဏ်စိုးဝင်း··· မင်း မသည်းနဲ့ကွာ'

'ဒီမှာ တင်မောင်ဆွေ၊ သည်းစရာရှိလို့ သည်းရတာ၊ မင်းသည်း ရှာထား'

တစ်ဆက်တည်း ဆိုသလို ဉာဏ်စိုးဝင်းက···

'အေး··· ကို မှာလိုက်တော့မယ်နော်'

'မှာပါဆို'

'ဟေ့··· ရေခဲရေ နှစ်ခွက်ပေးကွာ'

ဉာဏ်စိုးဝင်း မှာတာကြည့်ပြီး အားလုံး ဝိုင်းရယ်လိုက်ကြသည်။ ဗိတ်ပေါကတော့ ဂိုးခါနီးမှ ဘောလုံးကို ဘေးကန်ထုတ်တာမျိုး ဖြစ်လို့နေသည်။

'ဉာဏ်စိုးဝင်းရော··· မှာမှ မှာတတ်တယ်'

www.burmeseclassic.com

www.burmeseclassic.com



'ခင်ဗျား ဘာသိလဲ ကိုတင်ကိုရ၊ ကျွန်တော်က ရေခဲရေသောက်တာ ကြိုက်တာကိုး'

မျိုးမင်းကိုက ရုတ်တရက် မတ်တတ်ထရပ်လိုက်သည်။

'ဉာဏ်စိုးဝင်း… မင်း နိုင်သွားပြီ၊ ငါ ကတိတည်စေရမယ်'

'ကို… သူက ဘာနိုင်တာလဲ'

'အေး… မသိပါဘူး၊ အသာနေ'

သည်နှစ်ယောက် ယခုထိကို သရုပ်ဆောင်ကောင်းနေသည်။ မည်သူမျှ မရိပ်မိ။

'ကဲ… ငါတို့ သွားဦးမယ်၊ လာ… အေး'

အံမယ်… သည်ကောင် လုပ်သွားပြန်ပြီ။ အေးအေးရီကလည်း ဉာဏ်စိုးဝင်း လက်ကို ကိုင်လို့။

'မထင်ဘူးကွာ၊ ငါ လုံးဝမထင်တာ'

'မထင်တာ လုပ်မနေနဲ့၊ ဟိုမှာက ထင်သို့ မင်း ဟင်… ဟင်… ဟင်… ဖြစ်သွားပြီမဟုတ်လား'

မျိုးမင်းကိုခမျာ အိပ်မက်မက်နေသည်ဟုပဲ ထင်နေပါလိမ့်မည်။ ဒါကို ဝေယံလင်းက ပြန်ပြောလိုက်တာ ဖြစ်သည်။

နောက်ဆုံးတော့ ကတိအတိုင်း မျိုးမင်းကိုခမျာ ဉာဏ်စိုးဝင်းအပါအဝင် ကျွန်တော်တို့ကို လိုက်ကျွေးရတာ နှစ်သောင်းလောက်ကုန်သွားပါသည်။ ဉာဏ်စိုးဝင်းကတော့ ပြုံးပြုံး ပြုံးပြုံးနှင့်။

❦ ❦ ❦

စက်ရုပ်ဆိုတာ
နှလုံးသား မရှိပါ။
တိုင်ဆိုတာ နှုတ်ပါးများရင်
နှုံးသေးတာ
နှလုံးသားနဲ့ ဖွဲ့စည်းထားတဲ့လူ
ခံနိုင်ရိုးလား။

www.burmeseclassic.com

www.burmeseclassic.com



## (၁၂)

လေအဝှေ့မှာ ညော်နံ့တွေရနေသည်။ ဝရန်တာမှာ မတ်တတ်နေသော ကျွန်တော် အားကစားရုံဘေးက အကြော်ဆိုင်ဘက်ကို း ကြည့်နေမိသည်။ သစ်ပင်ရိပ်အောက်မှာ အကြော်စားသည့် ာင်းသားတွေက အစီအရီ။

'ရဲကျော်… မင်းကို တိုင်ပင်စရာရှိလို့'

ဉာဏ်စိုးဝင်းက ကျွန်တော့်အနား ရောက်လာသည်။

'ဘာကိစ္စလဲ'

'အရေးကြီးတဲ့ကိစ္စ ဆိုပါတော့၊ ဒီဇာတ်လမ်းက မင်း စတာ တော့ မင်းရှင်းမှ ရမှာ'

'ဘာများလဲကွ'

'အကြော်ဆိုင် သွားရအောင်ကွာ'

သည်ကောင် သည်လို တိုင်ပင်ပြီဆိုလျှင် တစ်ခုခုတော့ ခြားလို့ဖြစ်မည်။

www.burmeseclassic.com

www.burmeseclassic.com



အကြော်ဆိုင်ဘေးနားမှာ သစ်ရွက်ခြောက်တွေက ပြန့်ကျဲနေသည်။ ကတ္တရာလမ်းက ဟိုဘက် သထုံလမ်းဆီမှာတော့ ပညာရေး တက္ကသိုလ် လေ့ကျင့်ရေးကျောင်းက ကျောင်းလွှတ်ချိန်မို့လား မသိ။ ကားတွေက အစီအရီနှင့်။

'ဘာတိုင်ပင်မလို့လဲ ဉာဏ်စိုးဝင်း'

ကျွန်တော် ဗယာကြော်တစ်ခုကို ဖားလိုက်ရင်းမှ မေးလိုက်သည်။

'တကယ်တော့ကွာ… ပထမတော့ အပျော်လို့ထင်တာ နောက်တော့ အဲဒီ အပျော်ကနေ အပျက်ဖြစ်သွားတာမျိုး ငါ ကြုံနေရပြီ'

'ဘာကို ကြုံတာလဲ'

'ဘာကြုံရမလဲကွာ၊ အေးအေးရီကိစ္စပေါ့၊ ပထမတော့ ငါ ရည်းစားလိုမျိုး သူ့ကိုတွဲပြီး မျိုးမင်းကိုအတွက် ငါ ပွဲသိမ်းအနိုင်ယူ မယ်ဆိုပြီး ဟန်ဆောင်ခဲ့ပေမယ့် ကြာလာတော့ ငါ့နှလုံးသား မခံနိုင် ဘူးကွာ၊ ငါ သူ့ကို ချစ်မိလာတယ်၊ အေးအေးရီကို ဖွင့်ပြောရင် ငါ ဟာ မိုက်မဲသူတစ်ယောက် ဖြစ်လာလေမလားလို့'

ဉာဏ်စိုးဝင်း စကား နားထောင်နေသော ကျွန်တော် စားနေ သော ဗယာကြော်ကိုပင် ပြန်ချထားမိသလို ဖြစ်သွားသည်။ အမှ တော့ ရှာပတ်ပြီလို့။

'မင်းက အတုအဖြစ် မခံစားဘဲ အစစ်လို သွားခံစားတာကိုး ဒီတော့ မင်းနှလုံးသား ပါသွားတာပေါ့ ဉာဏ်စိုးဝင်းရာ'

'ငါ့နှလုံးသားမပါဘဲ နေမလားကွာ၊ လူပျို၊ အပျို ယောက်



နဲ့မိန်းမ သွားအတူ စားအတူ ဖြစ်ခဲ့တာ လူကွ၊ စက်ရုပ်မဟုတ်ဘူး၊ ခံစားတတ်တယ်၊ ခံစားတတ်တယ်၊ နှလုံးသားရှိတယ်လေ'

ဉာဏ်စိုးဝင်းက ရေနွေးကြမ်းတစ်ခွက် မော့သောက်လိုက် သည်။

'မင်းကို ငါ ပြောတယ်လေ ဉာဏ်စိုးဝင်း၊ သူနဲ့က ကိစ္စရှိမှ လူရှေ့တွဲပြဆိုတာ မင်းက အေးအေးရီဆီ ဘာဖြစ်လို့ ခဏခဏသွား ရတာလဲ'

'မသွားလို့ မရဘူးလေ၊ အေးအေးရီက ကိုဉာဏ်စိုးဝင်းရယ် ညနေမှ နေ့သွင်းတွေအတွက် မင်္ဂလာဈေးမှာ အထည်ဝယ်ချင်လို့ အဖော် လိုက်ခဲ့ပါဦး၊ သိမ်ကြီးဈေးမှာ နေ့သွင်းပေးဖို့ ပန်းကန်တွေ ဝယ်ဖို့ လိုက်ပါဦးလို့ ဘာတို့ အဖော်ခေါ်တော့ သူနဲ့အတူလိုက်ရင်း မုန့်စား အသုပ်စားရင်း အနေနီးစပ်မှုကြောင့် ငါ သံယောဇဉ်တွယ်တာ အပြစ် လား'

'အဲဒါ မင်းအပြစ်မဟုတ်ဘူး ဉာဏ်စိုးဝင်း၊ ငါ့အပြစ်၊ ငါက မင်းနဲ့ သွားစပေးမိတာကိုး၊ ဒီတော့ ငါက အေးအေးရီကို မေးကြည့် ပါဦးမယ်ဟာ'

'ရဲကျော်ရာ… ကြည့်လုပ်ပါဦးကွာ၊ တော်ကြာ ငါ့ကို မုန်း သွားပါဦးမယ်'

'ဒါမျိုးက မုန်းစရာ မဟုတ်ပါဘူးကွာ၊ မင်းမှာ သူနဲ့ ပူးစာ ပါရင် ချစ်သူဖြစ်ရ ညားရမှာပေါ့'

ဉာဏ်စိုးဝင်းက ဘာမှမပြောဘဲ သထုံလမ်းဘက်ဆီသို့ ငေး ကြည့်နေပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ယခုလို ဉာဏ်စိုးဝင်းပုံကို အေးအေးရီ မြင်တွေ့သွားစေချင်လိုက်ပါဘိ။

❦

ကျွန်တော့်မှာ ရန်ကုန်တက္ကသိုလ် စာကြည့်တိုက် ရုံးခန်းထဲသို့ လာသာလာရသည်။ တော်ကြာ ဉာဏ်စိုးဝင်းကိစ္စ အေးအေးရီက ထပြီး ဘုတောလာလျှင် အခက်။

မတတ်နိုင်ပါ။ ကိုယ် စထားသည့်ကိစ္စ ကိုယ်သာ ရှင်းရပါတော့မည်။

'ကိုရဲကျော်... ဘယ်လာတာလဲ၊ ကျွန်မဆီပဲလား'

'ဟုတ်တယ် အေးအေးရီရေ၊ နင့်ဆီလာတာ'

'ဒါဆို ဒီခုံမှာ လာထိုင်'

ကျွန်တော်က အေးအေးရီ၏ စားပွဲခုံရှေ့မှာ ဝင်ထိုင်လိုက်သည်။

'ကိုရဲကျော်... ကိုဉာဏ်စိုးဝင်း မပါဘူးလား၊ သူ ဒီကို မလာတာ ငါးရက်လောက်ရှိပြီ'

'အံမယ်... သတိရတယ်ပေါ့၊ အခု ဒီကောင့်ကိစ္စ လာတာ'

ဝိတ်ပေါ်တစ်ယောက်ကို အေးအေးရီက သည်လိုမေးမယ်ဆိုရင်ဖြင့် သည်ကောင် အခြေအနေမဆိုးဟု မှတ်ချက်ချရပါမည်။

'သူ့ကိစ္စ ဟုတ်လား၊ သူ ဘာဖြစ်လို့လဲ'

ကျွန်တော်က ဘေးဘီကို သတိထားကြည့်ရင်းမှ...



'ဒီကောင်က အင်မတန်ရိုးပါတယ်ဟာ၊ စာလည်း တော်တယ်၊ သူက မျိုးမင်းကိုနဲ့ မခံချင်လို့ လောင်းကြေးစားကြေးလုပ်တဲ့ကိစ္စမှာ သူ့ရည်းစားအဖြစ် နင့်ကို ဟန်ဆောင်တွဲရင်း ဟိုကောင့်ကို အနိုင်ယူတာ၊ နင်နဲ့ သွားတာလာတာ ဖြစ်လာတော့ သူ့ဘက်က မဖောက်သင့်တဲ့ စည်းကို ဖောက်ပြီး သူက နင့်ကို ချစ်မိသွားတယ်၊ အဲဒါ သူက နင့်ကို ဖွင့်ပြောပြန်ရင် နင် စိတ်ဆိုးသွားမှာလည်း သိုး၊ စော်ကားရာကျမှာလည်း စိုးတယ်လေ၊ အဲဒါ ငါ လာပြောတာ'

'ရှင်... သူက ကျွန်မကို ချစ်တယ်'

ကျွန်တော့်စကား နားထောင်ရင်း အေးအေးရီတစ်ယောက် မထင်မှတ်တာ ကြားလိုက်ရလို့ အံ့အားသင့်တာလား သို့မဟုတ် သူမ မျှော်လင့်နေသော စကား ကြားရလို့ အံ့အားသင့်တာလားဆိုတာတော့ ကျွန်တော် ဝေခွဲမရ။

'ကျွန်မ ပထမ ကိုရဲကျော်တို့ လာပြောတော့ ခဏပဲလေဆိုပြီး ဘာမှအမှတ်မထားဘူး၊ ကျွန်မလည်း မိန်းမသားပါ၊ ယောကျ်ားလေးတစ်ယောက်နဲ့ ရည်းစားလို သွားလာတာ ဟန်လုပ်ရင်း ကိုဉာဏ်စိုးဝင်းနဲ့ ခင်သွားတယ်၊ အဲဒီအခါ ရင်းနှီးလာတော့ နည်းနည်းပါးပါး စိတ်လှုပ်ရှားလာတယ်၊ ကျွန်မလေ ဘယ်ရည်းစားမှ မထားဖူးဘူး၊ ကျွန်မစီးပွား ကျွန်မရှာရင်း ဘဝကို ဖြတ်သန်းရတာ၊ ဒါပေမဲ့ ကျွန်မ သူနဲ့ ခင်ပြီး ကြာလာတဲ့အခါမှာ သူ့ကို အားကိုးလိုစိတ် ဖြစ်လာတယ်၊ ဘာရယ်ကြောင့်လဲတော့ မသိဘူး'

'အဲဒါ နင် သူ့ကို စိတ်ဝင်စားလို့ပေါ့၊ နင်တို့ အနေနီးကျ

www.burmeseclassic.com

www.burmeseclassic.com



လို့ ဒီလိုဖြစ်ကုန်တာ၊ ဒီတော့ ငါပြောပြမယ်၊ နင် ညနေကျရင် အင်းလျားကန်ပေါင်ရိုးက ဘူးသီးကြော်ဆိုင်မှာ စောင့်နေ၊ ငါ ဉာဏ်စိုး ဝင်းကို လွှတ်လိုက်မယ်'

အေးအေးရီကို စကားပြောပြီးပြီးချင်းပဲ ဉာဏ်စိုးဝင်း ရှိနေ သော စာသင်ခန်းဘက်ဆီသို့ ကျွန်တော် ထွက်လာခဲ့သည်။

ဝိတ်ပေါ ဉာဏ်စိုးဝင်းသည် သတင်းကောင်းသာ ကြားလိုက သည်ကောင် ဘယ်လိုနေပါလိမ့်မလဲ။

ပွဲကတော့ လွှတ်လှပြီ။

❦

'ဘာ… ငါ့ကို သူက အားကိုးချင်တယ် ဟုတ်လား၊ ညနေ အင်းလျားကန်ပေါင်ရိုးကို သွားရမယ်၊ သူ စောင့်နေမယ် ဟုတ်လား'

'ဟုတ်တယ်'

'ဟေ…'

ကျွန်တော့်စကား ကြားကြားချင်း ဉာဏ်စိုးဝင်းခမျာ တေ တော်ပျော်သွားသည် ထင်ပါ၏။

စကားပြောရင်း ထခုန်ပါသည်။

တော်သေးသည်။ သူ့အခန်းက အတန်းချိန်ပြီးသွားလို့။

'တော်သေးတာပေါ့ကွာ၊ အခန်းထဲမှာ မျိုးမင်းကို မရှိလို့'

'ရှိတော့ရော ဘာဖြစ်လဲကွာ၊ သူ့ကို အဖြစ်မှန် ပြောပြ ဒီကောင်လည်း ဝမ်းသာမှာပဲ'



'ဟုတ်ပါတယ်၊ ညနေရောက်ရင်တော့ မင်းနဲ့ အေးအေးရီနဲ့ Love Scene ကတော့ ဂန္တဝင်ဖြစ်ပြီ'

'ရဲကျော်… သူငယ်ချင်း၊ မင်းကိုလည်း ဆုတောင်းပေးပါ တယ်ကွာ၊ ငါ့ကို မင်း ကူညီသလို မင်း အချစ်ရေးရာမှာ ကူညီသူ ပေါ်ပါစေကွာ'

ဉာဏ်စိုးဝင်းက ကျွန်တော့်ခါးကို ဖက်ထားရင်းမှ ပြောလိုက် သည်။

ဘာရယ်မှန်း မသိ အဝေးဆီမှ ချိုးကူသံကြောင့် မဆီမဆိုင် လှိုင်ကို သတိရမိသွားပါသည်။

❦

လှိုင့်ကို သတိရပြီး အဆောင်ပြန်ကာ ခုတင်ပေါ် တုံးလုံး လှဲရင်း ဟိုတွေးဒီတွေး တွေးရင်းက ကျွန်တော် အိပ်ပျော်သွားပါသည်။

❦

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် အိပ်ပျော်နေချိန်မှာ အင်းလျားကန်ပေါင်ပေါ်

တော့ ညဏ်စိုးဝင်းနှင့် အေးအေးရီတို့ကတော့ ချစ်တေးတွေသီရ

လောကကြီးကို မေ့နေလောက်ပြီ။

❦ ❦ ❦

ငါ့ရင်ဘတ်ထဲက
နှတ်သမီးလေးကို
မင်းထံ...
စေတမန်အဖြစ်
လွှတ်လိုက်ချင်ပါရဲ့ကွယ်။
ဒီမှာ...
အလွမ်းတွေ
ရင်နင့်မမှု
ဝန်ထုပ်ဝန်ပိုးတွေ ဖြစ်နေလို့ပါ။

www.burmeseclassic.com



(၁၃)

ကျွန်တော့် အခန်းထဲမှာ ကျွန်တော်တို့အားလုံး တုတ်တုတ်မျှ မလှုပ်။ အားလုံး၏အကြည့်က မျိုးမင်းကိုဆီမှာသာ စုပြုံနေသည်။

သည်ကောင့်ပုံစံကလည်း ကြည့်ဦး။ ဒေါသထွက်တာ ကောင်းကောင်းမထွက်၊ ကောလိပ်ဂျင်နေဝင်း အမူအရာမျိုးနှင့် မျက်မှန်ကို ချွတ်လိုက်။ မျက်မှန်ကို လက်ကိုင်ပဝါနှင့် သုတ်လိုက်။ မျက်နှာမှာ ပြန်တပ်လိုက်။ အင်္ကျီလက်ကို ခေါက်လို ခေါက်၊ အခန်းထဲ ဟိုလျှောက် ဒီလျှောက် လျှောက်လိုက်နှင့် ဖြစ်လို့နေသည်။

'မျိုးမင်းကို··· မင်း အဆောင် Dinner ရောက်ရင် ပြဇာတ်ကို ငါတို့ရှေ့မှာ အမူအရာကျင့်နေတာလား၊ မျက်စိကို နောက်နေတာပဲ'

ကျွန်တော်က အမြင်ကတ်လာ၍ ဘုတောတောလိုက်သည်။

'ရဲကျော်··· မင်း စကားကိုရပ်၊ မင်းကို ငါ ဒေါသပိုထွက်တယ်၊ မင်းကပဲ ဉာဏ်စိုးဝင်းကို အလိုတူ အလိုပါ အကြံပေးတယ်၊

www.burmeseclassic.com
www.burmeseclassic.com

ငါ့မှာ တစ်ခန်းတည်းနေပြီး ဒီကောင့်ရဲ့ စနစ်တကျ ပိရိသေသပ်၊ အချိန်ကိုက်၊ ဟန်ချက်ညီညီ ချေမှုန်းခြင်းကို ခံလိုက်ရတာ'

မျိုးမင်းကိုက ဒေါသဖြစ်နေပုံ မကုန်သေးပါ။

'မျိုးမင်းကို… မင်း မဆိုးဘူး၊ ဒီလို စကားထပ်တွေကို အလွတ်ကျက်နိုင်တာ ငါလို မြန်မာစာသာ ယူရင် မင်း ဂုဏ်ထူးထွက်မှာပဲ'

အရေးထဲ တင်မောင်ဆွေက သွားပင့်ပေးပြန်သည်။

'တင်မောင်ဆွေ… ငါ အလွတ်ကျက်ထားတာ မဟုတ်ဘူး ဒေါသဖြစ်လို့ မင်းပါ ပါသွားမယ်'

တင်မောင်ဆွေထံမှ ဘာစကားမျှ မကြားရ ပြန်ငြိမ်သွားသည်။

'ဒီနစ်ကောင် သတင်းထိန်ချန် ပိရိမှုကတော့ကွာ ငါတို့ ခံလိုက်ရတာ'

တင်ကိုကိုကလည်း ရယ်ကျဲကျဲလုပ်ရင်းမှ ပြောလိုက်သည်။

'မင်းကို ညာဏ်စိုးဝင်း ဒီလို ခွင်ကျော်တော့ ဘာဖြစ်လဲကွာ မင်းတုန်းကလည်း ခင်ခင်သင်းနဲ့ ချစ်သူဖြစ်ဖို့ ဒီကောင် လုပ်ပေးခဲ့တာ၊ အခုလည်း မင်းရဲ့ စိန်ခေါ်မှုကြောင့် ဒီကောင် ပါလာရင်း ချစ်သူရည်းစား အခုမှ အစစ်ဖြစ်သွားတာ သရေပဲ'

'မသရေဘူး… အောင်နိုင်ဦး၊ မင်းတို့က ငါ့ဆီက တဝတ စားသွားတာ နည်းတာမှတ်လို့၊ ငါ့ရဲ့ ခင်ခင်သင်းကတောင် ငါ့ ပြောသေးတယ်၊ ကိုယ့်ပိုက်ဆံတွေ ခင့်ကို လာပေးထားရင် ပြီးရော'

အောင်နိုင်ဦးက ကွမ်းယာကို ထုတ်ဝါးရင်း…



'မျိုးမင်းကို… မင်း ဘဝမမေ့နဲ့နော်၊ ခင်ခင်သင်းကို ကဗျာစာအုပ်ကိစ္စ၊ အာဟာရဒါနကိစ္စတွေ ငါတို့ ပြောလိုက်ရင်…'

'ဟေ့ကောင်… အောင်နိုင်ဦး၊ ငါ့ပျော့ကွက်ကို မကိုင်နဲ့၊ ဘွာတေး… ငါ စိတ်မဆိုးတော့ဘူး၊ ညာဏ်စိုးဝင်းကိုလည်း စိတ်မဆိုးဘူး၊ ဟဲ… ဟဲ… အခုမှ ငါတို့အခန်းဖော်နှစ်ယောက် ချစ်သူရည်းစားတွေနဲ့ ဖြစ်သွားတာပေါ့၊ ငါက မင်းတို့ကို စတာပါကွာ'

မျိုးမင်းကိုဆိုသည့် ငတ တော်တော်အပြောင်းအလဲမြန်သည်။ စောစောကပုံစံမျိုး မဟုတ်တော့။

အောင်နိုင်ဦးက တော်ပါသည်။ လူတစ်ယောက်ပျော့ကွက်ကို တစ်ခါတည်း ချုပ်ထားနိုင်သည်။

'ဘဝမှာ သေရမှာလည်း ငါ မကြောက်ဘူး၊ ကမ္ဘာပြိုမှာလည်း ငါ မကြောက်ဘူးကွာ၊ ငါ အကြောက်ဆုံးက ငါ့ချစ်သူ ခင်ခင်သင်းက ငါ့ကို မုန်းသွားမှာအကြောက်ဆုံးပဲ သိလား'

'မျိုးမင်းကိုရာ… မင်းမို့ ပေါ်ရဲလိုက်တာ'

တင်ကိုကို ဝင်ပြောလိုက်သည်။

'ဘယ်သူမဆို ကိုယ် မြတ်နိုးရတဲ့ ကိုယ့်ချစ်သူ မုန်းသွားမှာကို ဝမ်းသာပြီး ကြည်နူးနေတဲ့သူ မရှိပါဘူးကွာ၊ ချစ်တတ် ခံစားတတ်ဆိုတာ ချစ်သူရှိမှ အချစ်ရဲ့ တန်ဖိုးကို နားလည်တာ၊ မင်းတို့မှာ ချစ်သူမရှိတော့ အချစ်ရဲ့ တန်ဖိုးကို မင်းတို့က ပြက်ရယ်ပြုမှာပေါ့၊ ချစ်သူ ရှာကြည့်လိုက်ပါ၊ မင်းတို့ သိလာလိမ့်မယ်'

မျိုးမင်းကိုက စကားကို တစ်လုံးချင်းပြောပြီးနောက် ခုတင်ပေါ် ထိုင်ချလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ဒီကောင် ငါတို့ကို သက်သက် ရည်းစားမရှိဘူးဆိုပြီး ကြွား တာ၊ မင်း ကြည့်နေ၊ ငါနဲ့ 'နိုင်'နဲ့ ချစ်သူဖြစ်မှ တွေ့မယ်'

တင်ကိုကိုက မကျေမနပ်လေသံနှင့် ပြောလိုက်သည်။

'ဒါပဲ ကိုကြီးကျော်၊ ကိုကြီးကျော်ကျတော့ တွေ့လိုက်တဲ့ အချစ်၊ အကြောင်းပြချက် တစ်ခုခုနဲ့ လွဲချော်ခဲ့ရ၊ ဒီကြားထဲ မထင် မှတ်တဲ့အဖြစ်က ဖြစ်ရ၊ ဟော… မျိုးမင်းကိုနဲ့ ဉာဏ်စိုးဝင်းကျတော့ ထင်သလိုလည်း ဖြစ်လာ၊ မထင်သလိုလည်း ဖြစ်လာနဲ့ ဖူးစာရေးမှာ လည်း ကံဇာတ်ဆရာက ဇာတ်လမ်းဝင်ရေးတာ အံ့ဩစရာဗျာ'

ဝေယံလင်း စကားကို နားထောင်နေသော ကျွန်တော် ဘာ ပြောရမှန်း မသိ။

'ငါ့ကို နတ်ဆိုး တစ်ပါးပါးကများ ငါ့နှလုံးသားကို အချ ဆိုတာ မဝင်ရောက်ဖို့ ဟန့်တားပိတ်ဆို့ထားတယ် ထင်ပါရဲ့ကွာ'

'ကဲ… ထင်မနေနဲ့၊ ရေချိုးမယ်၊ ငါတို့ ပြီးရင် ထမင်းစ မယ်၊ ကဲ… လူစုခွဲမယ်'

တင်ကိုကို စကားအဆုံး စကားဝိုင်းကို သိမ်းလိုက်သည်။

မထင်မှတ်ပါဘဲ ရေချိုးနေရင်းက လှိုင့်ကို သတိရမိသွား သည်။

လှိုင်နှင့် ကျွန်တော်သာ ချစ်သူဖြစ်လို့က ယခုလို ညနေ မျိုးလည်း အင်းလျားကန်ပေါင်ပေါ်မှာ နှစ်ယောက်သား လမ်းလျှော ရင်း ကြည်နူးစရာ ညနေခင်းဖြစ်လို့နေမှာ အမှန်ပါ။

ယခုတော့ ကျွန်တော့်ညနေခင်းသည် ဉာဏ်စိုးဝင်း၏ ည ခင်းဖြစ်လို့နေပါလားလို့။



သေချာတာက ဉာဏ်စိုးဝင်းတစ်ယောက် သူ့ချစ်သူအေးအေးရှိ ၏ ထမင်းချိုင့်အလွတ်ကို လက်ကကိုင်ရင်း အေးအေးရှိနှင့်အတူ ကားမှတ်တိုင်မှာ အေးအေးရှိ ပြန်ဖို့ ကားစောင့်ရင်း စကားပြောနေမည် မှာ အမှန်ပင်။

ထိုအချိန်မှာ ဉာဏ်စိုးဝင်းသည် အေးအေးရှိမှလွဲ၍ အားလုံးကို မေ့နေမည်မှာ အမှန်ပင်ဖြစ်ပါသည်။

'ရဲကျော်… ဧည့်သည်'

တနင်္ဂနွေ ကျောင်းအားရက်မို့ အဝအိပ်မည်လို့ ကြံစည်ကာမှ ဧည့်သည်ဟူသော အောက်ထပ်မှ လှမ်းခေါ်သည့်အသံကြောင့် ကျွန်တော် အိပ်ရာမှ လူးလဲထလိုက်သည်။ တစ်ခါဖူးမှ ကျွန်တော်ရှိသောအဆောင် သို့ ဧည့်သည်က မလာဖူးပါ။ မျက်နှာမသစ်ဘဲ အောက်ထပ်သို့ ဆင်းလာခဲ့သည်။

'လှိုင်… လှိုင်ပါလား'

မထင်မှတ်ထားသော လှိုင့်ကို တွေ့လိုက်ရသဖြင့် ကျွန်တော် ကျော်တော်အံ့အားသင့်သွားသည်။

'အိပ်ပုတ်ကြီးလှချည်လား'

'မဟုတ်ပါဘူး လှိုင်၊ ကျွန်တော်က တနင်္ဂနွေဆိုတော့ ဘာ လုပ်စရာမှ မရှိလို့ အိပ်တာ၊ ဘာကိစ္စလဲ လှိုင်'

www.burmeseclassic.com

www.burmeseclassic.com



'ဒီနေ့ လှိုင့်မွေးနေ့လေ၊ အဲဒါ ဘုရားသွားမလို့၊ အခန်းဖော် သူငယ်ချင်းကလည်း မြို့ထဲက သူ့အဒေါ်တွေအိမ် အလှူရှိလို့ သွားတယ်၊ လှိုင့်မှာ အဖော်မရှိလို့ ကိုရဲကျော် ရှိမယ်ထင်တာနဲ့ ဝင်ခေါ်တာ ယောက်ျားလေးအဆောင် အခုလို တစ်ယောက်တည်း မလာဖူးတော့ ရှက်ရွံ့ရွံ့ပဲ'

'ဒါဆို ခဏစောင့်နော်၊ ကျွန်တော် မျက်နှာသစ် အဝတ်အစား လဲလိုက်ဦးမယ်'

မျက်နှာသစ်နေရင်း ကျွန်တော် စဉ်းစားနေပါသည်။ အိပ်မက် တော့ မဖြစ်တန်ကောင်းပါ။

တစ်ခါတုန်းက သည်လိုမျိုးပဲ ကျွန်တော့်ကို အင်းလျားမှာ ဘူးသီးကြော်စားဖို့ လာခေါ်ဖူးသူတစ်ယောက် ကျွန်တော့်အတွက် အလွမ်းတွေ ဖြစ်ခဲ့ဖူးသည်။

ယခု… ကျွန်တော် ဆက်မတွေးတော့ပါ။

❦

'ရွှေတိဂုံဘုရား ဗုဒ္ဓဟူးဂြိုဟ်တိုင်မှာ ဘုရားရှိခိုးနေသော လှိုင့် ကို ကျွန်တော် နောက်ကနေ ကြည့်နေမိသည်။ လှိုင်သည် ယနေ့ သူ့မွေးနေ့ဖြစ်လို့ ထင်ပါသည်။ အလှဆုံး ဝတ်စားထားသည်။

လှိုင် ပုတီးစိပ်ပြီးသည်အထိ ကျွန်တော်က ထိုင်စောင့်ပေး မိသည်။ တစ်ဆက်တည်းဆိုသလို လှိုင်နှင့် ကျွန်တော် ယခုလို ရွှေတိ ဘုရားဖူးသည်ကို အဆောင်က သူငယ်ချင်းတွေ မြင်ချောင်ပါသည်



ခြင်လို့က သင်းတို့တွေ အံ့အားသင့်ကိုသင့်မှာ အမှန်။

'ကိုရဲကျော်… ဘာစားမလဲ၊ လှိုင်က မွေးနေ့ရှင်ဆိုတော့ လှိုင် ကျွေးမယ်လေ'

'ရပါတယ် လှိုင်ရယ်၊ ကြိုက်ရာကျွေးပါ… စားပါတယ်'

ကျွန်တော်နှင့် လှိုင်တို့ အရှေ့ဘက်မုခ်စောင်းတန်းအတိုင်း ဆင်းလာခဲ့ကြသည်။

တိုက်တိုက်ဆိုင်ဆိုင် ကျွန်တော်နှင့် လှိုင် စားသောက်နေသော ဆိုင်ထဲက ကက်ဆက်ဆောင်းဘောက်ကနေ *'ရိုးရိုးလေးသာ ဝတ်ခဲ့* *…'* သီချင်းကလည်း ပျံ့လွင့်နေသည်။

'ဘာဖြစ်လို့ လှိုင်တို့အခန်းဘက် မလာတာလဲ'

'ကျွန်တော့်မှာ တခြားကိစ္စတွေ ရှိလို့ပါ'

'မသိပါဘူး၊ လှိုင့်ကိုများ စိတ်ဆိုးနေလားလို့'

'ဘာစိတ်ဆိုးစရာရှိလဲ လှိုင်ရယ်၊ ကျွန်တော်နဲ့ လှိုင်နဲ့က …သူတွေမှ မဟုတ်တာ'

လှိုင်သည် ကျွန်တော့်ကို ကြည့်ရင်းမှ…

'ကိုရဲကျော်ကို ကျေးဇူးတင်ပါတယ်၊ လှိုင့်မွေးနေ့မှာ အဖော် …ဖြစ် လှိုင့်ကို ဘုရားလိုက်ပေးတာရယ်၊ ပြီးတော့ လှိုင့်ကို ရည်းစား …တား နားပူနားဆာလုပ်ပြီး မပြောတာရယ်ကြောင့်ပါ'

'ကျွန်တော် ဝတ္ထုတစ်ပုဒ်ဖတ်ဖူးတယ်၊ မောင်ရန်ပိုင် ရေးတာ၊ …တွေက ကိုယ်မြတ်နိုးတဲ့ ချစ်သူကို ဒီလို ဘုရားဖူးတဲ့ ကာလ… …ညီမလေးတစ်ယောက်လို စိတ်ကောင်းလေးမထားနိုင်ဘူးလားတဲ့၊ …စ်ထောင့်ငါးရာ မေတ္တာတွေကို ဘုရားလှေကားရင်းမှာ ထားရင်း

www.burmeseclassic.com

www.burmeseclassic.com



ငါးရာနှစ်ဆယ့်ရှစ် မေတ္တာတွေနဲ့ ချစ်သူကို နှမလေးတစ်ယောက်လို တစ်ဒင်္ဂ မစောင့်ရှောက်နိုင်ဘူးလား၊ လှိုင့်ကို အခုအချိန်မှာ လှိုင် ကုသိုလ်ကောင်းမှုလုပ်နေတဲ့ ကာလတိုလေးအတွင်းမှာ ကျွန်တော် နှမလေးတစ်ယောက်လိုပဲ သဘောထားပါရစေ'

လှိုင်သည် ကျွန်တော့်ကို ကြည့်လိုက်သည်။ လှိုင့်မျက်လုံး အိမ်ဝယ် မျက်ရည်ဥလေးတွေ တွဲလဲခိုနေသလားလို့။

'ရှေ့လဆို စာမေးပွဲတွေ စစ်တော့မယ်နော်၊ စာလည်း ကျက်ဦး၊ စာမေးပွဲပြီးတဲ့နေ့မှာတော့ လှိုင်လေ ကိုရဲကျော်ကို လှိုင် အဖြေ တစ်ခု ပေးခဲ့ပါ့မယ်'

လှိုင့်ကို ရတနာဆောင်ရောက်သည်အထိ ကျွန်တော် လိုက်ပို့ခဲ့သည်။

ကျွန်တော် ဝမ်းသာပါသည်။ ကျွန်တော် မြတ်နိုးရသော လှိုင့်ကို နှမလေးတစ်ယောက်လို အချိန်ပိုင်း အကန့်အသတ်ဖြင့် စောင့်ရှောက်ခွင့်ရလို့ ဖြစ်ပါသည်။

ကမ္ဘာကြီးမှာ ချစ်သူကို နှမလေးလိုမျိုး အခိုက်အတန့် စောင့်ရှောက်နိုင်သူတွေ များလာရင် ဘယ်လောက်ကောင်းမလဲကွယ်။

❦ ❦ ❦

လေပြည်ညင်းရယ်
အလွမ်းတွေကို
အပျော်အဖြစ်
အသွင်ပြောင်း သယ်ဆောင်ပေးပြီး
ချစ်သူ့ပြတင်းဝမှာ ချထားပေးပါ။
ဘာဖြစ်လို့လဲဆို
နှစ်သက်သလို သူမ သုံးစွဲစေချင်လို့ပါ။

www.burmeseclassic.com

www.burmeseclassic.com



(၁၄)

"ကိုကြီးကျော် ပြောပုံအရဆို လှိုင့်မှာ ကိုကြီးကျော်ရဲ့ ကောင်းခံမှုကို မစဉ်းစားတဲ့ အဓိကကျတဲ့အချက်တစ်ချက် ရှိလိမ့်မယ်၊ ကိုကြီးကျော်ကိုသာ လှိုင်က စိတ်မဝင်စားရင် ဘာမှ ဒီယောက်ျားလေး အဆောင်ကို လာပြီး ကိုကြီးကျော်ကို ဘုရားခေါ်သွားစရာအကြောင်း ရှိဘူး'

ဝေယံလင်းကို စကားပြန်မပြောဖြစ်ဘဲ ကျောင်းသင်ခန်းစာ စာအုပ်ကို ဖွင့်ဖတ်နေမိသည်။

'စာမေးပွဲကလည်း စစ်တော့မှာ၊ ကိုကြီးကျော်ရာ ဘာမှ စိတ်လေမနေနဲ့'

'မလေပါဘူးကွာ··· ငါသိချင်တာက လှိုင်က ငါ့ကို ဘာ ကြောင့် မစဉ်းစားချင်ရသလဲဆိုတာ အဲဒါသာသိရင် ငါ အလုံးကြီး ကျပြီ'

ကျွန်တော်က ဖတ်လက်စ စာအုပ်ကို ဆက်ဖတ်နေမိသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဆရာ ကိုရဲကျော်… ကျွန်တော်တို့ကို ဒီမှာ အင်္ဂလိပ်စာ လာရှင်းပြပါဦး'

အခန်းထဲသို့ အောင်နိုင်ဦး ရောက်လာသည်။

အခုလို စာမေးပွဲနားနီးလာပြီဆိုလျှင် သည်ကောင်တွေက ကျွန်တော့်ကို 'ဆရာ'၊ 'ဆရာ'ဟု နှုတ်က မချ။

ကျွန်တော်က အင်္ဂလိပ်စာ သဒ္ဒါတွေ၊ စာပိုဒ်ဖြေနည်းတွေ သင်ပေးရသည်။

ထိုလိုအချိန်မျိုးမှာတော့ လက်ဖက်ရည် သောက်မလား၊ ကွမ်း စားမလား၊ မုန့်စားမလား ဟုတ်နေလို့။

'လာပါ ဆရာရယ်၊ ဟိုမှာ ဆရာ့တပည့်တွေ စောင့်နေကြ တယ်'

အောင်နိုင်ဦး၏ အခန်းရောက်တော့ လူက ဆယ်ယောက်ခန့် ရှိသည်။

'ဆရာ… အမှတ်များများရမှာကို သင်ပေးပါ'

'မဟုတ်ဘူး၊ အက်ဆေး သင်ပေးပါ'

'စာပိုဒ်ဖြေနည်းက အမှတ်ရတယ်၊ အဲဒါ အရင်သင်ပါ'

'Sentence construction တွေ အရင်သင်စမ်းပါ'

တစ်ယောက်တစ်ပေါက်သံတွေ ဆူညံနေသဖြင့် ဆရာ လုပ်မည့် ကျွန်တော် အတော်စိတ်ပျက်သွားသည်။

'ကဲ… အဲဒီလို ဆူနေကြရင် ဆရာဘဝက စွန့်လွှတ်လိုက်မှာ နော်'



'စွန့်တော့ မစွန့်လွှတ်ပါနဲ့ ဆရာရယ်၊ ကျွန်တော်တို့ စာမေးပွဲ ဖြေပြီးမှ စွန့်လွှတ်ပေးပါနော်'

မင်းနိုင်တို့၊ အောင်နိုင်ဦးတို့များ အခုကျတော့လည်း သည် ကောင်တွေ၏ အပျော်တွေ ဘယ်ရောက်နေပြီလဲ မသိ။

❦

မည်သည့်ကျောင်းသားမဆို စာမေးပွဲ ကျရှုံးချင်သော ကျောင်း သား မရှိပါ။ မည်သူမဆို စာမေးပွဲအောင်ချင်ကြသူချည်းပဲ ဖြစ်ပါ သည်။

စာမေးပွဲဖြေခါနီးရက်တွေနှင့် စာမေးပွဲ ဖြေဆိုနေသော ရက် တွေမှာ ကျွန်တော် ဘယ်မှ မသွားမိ။ အဆောင်မှာ စာပဲ ကျက်နေမိ သည်။

ကျွန်တော်တို့၏ သထုံဆောင်ကရော တစ်နှစ်လုံး စာသံပေသံ ကြားရသမျှ စာမေးပွဲဖြေခါနီးရက်တွေမှာတော့ စာသံပေသံ တညံညံ နှင့်။

သည်ကြားထဲ မရှေ့မီ အသံကလည်း စာသံပေသံ တညံညံ ကြားထဲမှာ ပွစိပွစိနှင့် ဖြစ်သည်။ အကြွေးစာရင်းစာအုပ်ကို ကိုင်ရင်း အဆောင်ဝင်ပေါက်ကနေ တစ်ယောက်ချင်း တောင်းလို့နေသည်။ တောင်းလို့က မဖြစ်။

အားလုံးက လစ်လစ်ပြေးကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်အဖို့ကတော့ စာမေးပွဲကို ကောင်းမွန်စွာ ဖြေဆိုနိုင်ခဲ့ပါသည်။

သို့သော်...

ကျွန်တော် အချစ်စာမေးပွဲကတော့...

ကျွန်တော် ဆက်မတွေးချင်တော့ပါ။

* * *

ဒီကိုကျောက်တောအုပ်ထဲမှာ

တစ်ခါတစ်ရံ

ခွဲခွာခြင်းတွေ ထားခဲ့ရ

ကွဲရှခံခဲ့ရတဲ့ မေတ္တာတရားလည်း ကျန်ခဲ့ပေါ့

ဒါတွေသာ

လက်ထဲမှာ ပိုင်ဆိုင်ခဲ့ရပေါ့။ ။

www.burmeseclassic.com



## (၁၅)

**စာမေးပွဲကြီး** ပြီးသွားပြီမို့ ကျောင်းသားတွေ စိတ်ထဲက ပေါ့ပါးသွားတာက အမှန်ပင်။ အိမ်ကိုလွမ်းသူများက ချက်ချင်း အိမ်ပြန်ကြသူတွေရှိသလို တချို့ကလည်း မပြန်သေး။

'ဟဲ့… ဆင်းလာခဲ့စမ်း၊ ရွှေမိကို ဒီလိုလုပ်လို့ ရမယ်ထင်သလား၊ အောင်နိုင်ဦးရာ နင့်လောက်တော့ အပျော့ပေါ့'

အောက်ထပ်ကနေ မရွှေမိ အော်သံကြားသဖြင့် ကျွန်တော်သည် ဘေးဘီကို ကြည့်လိုက်တော့ စောင်တွေကို ကြိုးလိုလုပ်ပြီး အပေါ်ဆုံးထပ်မှ ဆင်းနေသော အောင်နိုင်ဦးက လေထဲမှာ စောင်တွေဆက်ထားတာကို ကိုင်ရင်း တန်းလန်းကြီး ဖြစ်နေသည်။ ဉာဏ်စိုးဝင်းက အပေါ်ကနေ စောင်တွေကို ကြိုးလိုဆက်ထားတာကို ကိုင်ထားပေးသည်။ ရွှေမိက အောက်ကနေ အကြွေးစာရင်း စာအုပ်ကိုင်စောင့်နေသည်။

'ရွှေမိတို့က ဒါမျိုး နောကျေနေပြီ၊ ဒီအကြွေးမပေးချင်လို့ ည ကနေ အိမ်ပြန်မယ့် ကိုယ့်ပစ္စည်းတွေကို သူများနဲ့ သယ်ခိုင်း၊ အပေါ်တင်၊ ကိုယ်က ဘေးပေါက်ကနေ ဆင်းပြီး လစ်ပြေးပြီး အကြွေးကို နောက်နှစ်ရောက်မှ ပေးလို့ရမလား၊ နင် ဆင်းလာခဲ့ပါ အောင်နိုင်ဦးရာ'

www.burmeseclassic.com

www.burmeseclassic.com



'စကားမရှည်နဲ့ဗျာ၊ ခင်ဗျားအကြွေးကိုပေးမယ်၊ ဉာဏ်စိုးဝင်းရာ မင်းကို သေသေချာချာကိုင် မြန်မြန်လုပ်ပါလို့ ပြောရက်သားနဲ့'

အောင်နိုင်ဦးက ဉာဏ်စိုးဝင်းကို မကျေမနပ်နှင့် အော်ပြောရင်း စောင်တွေ ကြိုးလုပ်ပြီး ဆင်းတာ မြေကြီးပေါ် ရောက်သွားသည်။ သည်ကောင် တာဇံဖြစ်မှန်းမသိ ဖြစ်သွားသည်။

မဋ္ဌေမိ၏ အသံနှင့် အောင်နိုင်ဦး၏ စကားသံတွေက အောက်ထပ်မှာ ဆူညံနေတော့သည်။ သည်ကောင်က အိမ်ကို ကျွန်တော်တို့အုပ်စုမှာ အစောဆုံးပြန်သူ ဖြစ်သည်။

'သူများဆီက အကြွေးယူရင် ပေးရမှာပေါ့ကွာ၊ အောင်နိုင်ဦးလုပ်ပုံကြည့်စမ်း၊ ငါ့မှာ စောင်လည်း ငှားပေးရ၊ အခု ဒီစောင်တွေကို ပြန်ဖြေ၊ ပြန်ခေါက်ရဦးမယ်'

ဉာဏ်စိုးဝင်းက စကားကို ပျစ်တောက် ဖျစ်တောက်ပြောရင်း စောင်တွေနှင့် အလုပ်ရှုပ်နေသည်။

'ကိုကြီးကျော်... လှိုင်က ဒီနေ့ စကားပြောမယ်ဆို အရေးကြီးတယ်ဆို၊ ကိုကြီးကျော် မသွားသေးဘူးလား'

ဝေယံလင်းက ရေချိုးပြီး ပြန်လာရင်းမှ ပြောလိုက်သည်။

'သွားရမှာပေါ့ ဝေယံလင်းရာ၊ ဒါလည်း ငါ့အတွက် စာမေးပွဲလေ၊ ဒီစာမေးပွဲကတော့ ဘယ်လိုလာမလဲ မသိဘူး'

'ကံကရားကြီးက ကိုကြီးကျော်ဘက်မှာ ရှိပါစေဗျာ၊ ကျွန်တော့်အစ်ကိုကြီးကို နေလာတဲ့ကာလတစ်လျှောက်မှာ ချစ်တဲ့သူနဲ့ တွဲတာမြင်ချင်တာ အခန်းဖော်ဖြစ်တဲ့ ကျွန်တော့်ရဲ့ ဆန္ဒပါ'

ကျွန်တော်က ဘာမှမပြောတော့ဘဲ လှိုင်နှင့် ချိန်းဆိုထားသည့်နေရာသို့ ထွက်လာခဲ့သည်။



ယောက်ျားလေးဆောင်တွေရှေ့မှာတော့ နယ်ကို ပြန်သူက ပြန်နှင့် စည်ကားလို့နေသည်။

အချိန်တန်ရင် လှိုင်လည်း သူ့နေရပ်ဌာနေကို ခေတ္တပြန်ရဦးမှာပဲ။ ကျွန်တော်ကရော...

ရန်ကုန်တက္ကသိုလ် စာကြည့်တိုက်ရှေ့က ကံ့ကော်တောအုပ်ထဲမှာ လေက တိုက်သဖြင့် ကံ့ကော်ရွက်တွေက လေအဝှေ့မှာ ညီညာစွာ ယိမ်းကနေသလိုပင်။

သည်နေရာမှာ မထင်မှတ်ဘဲ လှိုင့်ကို တွေ့ခဲ့ရသည်။ သည်နေရာကိုပဲ လှိုင်က အခု စကားပြောစရာရှိလို့ဆိုပြီး ချိန်းဆိုပြန်သည်။

ကံ့ကော်ပင်တွေအောက်က ခုံတန်းလျားမှာ လှိုင် ထိုင်နေတာကို မြင်ရသည်။ သူမလက်ထဲမှာ စာအိတ်ဖြူတစ်အိတ်ကို ကိုင်ထားသည်။

'ကိုရဲကျော်... စာမေးပွဲ ဖြေနိုင်လား'

'ဖြေနိုင်ပါတယ် လှိုင်ရယ်၊ လှိုင်လည်း ဖြေနိုင်မှာပါ'

လှိုင်က ခေါင်းညိတ်ပြပါသည်။

'လာလေ... ဒီမှာလာထိုင်'

လှိုင်က သူ့အနားမှာထိုင်ဖို့ ခေါ်လိုက်ပါသည်။ ကျွန်တော် လှိုင်အနားမှာ ဝင်ထိုင်လိုက်သည်။

'ဘုရားမှာတုန်းက လှိုင် ပြောခဲ့တဲ့အတိုင်း ဒီနေ့ လှိုင်က ကိုရဲကျော်ကို အဖြေတစ်ခုပေးမယ်ဆိုပြီး ချိန်းခဲ့တယ်၊ လှိုင် ပြောရတော့မယ်နော်'

www.burmeseclassic.com

www.burmeseclassic.com



လှိုင့်စကားသံတွေထဲမှာ ဝမ်းနည်းမှုအရိပ်အယောင်တွေ ပါနေသလိုပင်။

'တက္ကသိုလ်မှာ ပညာသင်ကြားတဲ့ ကျောင်းသားတွေမှာ လှိုင်နဲ့ ကိုရဲကျော်လိုမျိုး လူတွေလည်း ပါမှာပါ'

'ဘာဖြစ်လို့လဲ လှိုင်'

'ဩော်… မထင်မှတ်ဘဲ တွေ့ခဲ့ရ၊ မိတ်ဆွေဖြစ်ခဲ့ရ အဲဒီကနေ မိတ်ဆွေအဆင့်တွေကျော်ပြီး ချစ်သူဖြစ်သူ ဖြစ်ကြ၊ အကြောင်း မတိုက်ဆိုင်လို့ ချစ်သူ မဖြစ်ရပေါ့လေ'

'ပြောပါ လှိုင်၊ အဲဒါ ကျွန်တော်နဲ့ ဘယ်လိုပတ်သက်သလဲ ဆိုတာ'

လှိုင်က ကံ့ကော်ပင်တွေဆီ မော့ကြည့်လိုက်သည်။

'ကိုရဲကျော်က ကျွန်မကို မေတ္တာတောင်းခံတဲ့အခါ ကျွန်မ ပြောခဲ့တယ်လေ၊ ကျွန်မ မစဉ်းစားချင်ဘူးဆိုတာ…'

'ဟုတ်ပါတယ်၊ အဲဒါ ဘာကြောင့်လဲ လှိုင်၊ ဒါကို ကျွန်တော် သိပ်သိချင်တာ၊ ဒါက ကျွန်တော့်ဘဝပဲလေ'

လှိုင်က အဓိပတိလမ်းမဘက်သို့ ကြည့်လိုက်ရင်းမှ…

'ကျေးဇူးတရားဆိုတဲ့ကိစ္စက လူတစ်ယောက်မှာ သိပ်အရေးကြီးပါတယ်နော်၊ လှိုင်လေ အဲဒီကျေးဇူးတရားဆိုတာကြီး မရှိရင် သိပ်ကောင်းမှာပဲလို့ စဉ်းစားမိတယ်'

'ဘယ်လိုကြောင့် မရှိချင်ရတာလဲ လှိုင်'

'လှိုင်တို့ မိဘတွေက နယ်မှာ သာမန်လက်လုပ်လက်စားတွေပါ၊ မောင်နှမက ရှစ်ယောက်ရှိတယ်၊ လှိုင်က အကြီးဆုံးသမီး၊ ဒီတော့ အဆင်မပြေဘူးပေါ့၊ လှိုင်တို့ မိသားစုကို စီးပွားရေးအတွက် အရင်းတွေပေးပြီး မိသားစု အဆင်ပြေအောင် နောက်ကနေ ငွေကြေးပေးတဲ့ မိသားစု ရှိတယ်၊ သူတို့မှာ လှိုင်နဲ့ အသက်နှစ်နှစ်လောက်ကြီးတဲ့ သားတစ်ယောက်ရှိတယ်၊ အတန်းပညာက နည်းတယ်၊ ဒါပေမဲ့ သူက လက်ထပ်ဖို့ စီစဉ်တယ်၊ လှိုင် ကျောင်းပြီးရင် လက်ထပ်ရမယ်လေ၊ လှိုင်တို့မိသားစု ဒီဘဝရောက်အောင် လုပ်ပေးလို့ ကျေးဇူးရှိတယ်လေ၊ ဒါနဲ့ လှိုင်က မနှစ်က စေ့စပ်ပွဲ နယ်မှာလုပ်တယ်၊ အခန်းဖော် သူငယ်ချင်းတောင် မသိဘူး'

လှိုင့်စကားကို နားထောင်နေသော ကျွန်တော် နည်းနည်းတော့ အံ့သြသွားပါသည်။

ကျွန်တော် ခေါင်းပေါ်သို့ လေအတိုက်မှာ ကံ့ကော်ရွက်ခြောက်တစ်ရွက် ကြွေကျလာသဖြင့် လက်နှင့် အသာဖယ်လိုက်သည်။

'အဲဒီလူကို လှိုင် မချစ်ဘူး၊ ဒါပေမဲ့ ကျေးဇူးတရားအရ သူ့ကို လှိုင် လက်ထပ်ရမယ်၊ ဒီအချိန်မှာ လှိုင်လေ ကိုရဲကျော်နဲ့ တွေ့တယ်၊ သက်တူရွယ်တူ တက္ကသိုလ်မှာ ပညာရှာသူ အတူတူ လှိုင်လေ ရှင်းရှင်းပဲပြောပါရစေ၊ လှိုင်လည်း မိန်းမသားပါ၊ မိန်းမတစ်ယောက်ရဲ့ဘက်ကြည့် ဘယ်လောက်ပဲရှိရှိ ကိုရဲကျော်ကို လှိုင် ချစ်မိတယ်၊ ဒါပေမဲ့ အဲဒီချစ်တာဟာ လှိုင့်ရင်ထဲမှာပဲ သိမ်းထားရတယ်၊ ဆက်ပြီး ရှေ့ဆက်လို့က မရဘူး၊ ဖြစ်ချင်တာဖြစ်ဆိုပြီး ထင်တာလုပ်ရင် နယ်က လှိုင့်မိဘတွေရော တစ်ဖက်ကရော အားလုံး အရှက်တွေ့ရမှာ၊ လှိုင့်မိသားစုလည်း သူများပြောစရာ ဖြစ်မယ်'

လှိုင့်မျက်ဝန်းထဲမှာ မျက်ရည်ဥတွေ တွဲလဲခိုလာသလား မသိ။ လှိုင်က မသိမသာ လက်နှင့်သုတ်လိုက်သည်။

'ဒီကျေးဇူးတရားဆိုတဲ့ အရာအတွက် လှိုင်ရဲ့ နှလုံးသားအရေး

www.burmeseclassic.com



ဟာ ကျဆုံးခဲ့ရပါတယ်၊ ကိုရဲကျော် ဒါကြောင့် လှိုင် မစဉ်းစား
ဘူးလို့ ပြောခဲ့တာ၊ လှိုင်လေ ကိုရဲကျော်ကို လေးစားပါတယ်၊ လှိုင်
ကို သိက္ခာရှိရှိ လူကြီးလူကောင်းဆန်ဆန် ပြုမူခဲ့လို့ပါ'

ကျွန်တော်က လှိုင့်မျက်နှာကို ကြည့်လိုက်သည်။

လှိုင်ကရော ဘာထူးလို့လဲ။ ကျွန်တော့်ကို ပြန်ကြည့်နေ

'ကျွန်တော့်ရဲ့ နှလုံးသားရေးရာမှာ တစ်နည်းမဟုတ်တစ်နည်း
ကျွန်တော် လွဲခဲ့ရတယ်၊ အခုလည်း လွဲရပြန်ပြီ၊ ကျွန်တော် ကျေ
ပါတယ်၊ ကျွန်တော့်ချစ်သူဆီက ကျွန်တော် အခုလို နားဆင်ခဲ့ရ
စကားလုံးတွေကိုပဲ ကျွန်တော် မြတ်မြတ်နိုးနိုး သိမ်းထားပါရစေ
ဒါကိုကပဲ လှိုင့်ဆီကရတဲ့ အဖြေလို့ ကျွန်တော် ခံယူပါရစေ'

လှိုင်က လက်ထဲမှာကိုင်ထားသော စာအိတ်ကို ဖွင့်လို
သည်။

စာအိတ်ထဲမှာက ကံ့ကော်ပန်းခြောက်တွေ ထည့်ထားသည်

'ဟောဒီ စာအိတ်ထဲက ကံ့ကော်ပန်းခြောက်တွေကို မှတ်
လား ကိုရဲကျော်၊ လှိုင့်ကို ပထမဦးဆုံး ခူးပေးတဲ့ ကံ့ကော်ပန်းတွေ
နောက်တစ်ခါ ကိုရဲကျော်နဲ့တွေ့တော့ ကိုရဲကျော် ခူးပေးတဲ့ ကံ့ကော်
ပန်းပွင့်တွေလေ၊ လှိုင် သိမ်းထားတာ၊ ရော့… အမှတ်တရ ယူ

လှိုင်က ကံ့ကော်ပန်းခြောက်များ ထည့်ထားသော စာအိတ်
ကျွန်တော့်အား လှမ်းပေးပါသည်၊

'ကျွန်တော် မယူပါရစေနဲ့ လှိုင်ရယ်၊ လှိုင်ဟာ ဒီပန်းခြော
ကို ကျွန်တော် ပေးမယ်၊ ကျွန်တော်က လှိုင့်ကို သတိရလို့ လွမ်း
ဒါကို ထုတ်ကြည့်တဲ့အချိန် လှိုင်က လှိုင့်မိသားစုနဲ့ ဘဝကို တည်
ဆောက်နေတဲ့အချိန် ဖြစ်နေ၊ ဒီအခါ ကျွန်တော့်စိတ်မှာ မရိုးမသား



စိတ်တွေ ဖြစ်လာခဲ့ရင် ကျွန်တော့်မှာ အပြစ်တွေ ရနေပါ့မယ်၊ တစ်ခါ
က ပြောသလိုပေါ့ လှိုင်ရယ်၊ လှိုင့်ကို အခုအချိန်ကစပြီး နှမလေး
တစ်ယောက်လို ဖြူဖြူစင်စင်စိတ်မျိုးပဲ ထားပါရစေ'

'ကိုရဲကျော်ရယ်… လှိုင်လေ ဒီစကားကြားရတာ ဝမ်းသာ
လိုက်တာ'

လှိုင့်မျက်ဝန်းအိမ်ထဲက မျက်ရည်တွေက ပါးပြင်ပေါ် စီးကျ
လာပါသည်။

သေချာပါသည်။ လှိုင်ကျသော မျက်ရည်တို့သည် ကြည်နူး
မှုကို မြစ်ဖျားခံပြီး ကျလာသော မျက်ရည်တို့သာ ဖြစ်ပါလိမ့်မည်။

'နယ်ကို ဘယ်နေ့ပြန်မှာလဲ လှိုင်'

'နက်ဖြန် ပြန်မယ်၊ လာမယ့်နှစ်ကျမှ လှိုင်တို့ ပြန်တွေ့ကြ
ယ်နော်'

လှိုင်ကမူ ထိုင်ရာမှ ထလိုက်ရင်း ကံ့ကော်ပင်များဆီသို့
မော့ကြည့်ပြန်ပါသည်။

'ကိုရဲကျော်… လှိုင့်ကို ပန်းမခူးပေးတော့ဘူးလား'

'ဒီအချိန် ကံ့ကော်ပန်းမှ မပွင့်တာ'

ကျွန်တော်က ကံ့ကော်ပင်များဆီသို့ ကြည့်တော့ ကံ့ကော်ဖူး
အချို့ကို တွေ့ရသည်။

'နေဦး… လှိုင် ကံ့ကော်ဖူးတွေတော့ ရှိတယ်'

ကျွန်တော်က ခုံတန်းလျားပေါ်ကနေ မတ်တတ်ရပ်ပြီး
ကံ့ကော်ဖူးအချို့ကို ခူးလိုက်သည်။

'ပန်းဖြစ်လာမယ့် ကံ့ကော်ဖူးလေးတွေကိုပဲ လှိုင့်ကို ခူးပေး
နိုင်တော့တယ်'

www.burmeseclassic.com

www.burmeseclassic.com



'ဒါဆို ကိုရဲကျော်ကိုယ်တိုင် လှိုင့်ကို ပန်ပေး'

'အစ်ကိုတစ်ယောက်က ကိုယ့်နှမလေးကို ပန်းပန်ပေးသလို မျိုးပဲ ပန်ပေးမယ်နော်'

လှိုင်က ကျွန်တော် ပန်ဆင်ပေးသော ကံ့ကော်ဖူးတွေကို မြတ်မြတ်နိုးနိုး ပန်ဆင်ဖို့ ခေါင်းကိုစောင်းပေးပြီး ဆံပင်တွေကို လက်နှင့်သပ်ပေးသည်။ ကံ့ကော်ဖူးတွေကို ပန်ဆင်ထားသော လှိုင်သည် အတော့်ကို လှနေပါသည်။

'ကဲ... ကိုရဲကျော် သွားမယ်နော်၊ လှိုင့်ကို လိုက်မပို့နဲ့တော့ ရှေ့နှစ်ဆို ရန်ကုန်တက္ကသိုလ်စိန်ရတုပဲ၊ လှိုင်တို့ ပျော်ပျော်ပါးပါး ဆင်နွှဲကြတာပေါ့'

ကျွန်တော့်ရှေ့မှ လှိုင် ထွက်သွားတာကို ကျွန်တော် ကြည့်နေမိပါသည်။

ပြီးတော့ ကျွန်တော် ထိုင်ရာမှ ထရင်း သစ်ပုပ်ပင်ကြီးကို လှမ်းကြည့်လိုက်သည်။

သစ်ပုပ်ပင်ကြီးက ဒါမျိုးဇာတ်လမ်းတွေက ငါ့အဖို့ ရိုးနေပြီလို့ ငါ မင်းတို့နှစ်ယောက် ကိစ္စကို ဘာမှဝင်မပြောဘဲ နေတာပေါ့ကွ ဆိုသလိုမျိုး ရှိလို့နေပါသည်။

ကံ့ကော်တောအုပ်ကတော့ ကျွန်တော့်အလွမ်းကို တိတ်ဆိတ်စွာ ခံစားပေးလို့ နေပါသည်။

ထိုနေ့က ကျွန်တော်သည် ထိုခုံတန်းလျားလေးမှာ ညနေထိ ကျွန်တော့်အလွမ်းကို ကျွန်တော် တစ်ယောက်တည်း ပြန်စားသုံးခဲ့ပါသည်။



နယ်တွင် ရောက်ရှိနေသော ကျွန်တော်ထံသို့ သတင်းရောက်လာပါသည်။ ကျွန်တော်တို့ သူငယ်ချင်းများအားလုံး စာမေးပွဲအောင်သည်ဟု သိရပါသည်။

တစ်ဆက်တည်းဆိုသလို လှိုင်လည်း စာမေးပွဲအောင်ကြောင်း ကြားသိရပါသည်။

နောက်ဆက်တွဲ သိရသည့် သတင်းကတော့ လှိုင်နှင့် စေ့စပ်ထားသူက လှိုင့်ကို ကျောင်းပြီးသည်အထိ မစောင့်နိုင်ဘဲ လက်ထပ်လိုက်သည်ဆိုသော သတင်းဖြစ်ပါသည်။

လာမည့်နှစ်တွင် စတုတ္ထနှစ်အဖြစ် ကျောင်းလာတက်မည့် ကျွန်တော့်ကို ရန်ကုန်တက္ကသိုလ်ကြီးက ပြုံးပြုံးကြီး ကြိုနေဦးမည်က အမှန်ပင် ဖြစ်ပါတော့သည်။

ပဥ္စမံဒီရိုင်း

BURMESE CLASSIC .com

www.burmeseclassic.com